www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ
(၈၅) ၁၆၄–လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း – ၇၂၆၆၂၄

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချို

# ကာမင်း

မောင်ထွန်းသူ

# C A R M E N

**PROSPER MERIMEE**

၂၀၀၃ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက် | ၆၆၂/၂၀၀၃ (၅) |
| မျက်နှာဖုံးခွင့်ပြုချက် | ၈၇၆/၂၀၀၃ (၈) |

| | |
|---|---|
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ် ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | အောက်တိုဘာလ၊ ၂၀၀၃ |
| တန်ဖိုး | ၄၅၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြန်သူ၏ အမှာ

## ၁

ကျွန်တော်နှင့် ရင်းနှီးခင်မင်နေသော လမ်းဘေးစာအုပ်ရောင်းသမားတစ်ဦးက ကျွန်တော့်အား လူချင်းဆုံမိတိုင်း 'ဆရာပြန်ခဲ့ဖူးတဲ့ ကင်မီလီလို ဝတ္ထုမျိုး တစ်ပုဒ်လောက် လုပ်ပါဦးလား ဆရာရယ်'ဟု တိုက်တွန်းခဲ့သည်။ သူတိုက်တွန်းပုံမှာ ပေါ့တီပေါ့တန် မဟုတ်၊ အလွန်အလေးအနက်ထားပြီး တိုက်တွန်းခြင်းမျိုး ဖြစ်သည်။ တိုက်တွန်းဖန် များလာတော့လည်း သူ့စေတနာကို လေးစားသောအားဖြင့် ကင်မီလီလို ဝတ္ထုမျိုးကို ကျွန်တော် ရှာဖွေခဲ့သည်။ ဤသို့ဖြင့် ကျွန်တော်သည် 'ကာမင်း'နှင့် ဆုံမိရပါသည်။

ကာမင်းသည် ဂျစ်ပစီမလေးတစ်ဦး ဖြစ်သည်။ အများအားဖြင့် ဂျစ်ပစီမများသည် အကျည်းတန်သည်။ အရုပ်ဆိုးသည်။ လှပြီဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူမတူအောင် လှတတ်သည်ဟု အဆိုရှိသည်။ ကာမင်းသည် အလွန်လှ အလွန်ချောသော ဂျစ်ပစီမလေးတစ်ယောက် ဖြစ်၏။ သူ့အလှသည် သာမန်အလှမျိုး မဟုတ်။ မြင်သူများ အံ့သြလောက်အောင် ထူးထူးခြားခြား လှခြင်းဖြစ်သည်။ နောက်ချေးပုံမှ ထွက်လာသည့် ကြာပွင့်တစ်ပွင့်သဖွယ် ကျက်သရေရှိသော အလှပိုင်ရှင်တစ်ဦး ဖြစ်၏။ သို့သော်လည်း ကာမင်းသည် သူ့အလှကို တန်ဖိုးမထား။ ဂျစ်ပစီမတစ်ယောက်ပီပီ ကာမင်းသည် အလွန်လည်သည်။ ပရိယာယ်မာယာ အလွန်များသည်။ စံတင်ရလောက်အောင် လိမ်တတ် ညာတတ်သည်။ ပြီးတော့ ခိုးတတ်ဝှက်တတ်သည်။ သူမြတ်နိုးသော ပစ္စည်းတစ်ခုကို လုယူရမည်ဆိုလျှင်လည်း ဦးလေးသူ မဟုတ်။ လူ့အသက် တစ်ချောင်းကိုပင်လျှင် သတ်ရဲဖြတ်ရဲသော စိတ်ရှိသည်။ အတိုချုပ်၍ ပြောရလျှင် ကာမင်းသည် မကောင်းမှု ဒုစရိုက်တွင် သာယာမွေ့လျော်သူဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ လူသားတစ်ဦးဖြစ်သော ကာမင်းသည် အခြားလူများကဲ့သို့ပင် ချစ်တတ်သော စိတ်ရှိသည်။ သို့သော်လည်း သူ့အချစ်မှာ တစ်မျိုးဖြစ်သည်။ ဘယ်တော့မှ တည်တံ့ခိုင်မြဲခြင်း မရှိ။ လျှပ်တစ်ပြက်မျှသာ တည်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အချစ်မျိုး ဖြစ်သည်။ သံယောဇဉ်ကင်းသော အချစ်မျိုး ဖြစ်သည်။ တစ်ဖက်လူ၏ ပိုင်ဆိုင်ရယူလိုမှုကို လုံးဝ အလေးမထား နားမလည်သော အချစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့်လည်း သူ၏ အလှကွန်ရက်တွင် တိုးဝင်ငြိတွယ်မိသူ မှန်သမျှ ဘဝပျက်ကြရသည်။ ဤကြားထဲမှာပင် ကာမင်း၏ ချစ်စရာ ခင်စရာကောင်းသော၊ သနားစရာ ကောင်းသော၊ နှစ်လိုဖွယ်ရာ ကောင်းသော အကျင့်စရိုက်ကလေးများကို ဖျိုးခနဲ ဖျတ်ခနဲ မြင်တွေ့ရပါသည်။ ဤတွင်ကာမင်းကို မြန်မာပြန် ဖြစ်ခဲ့ရပါသည်။

## ၂

ကာမင်းကို ဖန်တီးခဲ့သူမှာ ပြင်သစ်စာရေးဆရာ ပရော့စ်ပါးမာရီမီး[1] ဖြစ်သည်။ ထင်ရှားထူးခြားခြင်း မရှိသော ပန်းချီဆရာ လီယိုနာမာရီမီး[2]၏ သားဖြစ်၍ ၁၈၀၃ ခုနှစ်တွင် ပါရီမြို့၌ မွေးဖွားသည်။ ရှေ့နေလုပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဥပဒေပညာကို သင်ယူခဲ့သော်လည်း ငယ်စဉ်ကတည်းက ကိန်းအောင်းခဲ့သည့် စာပေဝါသနာကြောင့် သူတတ်ထားသည့် ပညာကို အသုံးမချနိုင်ခဲ့ပေ။ သူ၏ စာပေခရီးအစမှာလည်း

1.Prosper Merimee
2.Leonor Merimee



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုများစွာ မရခဲ့ပေ။ ပြဇာတ်များ၊ ဝတ္ထုတိုများနှင့် နိုဗီလာ[1]ခေါ် အလတ်စား ဝတ္ထုများ ရေးသားထုတ်ဝေခဲ့သော်လည်း အထိုက်အလျောက်မျှသာ ကျော်ကြားထင်ရှားခဲ့လေသည်။

ပရော့စ်ပါး မာရီမီးကို လူသိများလာစေခဲ့သည့် ဝတ္ထုမှာ ၁၈၄၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကိုလမ်ဘာ[2] ဝတ္ထုဖြစ်သည်။ ကိုလမ်ဘာသည် ကော်ဆီကန်ကျွန်းသူ အမျိုးသမီးတစ်ဦး၏ အမည်ဖြစ်၍ ယင်းအမျိုးသမီး၏ သစ္စာကြီးမှုကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ ကိုလမ်ဘာဖြင့် ကျော်ကြားလာခဲ့သော မာရီမီးသည် ၁၈၄၅ ခုနှစ်တွင် ကာမင်းကို ရေးသားထုတ်ဝေခဲ့သည်။ ကာမင်းသည် ပြင်သစ်စာပေလောက၌သာမက ကမ္ဘာ့စာပေလောကအတွင်း၌ပါ လူကြိုက်များသော ဝတ္ထုဖြစ်လာခဲ့သည်။ စာပေပညာရှင်များကလည်း ကာမင်းကိုဖတ်၍ ကာမင်းကို ဖန်တီးခဲ့သူ ပရော့စ်ပါးမာရီမီးအား ချီးကျူးခဲ့ကြသည်။ ဤသို့ဖြင့် ပရော့စ်ပါးမာရီမီးသည် ကမ္ဘာသိစာရေးဆရာတစ်ဦး ဖြစ်လာခဲ့ရလေသည်။

ကာမင်းနှင့်ပတ်သက်၍ မာရီမီးက သူရှေးဟောင်းသမိုင်း သုတေသနလုပ်ငန်းဖြင့် ကော်ဆီကာကျွန်းသို့ ခရီးထွက်ခဲ့သည့် ၁၈၃၉ ခုနှစ်

1. Noveila 2. Colomba

www.burmeseclassic.com



အတွင်းက တွေ့ဖူးခဲ့သော အမျိုးသမီး တစ်ယောက်၏ ဘဝကို အခြေခံ၍ ရေးဖွဲ့ထားသည့် ဝတ္ထုဖြစ်ပါသည်ဟု ဆိုသည်။ ထို့ပြင်လည်း ကာမင်းနှင့် ပတ်သက်၍ သူ၏ အမျိုးသမီး မိတ်ဆွေ မဒမ်ဒီမွန်တီဂျို[1]ထံ ရေးသည့် စာတစ်စောင်ထဲ၌–

'ကျွန်တော် အခုလောလောဆယ် ဝတ္ထုတစ်ပုဒ် ရေးပြီးသွားပြီ။ ဒါပေမဲ့ သွားလေသူ ဒွန်ပက်ဒရို[2] အကြောင်းတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ခင်ဗျား ကျွန်တော့်ကို ပြောပြခဲ့ဖူးတဲ့ ဇာတ်လမ်းပါ။ ကျွန်တော့်ကြောင့် ဇာတ်လမ်းပျက်သွားမှာကိုတော့ ကျွန်တော် စိုးရိမ်နေမိပါတယ်။ ကျွန်တော်က ဂျစ်ပစီတွေအကြောင်း စိတ်ဝင်တစား လေ့လာနေတဲ့ လူဆိုတော့ ကျွန်တော့်ဝတ္ထုရဲ့ ဇာတ်ကောင်မင်းသမီးကို ဂျစ်ပစီမလေးတစ်ယောက်အဖြစ် ဖန်တီးလိုက်ပါတယ်'ဟု ဖော်ပြခဲ့သည်။

ယင်းအချက်သည် အလွန်စိတ်ဝင်စားစရာကောင်းသည့် အချက်တစ်ချက် ဖြစ်နေသည်။ ကာမင်းသည် အမှန်တကယ်ပင် ဂျစ်ပစီမလေးတစ်ယောက် ဖြစ်လေသလား။ သို့တည်းမဟုတ် ဂျစ်ပစီမလေးအသွင် ဖန်ဆင်းရယူထားသည့် ကော်ဆီကန် ကျွန်းသူတစ်ဦးပေလော။ ဤ

---

1. Madame de Montijo 2.Don Pedro



www.burmeseclassic.com

www.burmeseclassic.com



အချက်သည် ဒွိဟဖြစ်စရာ အချက်တစ်ချက် ဖြစ်လာသည်။ မည်သို့ပင်ဖြစ်စေ စာရေးဆရာ ဟူသည် သူမြင်ခဲ့တွေ့ခဲ့ သိခဲ့ကြားခဲ့ရသမျှ အားလုံးပေါ်တွင် ဉာဏ်ဖြင့် ဆင်ခြင်နှလုံးသွင်း တတ်သော သဘောရှိသည်။ ယင်းကဲ့သို့ ဉာဏ် ဖြင့် ဆင်ခြင်နှလုံးသွင်းပြီးခါမှာ သူစိတ်စေစား သည့်အတိုင်း ရေးဖွဲ့ဖန်တီးတတ်သော အနုပညာ ရှင်ဖြစ်သည်ဟူသော အဆိုကိုမူ ဤအချက်က ထောက်ခံလျက် ရှိပေသည်။

## ၃

ကာမင်းသည် ကင်မီလီကဲ့သို့ ကမ္ဘာ့စာပေ လောကမှ စံပြုထားသည့် ဂန္ထဝင်ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ကင်မီလီကဲ့သို့ပင် အောက်တန်းစား အမျိုးသမီးတစ်ယောက်၏ ဘဝကို ရေးဖွဲ့ထား သော ဝတ္ထုဖြစ်သည်။ ကင်မီလီကဲ့သို့ပင် အော် ပရာဇာတ်အသွင် ဖန်တီးတင်ပြခဲ့ရာ အလွန် ကျော်ကြား၍ လူကြိုက်များသော ဇာတ်တစ်ခု ဖြစ်ခဲ့သည်။ စာပေပညာရှင် အချို့ကလည်း 'ကာမင်း အရင်က ဂျစ်ပစီများအကြောင်း ရေးဖွဲ့ ထားသည့် ဝတ္ထုများ အများအပြား ပေါ်ထွက် ခဲ့ဖူးသော်လည်း မည်သည့်ဝတ္ထုမှ ကာမင်းကို မမီ' ဟု ဆိုခဲ့ကြသည်။ သို့သော်လည်း ကာမင်း သည် ကင်မီလီလိုနို့ဗယ်[1]ဟုခေါ်သည့် ဝတ္ထု

1. Novel



www.burmeseclassic.com

www.burmeseclassic.com



ရှည် အမျိုးအစားမဟုတ်။ နိုဗယ်လ်လက်[1]ဟု ခေါ်သည့် အတိုစားဝတ္ထုမျိုး ဖြစ်ပေသည်။

တကယ်တော့ ကာမင်းသည် လွတ်လပ်မှုမှ တစ်ပါးအခြား ဘာကိုမှ တွယ်တာမြတ်နိုးသူ မဟုတ်။ သူ့ကိုယ်သူ 'ကာမင်းဟာ အမြဲတမ်း လွတ်လပ်နေမှာပါ'ဟုပင် ပြောခဲ့သူ ဖြစ်၏။ ထို့ကြောင့်လည်း သူခိုးမကလေးဘဝ၊ မိန်းမရှင်ဘဝနှင့် အလိမ်အညာမကလေးဘဝတွင် ကျင်လည် ကျက်စားခဲ့ရသော ကာမင်းသည် အမြင့်မြတ်ဆုံးနှင့် သနားစရာ အကောင်းဆုံးသော မိန်းမလှကလေးတစ်ဦးအဖြစ် ကမ္ဘာ့ခေတ်သစ်စာပေလောကတွင် ထင်ရှားနေခြင်း ဖြစ်သည်ဟု စာပေဝေဖန်ရေးဆရာများက ဆိုခဲ့ကြ ပါသည်။ စာဖတ်သူများအနေဖြင့် ကာမင်းကို ဖတ်ပြီးသည့်အခါ ထိုအဆို မှန်မမှန် ဝေဖန်ပိုင်းခြားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**မောင်ထွန်းသူ**

**၁၉၈၈ ခု၊ နိုဝင်ဘာလ ၁၃ ရက်။**



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁

မာဘဲလား၏ မြောက်ဘက်ခရီး ငါးမိုင်ခန့်အကွာ ယနေ့ခေတ် မွန်ဒါဟုခေါ်နေကြသော မြို့အနီးမှ ဘတ်စတူလီပိုနီတောပိုင်းဒေသအတွင်းရှိ မန်ဒါ ရှေးဟောင်း စစ်မြေပြင်ကို ရှာဖွေတွေ့ရှိခဲ့ကြသော ပထဝီဝင်ဆရာများသည် သူတို့၏ တွေ့ရှိချက်နှင့် ပတ်သက်၍ အမျိုးမျိုး အဖုံဖုံ ပြောဆိုခဲ့ကြ၏။ သို့သော်လည်း ယင်းပြောဆိုချက်များသည် ရေရေရာရာ ဂဃနဏမရှိဟု ကျွန်တော် သံသယ ဖြစ်နေမိပါ သည်။

အမည်မသိ စာရေးဆရာတစ်ဦး ရေးသားခဲ့သော 'ဘဲလမ်း ဟစ္စပဲနီယင့်စ်'စာအုပ်နှင့် အော့ဆူနာမြို့စား၏ အပြည့်စုံဆုံးသော စာကြည့်တိုက်မှ ဖတ်ရှုလေ့လာခဲ့ရသမျှ အချက်အလက် အနည်းငယ်တို့အပေါ် အခြေခံ၍ ကျွန်တော် တွေးယူခဲ့သည့်အတိုင်းဆိုလျှင် ရောမစစ်သူကြီး ဂျူးလီးယက်ဆီဇာနှင့် သူ၏ ပြိုင်ဘက်စစ်သူရဲကောင်းများ၏ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်ပွားခဲ့ရာ နေရာသည် မွန်တီလာ အနီးအနား တစ်ဝိုက်၌ တည်ရှိလိမ့်မည်ဟု ယုံကြည်မိသည်။

၁၈၃၀ ပြည့်နှစ် ဆောင်းဦးပေါက်ဝင်စ အချိန်ခန့်တွင် ကျွန်တော်သည် အင်ဒါလူဆီယာနယ်ထဲသို့ ရောက်သွားခဲ့သည်။ သွားခဲ့ရသည့် အကြောင်းရင်းမှာ ကျွန်တော့်ရင်ထဲ၌ ကျန်ရှိနေသေးသော ယုံမှားသံသယများကို ချေဖျက်ရန် ဖြစ်ပါသည်။ သို့မှသာလျှင် မကြာမီ ပုံနှိပ်တော့မည့် ကျွန်တော့်စာတမ်းတွင် ရိုးသားဖြောင့်မှန်သော ရှေးဟောင်းသုတေသန ပညာရှင်များ၌ ဖြစ်ပေါ်နေတတ်သည့် ဘဝင်မကျမှုများ ကင်းစင်လိမ့်မည်ဟု မျှော်လင့်ရပါ၏။

မည်သို့ပင်ဖြစ်စေ လောလောဆယ်တော့ဖြင့် ဥရောပတိုက်ရှိ ပညာရှင်များက စိတ်ဝင်စားနေသော ဤတည်နေရာ ပြဿနာကို ကျွန်တော့်ဘက်က တိတိကျကျ ရှင်းလင်းတင်ပြနိုင်မည့် အချိန်အထိတော့ စောင့်ဆိုင်းနေဖို့ လိုပါလိမ့်မည်။ ဤအတောအတွင်းတွင် ကျွန်တော့်အနေဖြင့် မန်ဒါ ရှေးဟောင်းစစ်မြေပြင် ဘယ်နေရာမှာ ရှိနေသည်ဟူသော စိတ်ဝင်စားဖွယ်ကောင်းသည့် ပြဿနာကို မတင်ပြလိုသေးပါ။ ယင်းပြဿနာနှင့် လုံးဝပတ်သက်ခြင်း မရှိသာ ဝတ္ထုလေးတစ်ပုဒ်ကိုသာ ပြောပြချင်ပါသည်။

ကျွန်တော် ကော်ဒိုဗားအရောက်တွင် လမ်းပြတစ်ယောက်နှင့် မြင်းနှစ်ကောင် ငှားလိုက်ပြီး ခရီးစထွက်သည်။ ဝန်စည်စလယ် ကြီးကြီးမားမားဆို၍ ဘာတစ်ခုမှ မယူခဲ့ပါ။ ဆီဇာအကြောင်း ရေးထားသည့် စာအုပ်တစ်အုပ်နှင့် ရှပ်အင်္ကျီအနည်းငယ်မျှသာ ယူခဲ့ပါသည်။ တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်တော်တို့သည် ကုန်းပိုင်းစပ်ကျကျ ကာချီနား ကွင်းပြင်ကို ဖြတ်သန်းသွားကြပါသည်။ နေကလည်း ခြစ်ခြစ်တောက်မျှ ပူပြင်းလျက် ရှိ၏။ ပူလွန်းသဖြင့် အာ ခေါင်များ ခြောက်ကာ တစ်ကိုယ်လုံး ပင်ပန်းနွမ်းရိလျက် ရှိသည်။ ပင်ပန်းလေ စိတ်တိုလေ ဖြစ်နေသော ကျွန်တော် သည် ဆီဇာနှင့် ပွန်ပေ၏သားများကို အားရပါးရပင် ကျိန်ဆဲနေမိသည်။

ထိုအခိုက်မှာပင် ကျွန်တော် သွားနေသော လမ်းနှင့် အတော်အသင့် အလှမ်းကွာသည့် နေရာတစ်နေရာ၌ ကျူပင် များ ဖုံးလွှမ်းလျက်ရှိသော မြက်ခင်းစိမ်းစိမ်း တစ်ကွက်ကို ဘွားခနဲ တွေ့လိုက်ရသည်။ ဤမြက်ခင်းစိမ်းစိမ်း မြေကွက် တစ်ကွက်ကို မြင်ရခြင်းအားဖြင့် ယင်း၏ အနီးအနား၌ စမ်းချောင်းတစ်ခု ရှိလိမ့်မည်ဟု ခန့်မှန်းမိ၏။ ကျွန်တော် ခန့်မှန်းထားသည့်အတိုင်း မှန်နေသည်ကို တွေ့ရပါသည်။

ကျွန်တော် စောစောက မြက်ခင်းပြင်ဟုထင်ခဲ့သော နေရာသည် ရွှံ့ဗွက်ထူသော ရေအိုင်တစ်အိုင် ဖြစ်နေသည်။ ကက်ဘရာတောင်တန်း၏ မြင့်မားသော တောင်စွယ်နှစ်ခု ကြားရှိ တောင်ကြားကျဉ်းကျဉ်း တစ်ခုဆီမှ ဆင်းသက်လာ ဟန်တူသည့် စမ်းချောင်းသည် ဤရေအိုင်ထဲသို့ စီးဝင်လျက် ရှိ၏။ အကယ်၍ ကျွန်တော် ဤလမ်းအတိုင်း လိုက်ကာ အမြင့်ပိုင်းဘက်သို့ တက်သွားမည်ဆိုပါက သန့်စင်သော ရေကို တွေ့ရလိမ့်မည် ထင်၏။ ကျွတ်များနှင့် ဖားများကို လည်း များများစားစား တွေ့ရမည် မထင်။ အဆင်သင့်ပါက နေခိုစရာကောင်းမည့် ကျောက်ဆောင် ကျောက်တုံးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် တွေ့နိုင်ဖွယ်ရာ ရှိလေသည်။

တောင်ကြားလမ်းအဝသို့ အရောက်တွင် ကျွန်တော့် မြင်းက တစ်ချက်မျှ ဟီလိုက်သည်။ ရှေ့ခပ်လှမ်းလှမ်း ကျွန်တော် မမြင်နိုင်သော နေရာတစ်နေရာမှ အခြား မြင်းတစ်ကောင်၏ ဟီသံကို ကျွန်တော် ကြားလိုက်ရ၏။ ရှေ့သို့ ကိုက်တစ်ရာ တစ်ရာကျော်ကျော်ခန့်ဆက်၍ သွားမိသောအခါတွင်မူ တောင်ကြားကို ဘွားခနဲ တွေ့လိုက်ရ၏။ အလယ်ကောင်တွင် မြေကွက်လပ်၊ ဘေးပတ်လည်တွင် ကျောက်ဆောင် ကျောက်တုံးကြီးများ။ အရိပ်အာဝါသ အလွန်ကောင်းသည့် နေရာပေတည်း။

ခရီးသည် တစ်ဦးအတွက် ဤနေရာထက် ပို၍ ကောင်းသော နားခိုစရာနေရာသည် ရှိနိုင်အံ့မထင်။ တည့်တည့်မတ်မတ်ကြီး ထောင်နေသော ကျောက်ဆောင်ကြီးများ၏ ခြေရင်းမှ တပွက်ပွက်ထ၍ ထွက်လာလျက်ရှိသော စမ်းချောင်းသည် ဘေးပတ်ပတ်လည်မှ ဖြူဖွေးသော သဲများ ဝိုင်းရံကာဆီးနေသည့် ရေကန်ကလေးတစ်ခု ဖြစ်နေသည်။

ကန်၏ ကမ်းပါးပတ်ပတ်လည်တွင်မူ ဝက်သစ်ချပင် ငါးပင် ခြောက်ပင်ခန့်သည် ယင်းတို့၏ အရွက်များဖြင့် ကန်ငယ်ကို အပေါ်မှ မိုးပေးထားသည်။ လေကွယ်နေသော်လည်း စမ်းချောင်းမှ အအေးဓာတ်ကို ရနေသဖြင့် အရွက်များသည် ဝေဝေဆာဆာ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်ကာ စိမ်းစိုလျက် ရှိ၏။

ရေကန်ငယ်၏ လေးဖက်လေးတန်မှ ဝိုင်းရံထား



www.burmeseclassic.com

www.burmeseclassic.com



သည့် စိမ်းလဲ့လဲ့ မြက်ခင်းပြင်သည် ဤအနီးအနား မိုင်သုံးဆယ် ပတ်ဝန်းကျင်ရှိ တည်းခိုစခန်းများတွင် တွေ့နိုင်သည့် အိပ်ရာထက် အဆပေါင်းများစွာသာသော သဘာဝ အိပ်ရာအိပ်ခင်းတစ်ခုကို ဖန်တီးပေးထားလေသည်။

ဤမျှလောက် နှစ်လိုဖွယ်ကောင်းသည့် နေရာကို တွေ့ရသော်လည်း ပိုင်ဆိုင်ခွင့်ကိုကား ကျွန်တော်မရနိုင်တော့ပါ။ မြက်ခင်းပြင်ပေါ်တွင် လူတစ်ယောက် လဲလျောင်းနေသည်။ ကျွန်တော် ရောက်သွားချိန်၌ သူသည် အိပ်ပျော်နေဟန် တူသည်။ မြင်းနှစ်ကောင် ဟီသံကြားခါမှ လန့်နိုးလာခြင်း ဖြစ်ဟန်တူ၏။

သူသည် လဲလျောင်းနေရာမှ ဖျတ်ခနဲ ထရပ်လိုက်ပြီး သူ့မြင်းဆီသို့ လျှောက်သွားသည်။ သူ့မြင်းသည် သူ့သခင် အိပ်ပျော်နေခိုက်တွင် အခွင့်ကောင်းယူကာ မြက်များကို အားရပါးရ ကိုက်ဝါး စားမျိုနေသည့် လက္ခဏာရှိသည်။ မြင်းရှင်မှာ လူငယ်တစ်ယောက်ဖြစ်၍ သန်မာထွားကျိုင်းသည်။ အရပ်က မနိမ့်မမြင့်။ ကိုယ်လုံးကိုယ်ထည်က ကြံ့ခိုင်တောင့်တင်းသည်။ မျက်နှာထားက တည်ငြိမ်ခံ့ညားသည်။ အသားအရေမှာ တစ်ချိန်က ဖြူခဲ့ဟန် တူသော်လည်း ယခုအခါတွင်မူ နေပူဒဏ်ကို အဆမတန် ခံထားရသဖြင့် နီညိုရောင်ပေါက်ကာ မည်းနေသည်။ သူ၏ လက်တစ်ဖက်သည် ပြောင်းဝကျယ်သည့် သေနတ်တိုတစ်လက်ကို ကိုင်ထားလေသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက သူ့လက်တွင်းမှ ပြောင်းတိုသေနတ်နှင့် ခက်ထန်တင်းမာသော မျက်နှာထား



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ပထမသော် ကျွန်တော် အံ့အားသင့်နေမိသည်။ သို့သော်လည်း ကျွန်တော် လာခဲ့သည့် လမ်းတစ်လျှောက်လုံး ဓားပြများအကြောင်းကို များစွာကြားလာခဲ့ရပြီး လက်တွေ့ကျတော့ တစ်ယောက်မှ မတွေ့ခဲ့ရသဖြင့် ဓားပြများ ရှိသည်ဟူသော စကားအပေါ်တွင် အယုံအကြည် ကင်းမဲ့နေပြီ ဖြစ်သည်။

ထို့ပြင်လည်း ကျွန်တော် လာခဲ့ရသည့် ခရီးတစ်လျှောက်တွင် သေနတ်ကိုင် လူရိုးလူကောင်း လယ်သမားအများအပြားကို တွေ့ခဲ့ရပြီးဖြစ်ရာ သေနတ်ကိုင် လူတစ်ယောက်ကို တွေ့တိုင်း လူဆိုးတစ်ယောက်ဟု စွပ်စွဲရန်အကြောင်းမလုံလောက်ဟု ထင်ပါသည်။ လက်နက်ကိုင်ထားသည့် လူစိမ်းတစ်ယောက်ကို မြင်ရုံမျှဖြင့် ထိုလူ၏ ဂုဏ်သိက္ခာအပေါ် သံသယ မဝင်သင့်ဟု ယူဆပါသည်။

'ဘာများ ကြောက်စရာ လိုသလဲ'ဟု ကိုယ့်ကိုယ်ကို စိတ်ထဲမှကျိတ်၍ ပြောမိသည်။ 'ငါ့မှာ ပါလာတဲ့ ရုပ်အင်္ကျီတွေနဲ့ အယ်လ်ဗီဗာရဲ့ စာအုပ်ဟာ သူ့အဖို့ ဘယ်လောက်များ မက်မောစရာရှိမှာလဲ' ကျွန်တော်က သေနတ်ကိုင် လူစိမ်းကို ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်လိုက်ပြီး 'ကျွန်တော်ရောက်လာလို့ ခင်ဗျား အိပ်ပျော်နေတာ အနှောင့်အယှက် ဖြစ်သွားသလား'ဟု ပြုံး၍ မေးလိုက်ပါသည်။

သူသည် ကျွန်တော့်အမေးကို မဖြေဘဲ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်၍ အကဲခတ်နေသည်။ ထို့နောက် ကျွန်တော်တို့ဆီလာနေသော ကျွန်တော့်လမ်းပြကို စေ့စေ့



www.burmeseclassic.com

www.burmeseclassic.com



စပ်စပ် ကြည့်နေပြန်သည်။ လမ်းပြ၏ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကို ကျွန်တော် မြင်လိုက်သည်။ အလွန် ကြောက်လန့်စိတ်ဖြင့် တန့်ခနဲဖြစ်သွားသည့် သူ့အမူအရာကိုလည်း ကျွန်တော် သတိထားလိုက်မိ၏။ 'ကံမကောင်း အကြောင်းမလှမယ့် တွေ့ဆုံမှုတစ်ခုပါလား' စိတ်ထဲက ကျိတ်၍ မှတ်ချက်ချမိသည်။ သို့သော်လည်း ဆင်ခြင်တုံတရားက ထိတ်လန့်ကြောက်ရွံ့မှုကို မဖော်ပြရန် ကျွန်တော့်အား ချက်ချင်း သတိပေးသည်။

ကျွန်တော်သည် မြင်းပေါ်မှ ဆင်းလိုက်ပြီး မြင်းဇက်ကြိုးများကို ဖြေထားလိုက်ရန် လမ်းပြအား လှမ်းပြောလိုက်သည်။ ကျွန်တော်ကိုယ်တိုင်ကတော့ စမ်းချောင်းဘေး၌ ဒူးထောက်၍ ထိုင်လိုက်ကာ ခေါင်းနှင့် လက်နှစ်ဖက်ကို ရေထဲသို့ နှစ်လိုက်သည်။ ထို့နောက် အလျားမှောက်လိုက်ပြီး ရေကို တဝကြီး သောက်လိုက်ပါသည်။

ဤအတောအတွင်း ကျွန်တော်သည် ကျွန်တော့် လမ်းပြနှင့် လူစိမ်းတို့၏ အခြေအနေကို မသိမသာ အကဲခတ်သည်။ လမ်းပြသည် အလွန်အမင်း ကြောက်ရွံ့ကာ တွန့်ဆုတ်ဆုတ် ဖြစ်လျက်ရှိ၏။ လူစိမ်းကတော့ သူ့လို မဟုတ်ပါ။ ကျွန်တော်တို့ အပေါ်တွင် မကောင်းသည့် စိတ်စေတနာမျိုး ထားဟန်မတူပါ။ သူသည် သူ့မြင်းဇက်ကြိုးကို ကိုင်ထားရာမှ ပြန်လွှတ်လိုက်ပြီး စောစောက ကျွန်တော်တို့အား ချိန်ထားသည့် သေနတ်ကိုလည်း ပြောင်းအောက်စိုက်၍ ကိုင်ထားသည်။

ကျွန်တော့်ကို သိပ်ပြီး အရေးတယူ မပြုသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော့်ဘက်က သူ့အပေါ် အပြစ်မမြင်သင့်ဟု ထင်သည်။ ကျွန်တော်သည် အေးအေးဆေးဆေးပင် မြက်ခင်းပြင်ပေါ် လှဲချလိုက်ပြီး သူ့တွင် မီးခတ်ဘူး ပါမပါ သေနတ်နှင့် လူကို မေးလိုက်ပါသည်။ တစ်ချိန်တည်းမှာပင် ကျွန်တော်သည် ဆေးပြင်းလိပ်ဘူးကို ထုတ်လိုက်ပါသည်။ လူစိမ်းသည် စကားတစ်ခွန်းမှပြန်မပြောဘဲ သူ့အိတ်ထဲ လက်နှိုက်၍ ရှာဖွေနေပြီး မီးခတ်ဘူးကိုထုတ်၍ ကျွန်တော့် ဆေးလိပ်ကို မီးညှိပေးသည်။ သူသည် သေနတ်ကို လက်မှ မချသေးသော်လည်း ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်ကို မြင်ရခြင်းအားဖြင့် တင်းမာမှု လျော့နည်းသွားသည်မှာ ထင်ရှားလျက် ရှိ၏။

ကျွန်တော့် ဆေးလိပ်မီးညှိပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က ဘူးထဲရှိ လက်ကျန်ဆေးလိပ်ထဲမှ အကောင်းဆုံး တစ်လိပ်ကို ရွေးထုတ်လိုက်ပြီး 'ဆေးလိပ်သောက်တတ်ပါသလား'ဟု မေးကာ သူ့ကို လှမ်းပေးသည်။

'သောက်တတ်ပါတယ် ဆီညော်'ဟု သူက ပြန်ပြော သည်။

ဤစကားလုံးများသည် သူ ကျွန်တော့်ကို ပထမဆုံး ပြောလိုက်သည့် စကားဖြစ်သည်။ သူ့စကားပြောပုံ လေယူလေသိမ်းနှင့် အသံထွက်ပုံများမှာ အင်ဒါလူဆီယန်နယ်သား တစ်ဦးနှင့် မတူသည်ကို ကျွန်တော် သတိထားလိုက်မိ၏။ သူသည် ဤနယ်သား ဟုတ်ပုံမရ။ ကျွန်တော့်လိုပင် ခရီးသွားတစ်ဦး ဖြစ်ရမည်။ သို့သော်လည်း ကျွန်တော့်လို ရှေးဟောင်း သုတေသီတစ်ဦးတော့ မဖြစ်နိုင်ဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တွက်သည်။

'အင်မတန်ကို အရသာထူးတဲ့ ဆေးလိပ်ပါ။ ခင်ဗျား သောက်ကြည့်စမ်းပါ'ဟု ပြောကာ နာမည်ကြီး ဟဗားနား ဆေးလိပ်တစ်လိပ်ကို ကျွန်တော်က သူ့လက်ထဲသို့ ထည့်ပေးသည်။

သူက ကျွန်တော့်ဘက်သို့ ဦးခေါင်းကို တစ်ချက်မျှ ညွှတ်လိုက်ပြီး ဆေးလိပ်ကိုယူ၍ ကျွန်တော့်ဆေးလိပ်နှင့်ပင် မီးတို့သည်။ ပြီးတော့ဦးခေါင်းကို နောက်တစ်ချက် ထပ်၍ ညွှတ်ကာ ကျေးဇူးတင်ကြောင်း ဖော်ပြသည်။ ထို့နောက် ဆေးပြင်းလိပ်ကို အရသာခံ၍ သောက်နေသည်။

'အား'သူသည် ဆေးပြင်းလိပ် မီးခိုးများကို ပါးစပ်နှင့် နှာခေါင်းပေါက်များမှ မှုတ်ထုတ်လိုက်ပြီး ရေရွတ်လိုက်သည်။ 'ကျွန်တော် ဆေးလိပ်မသောက်ရတာ အတော့်ကို ကြာပြီ'

စပိန်နိုင်ငံတွင် ဆေးလိပ်တစ်လိပ် တည်ခြင်းနှင့် လက်ခံခြင်းတို့သည် လူတစ်ဦးနှင့် တစ်ဦးကြားတွင် ဧည့်ဝတ်ကျေပွန်မှုကို အခြေခံသော ဆက်ဆံရေးတစ်ရပ် တည်ဆောက်ပြီးပြီဟု ဖော်ပြခြင်း ဖြစ်သည်။ ဥရောပ အရှေ့ပိုင်းဒေသများတွင် ပေါင်မုန့်နှင့်ဆားကို ဝေမျှစားသုံးသည့် သဘောနှင့် အတူတူပင် ဖြစ်သည်။

ကျွန်တော့်အဖော်သည် ကျွန်တော် မျှော်လင့်ထားသည်ထက်ပင် ပို၍ စကားများသည်ကို တွေ့ရသည်။ သူက သူ့ကိုယ်သူ မွန်တီလာနယ်သားတစ်ဦး ဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း သူ့ပုံပန်း လက္ခဏာကတော့



www.burmeseclassic.com

ထိုနယ်သားနှင့် သိပ်ပြီး မတူလှ။ သူသည် အခု ကျွန်တော်တို့ ထိုင်နေကြသည့် တောင်ကြား၏ နာမည်ကိုပင် မသိ။ ဤအနီးအနား ဒေသအတွင်းမှ ရွာတစ်ရွာ၏ အမည်ကိုလည်း ပြောမပြနိုင်။

နောက်ဆုံးတွင် ကျွန်တော်က ဤပတ်ဝန်းကျင်တစ်ဝိုက်တွင် ပြိုပျက်ကျနေသည့် နံရံတံတိုင်းများ၊ ပြိုပျက်ကျနေသည့် အုတ်စအုတ်နများ၊ ပန်းပုထုထားသည့် ကျောက်တုံး ကျောက်စများ မြင်မိပါသလား မေးကြည့်သည်။ ထိုအခါကျတော့လည်း သူက ယင်းကဲ့သို့သော အရာဝတ္ထုများကို သူလုံးဝစိတ်မဝင်စားခဲ့သဖြင့် မသိဟုပင် ဝန်ခံသည်။

သို့သော် မြင်းများအကြောင်းကျတော့ သူပိုင်ပိုင်နိုင်နိုင် နားလည်သည့် သဘောကို ဖော်ပြသည်။ သူက ကျွန်တော့်မြင်းကို ဝေဖန်ပြသည်။ ယင်းဝေဖန်မှုမျိုးလောက်ကတော့ သိပ်ပြီး မခက်လှဟု ထင်ပါသည်။ ထို့နောက် သူ့မြင်းသည် နာမည်ကြီး ကော်ဒိုဗားမျိုး ဖြစ်သည်ဟု ပြောသည်။ သူ့မြင်းမှာ အလွန်ထူးခြားကြောင်း၊ အလွန်ဖွဲ့ကောင်းပြီး ခံနိုင်ရည်ရှိကြောင်း၊ တစ်ခါက သူ့မြင်းသည် ကဆုန်စိုင်း၍ တစ်မျိုး၊ အသားကျပြေး၍ တစ်နည်းဖြင့် တစ်နေ့တည်း ခရီးလီ*သုံးဆယ်နှုန်း ပေါက်အောင် သွားခဲ့ဖူးကြောင်း စသည်စသည်ဖြင့်လည်း သူ့မြင်းကို ချီးမွမ်းခန်းဖွင့်သည်။ ဤကဲ့သို့ အားရပါးရ ပြောပြနေရင်းက သူသည် စကားကို ရုတ်တရက်ဖြတ်ကာ ရပ်ထားလိုက်သည်။

* ရှေးခေတ်သုံး ခရီးအကွာအဝေးတိုင်းတာချက် (ယခုခေတ် အသုံး သုံးမိုင် သို့မဟုတ် ၄.၈ ကီလိုမီတာနှင့် ညီမျှသည်)



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်ပြောထိုက်သည်ထက် ပို၍ ပြောမိသွားလေသလား ဟု သူ့ကိုယ်သူ သံသယဝင်ကာ စိုးရိမ်ပူပန်သွားပုံ ရ၏။

'ကဲ ...ကျွန်တော်သွားဦးမှ ဖြစ်မယ်'ဟု စိတ်အနှောင့် အယှက် ဖြစ်နေသည့် မျက်နှာထားဖြင့် ပြောသည်။ 'ကော်ဒိုဗားကို အချိန်မီ မရောက်လို့ မဖြစ်ဘူး၊ အမှုတစ်မှုနဲ့ ပတ်သက်ပြီး တရားသူကြီးတွေနဲ့ တွေ့စရာကိစ္စ ရှိနေတယ်' ထိုစကားကို ပြောနေရင်းကပင်သူသည် ကျွန်တော်၏ လမ်းပြ အင်တိုနီယိုကို လှမ်းကြည့်သည်။ ကျွန်တော့် လူကတော့ မျက်လွှာများကို ချထားလေသည်။

သာယာအေးမြသော အရိပ်အာဝါသနှင့် စမ်းချောင်း ငယ်တို့ကြောင့် အမောပြေသွားပြီဖြစ်သော ကျွန်တော်သည် အစာစားဖို့ သတိရလာသည်။ မွန်တီလာမြို့မှ မိတ်ဆွေများ က လုပ်ပေးလိုက်သော ဝက်ပေါင်ကျပ်တင်ခြောက် ညှပ် ထားသည့် ပေါင်မုန့်များကို ကျွန်တော့်လမ်းပြ၏ မြင်းကုန်း နှီးအိတ်ထဲ၌ ထည့်၍ ယူလာခဲ့သည် မဟုတ်ပါလား။

ကျွန်တော်က ပေါင်မုန့်များကို ယူခိုင်းပြီး အခုမှ တွေ့ကြရသည့် လူစိမ်းမိတ်ဆွေကိုပါ ဖိတ်ခေါ်လိုက်သည်။ သူဆေးလိပ်မသောက်ရသည်မှာ ကြာပြီဟု စောစောက ပြောထား၏။ သို့ဆိုလျှင် အစာမစားရသည်မှာလည်း အနည်းဆုံး လေးဆယ့်ရှစ်နာရီလောက်တော့ ရှိလိမ့်မည်ဟု ထင်သည်။ သူသည် ပေါင်မုန့်များကို အစာငတ်နေသည့် ဝံပုလွေတစ်ကောင်သဖွယ် အငမ်းမရ စားသည်။ ကျွန်တော် တို့ ဆုံမိကြခြင်းသည် သူ့အတွက်ကတော့ ကံကောင်း သည်ဟု ကျွန်တော် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် လမ်းပြကတော့ နည်းနည်းပါးပါးသာ စားသည်။ စကားလည်း လုံးဝမပြော။ တကယ်တော့ ကျွန်တော့်လမ်းပြသည် ဘယ်သူနှင့်မှ နှိုင်းယှဉ်၍ မရနိုင်လောက်အောင် စကားများသူ ဖြစ်၏။ အခုကျတော့လည်း ကျွန်တော်တို့ ဧည့်သည်ကြောင့် သူ့မှာ စိတ်အနှောင့်အယှက်များစွာ ဖြစ်ပုံရသည်။ ရေငုံနှုတ်ပိတ်လုပ်ကာ မကြည်မလင် ဖြစ်လျက်ရှိ၏။ သူနှင့် ဧည့်သည်အကြားတွင် မယုံသင်္ကာဖြစ်မှုတစ်ခု တည်ရှိနေပုံပေါ်သည်။ ဘယ်လို မယုံသင်္ကာမှုမျိုးဆိုတာကိုတော့ ကျွန်တော် တွေး၍မရပါ။

ပေါင်မုန့်များ ကုန်သွားသည့်အခါ နှစ်ယောက်သား ဆေးပြင်းလိပ် တစ်ယောက် တစ်လိပ်စီ ထပ်၍ညှိကာ ဖွာကြပြန်သည်။ ကျွန်တော်က လမ်းပြအား မြင်းကုန်းနှီးများ ပြန်တင်ခိုင်းသည်။ ကျွန်တော့်ဘက်မှ မိတ်ဆွေသစ်နှင့် ခွဲခွာသွားရန် အသင့်ဖြစ်နေချိန်တွင် သူက ယနေ့တစ်ည ဘယ်မှာ တည်းခိုဖို့ စီစဉ်ထားပါသလဲဟု မေးသည်။

ကျွန်တော့်လမ်းပြက မျက်နှာရိပ် မျက်နှာကဲပြ၍ မပြောရန် တားနေသည်ကို မမြင်။ ကျွန်တော် ယနေ့ည ကူရာပိုမြို့မှ ထမင်းဆိုင်တစ်ဆိုင်တွင် တည်းဖို့ စိတ်ကူးထားကြောင်း ပြန်ဖြေလိုက်မိသည်။

'နေရာကတော့ ခင်ဗျားလို ပုဂ္ဂိုလ်တစ်ယောက်အတွက် အညံ့စားနေရာ တစ်နေရာပဲ ဆီညော်၊ ကျွန်တော်လည်း အဲဒီကို သွားမှာဆိုတော့ တကယ်လို့ ခင်ဗျားသဘောတူမယ်ဆိုရင် ကျွန်တော်တို့ အတူတူ သွားကြရအောင်လား'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်' ကျွန်တော်က မြင်းပေါ်တက်နေရာမှ လှမ်းပြော၏။

ကျွန်တော့်မြင်း၏ ခြေနင်းကွင်းကို ကိုင်ပေးထားသော လမ်းပြက မျက်လုံးများဖြင့် ကြည့်၍ အချက်ပြပြန်သည်။ ကျွန်တော်က ပခုံးများကို တွန့်ပြလိုက်ခြင်းအားဖြင့် ငါတော့ စိတ်မပူဘူးကွာဟု အဖြေပေးလိုက်သည်။ ထို့နောက် ကျွန်တော်တို့ ခရီးဆက်ခဲ့ကြလေသည်။

လမ်းပြ အင်တိုနီယို၏ အရိပ်အကဲပြမှုများ၊ စိတ်မသာမယာ ဖြစ်မှုများနှင့် လူစိမ်းပြောသွားသည့် စကားများကို ခြုံ၍ ကျွန်တော် ဆင်ခြင်ကြည့်သည်။ သူကိုယ်တိုင်သူ့မြင်းနှင့် လီသုံးဆယ်နှုန်း ခရီးနှင်ခဲ့ဖူးကြောင်း ပြောပြခဲ့၏။ ထိုခရီးကို ဘာကြောင့် ဘယ်လိုသွားရသည်ကိုမူ အရိပ်အငွေ့မျှပင် မပြော။ ဤအချက်များသည် ကျွန်တော့်ခရီးသွားအဖော်နှင့် ပတ်သက်၍ စဉ်းစားစရာကောင်းသည့် အချက်များ ဖြစ်၏။

ကျွန်တော်သည် မှောင်ခိုသမားတစ်ယောက် သို့မဟုတ် ဓားပြတစ်ယောက်နှင့် ဆုံမိနေခြင်း ဖြစ်ဖို့ရှိ၏။ သို့သော် ကျွန်တော့်ဘက်မှ ကြောက်စရာမလိုဟုပင် ထင်သည်။ ကျွန်တော်သည် စပိန်လူမျိုးတို့၏ အကျင့်စရိုက်ကို ကောင်းစွာ လေ့လာနားလည်ထားသူ ဖြစ်၏။ ကျွန်တော်ကျွေးသောအစာနှင့် ပေးသောဆေးလိပ်ကို စားသောက်သွားသူ တစ်ဦးကို ကျွန်တော် ကြောက်နေစရာမလိုဟု ယုံကြည်သည်။ သူ ကျွန်တော့်အနား၌ ရှိနေခြင်းသည်ပင်လျှင် မလိုလားအပ်သူများနှင့် ဆုံမိသည့်အခါ ကျွန်တော့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံမှုရှိနိုင်မည်ဟု ထင်၏။

ပြီးတော့ ကျွန်တော့်အနေဖြင့် လူဆိုးဓားပြတစ်ဦး ဆိုသည်မှာ ဘယ်လိုအစားဟူသော အချက်ကို လေ့လာခွင့် ရစရာ ရှိ၏။ လူတစ်ယောက်သည် ဤကဲ့သို့သော လူစားများကို နေ့စဉ်နေ့တိုင်း တွေ့ဖို့ အခါအခွင့်သင့်သည် မဟုတ်။ အန္တရာယ်ပြုနိုင်သည့် သတ္တဝါတစ်ကောင်နှင့် နီးနီးကပ်ကပ် နေရခြင်းသည် တစ်နည်းတစ်ဖုံတော့ စိတ်ဝင်စားစရာ ကောင်း၏။ အထူးသဖြင့် ထိုသတ္တဝါ ယဉ်ကျေးသိမ်မွေ့နေသည့်အခါ ပို၍ပင်စိတ်ဝင်စားစရာ ကောင်းသည် မဟုတ်ပါလား။

ကျွန်တော်ကတော့ ခရီးသွားဖော် လူစိမ်းသည် တဖြည်းဖြည်းနှင့် ကျွန်တော့်အပေါ် ယုံကြည်မှု ရှိလာလိမ့်မည်ဟု မျှော်လင့်သည်။ ကျွန်တော့် လမ်းပြကတော့ ကျွန်တော့်ကို မျက်စိများ မှိတ်ပြကာ သတိပေးနေဆဲ။ မည်သို့ပင်ဖြစ်စေ သူသတိပေးနေသည့်ကြားမှပင် ကျွန်တော်သည် 'လမ်းဓားပြများ'အကြောင်းကို လူစိမ်းအား ပြောပြနေသည်။ ပြောရာ၌ ဓားပြများကို အပြစ်ဆို၍ ပြောခြင်း မဟုတ်။ လေးစားသမှုရှိနေသည့် သဘောဖြင့် ပြောပြနေခြင်း ဖြစ်သည်။

ထိုအချိန်က အင်ဒါလူဆီယာနယ်တွင် ဂျိုစီမာရီယာ အမည်ရှိ လူဆိုးတစ်ဦး နာမည်ကြီးနေချိန် ဖြစ်သည်။ သူ့သတင်းများသည် လူတိုင်း၏ ပါးစပ်ဖျားဝယ် အလွန် ရေပန်းစားနေချိန် ဖြစ်၏။ 'တကယ်လို့များ အခုအချိန် မှာငါဟာ ဂျိုစီမာရီယာနဲ့တွဲပြီး မြင်းစီးသွားနေရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့၊ ငါဘာလုပ်မလဲ'ဟု ကိုယ့်ဘာသာ ကိုယ်ပြန်၍ မေးမိသည်။

ကျွန်တော်သည် ဂျိုစီမာရီယာနှင့် ပတ်သက်၍ ကျွန်တော် ကြားသိထားရသမျှကို ကျွန်တော့်အဖော် လူစိမ်းအား ပြောပြနေပါသည်။ ပြောပြနေသမျှ အားလုံး အကောင်း တွေချည်း ဖြစ်သည်။ ဂျိုစီမာရီယာ သတ္တိကောင်းပုံ၊ သဘောထားကြီးပုံများကိုသာ ပြောပြနေခြင်း ဖြစ်၏။ ကျွန်တော် ပြောနေသည်မှာ အဆိုးနှင့်အကောင်းနှစ်ခုတွဲ၍ ပြောနေခြင်း မဟုတ်၊ အကောင်းတွေချည်းသာ ပြောနေခြင်း ဖြစ်လေသည်။

'ဂျိုစီမာရီယာဆိုတဲ့ကောင်က အလကားကောင်ပါ၊ လူရှုပ်တစ်ယောက်ပါ'ဟု လူစိမ်းက အေးစက်စက်လေသံဖြင့် ပြောသည်။

သူ ဤစကားကို ပြောခြင်းသည် သူ့ကိုယ်သူ တရားသဖြင့်ဖြစ်အောင် ပြုခြင်းလား၊ သို့မဟုတ် သူ့ဂုဏ်သိက္ခာကို တင်ခြင်းလားဟု ကျွန်တော်က ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။ ကျွန်တော်သည် ကျွန်တော့်အဖော်၏ မျက်နှာကို စေ့စေ့စပ်စပ် လေ့လာကြည့်သည်။ အင်ဒါလူဆီယာနယ်အတွင်းရှိ မြို့ကလေးတစ်မြို့အတွင်းမှ အိမ်တံခါးတိုင်းလိုလိုတွင် ဂျိုစီမာရီယာ၏ ရုပ်ပုံပါသော ကြော်ငြာများကို ကျွန်တော် မြင်ခဲ့ဖူး၏။ ယခု ကျွန်တော်မြင်နေရသည့် လူစိမ်း၏ အသွင်အပြင် လက္ခဏာသည် ထိုကြော်ငြာများထဲက ဂျိုစီမာရီယာနှင့် များစွာတူလျက် ရှိပါသည်။

'ဟုတ်ပါတယ်'ဟု ကျွန်တော် တွေးသည်။ 'ဒီလူမှ



www.burmeseclassic.com

www.burmeseclassic.com



ဒီလူအစစ်ပါ၊ ဆံပင်က လှလှ၊ မျက်လုံးတွေက ပြာပြာ၊ ပါးစပ်က ပြဲပြဲ၊ သွားတွေက ကောင်းကောင်း၊ လက်တွေက သေးသွယ်သွယ်နဲ့ ဝတ်ထားတဲ့ ရုပ်အင်္ကျီက အကောင်းစား၊ ကတ္တီပါဂျက်ကက်အင်္ကျီမှာ ငွေကြယ်သီးတွေ အပြည့်တပ်လို့၊ ဒူးဆစ်ကနေ ခြေမျက်စိအထိ ဖုံးထားတဲ့ သားရေပြားကလည်း သမင်ရေ၊ စီးလာတဲ့မြင်းက အနီရောင်၊ သူပါပဲ၊ သူမှ သူအစစ် မလွဲဘူး၊ ဒါပေမဲ့ ငါတို့က သူရုပ်ဖျက်လာတာကို လေးစားတဲ့အနေနဲ့ မသိချင်ဟန်ဆောင်နေမှ ဖြစ်မှာပေါ့'

ကျွန်တော်တို့ ထမင်းဆိုင်သို့ရောက်သွားကြသည်။ သူပြောခဲ့သည့်အတိုင်း မှန်နေသည်ဟု ဆိုရမည် ဖြစ်၏။ ထမင်းဆိုင်သည် ကျွန်တော် တွေ့ဖူးခဲ့သမျှထဲတွင် အစုတ်ချာဆုံး ဆိုင်တစ်ဆိုင် ဖြစ်နေပါသည်။ အခန်းကျယ်ကြီး တစ်ခန်းတည်းကိုပင် မီးဖိုချောင်၊ ထမင်းစားခန်းနှင့် အိပ်ခန်း အဖြစ် သုံးထား၏။ အခန်း၏ အလယ်တည့်တည့်ရှိ ကျောက်ပြားပေါ်တွင် မီးဖိုတစ်လုံးရှိ၍ ယင်းမီးဖိုမှ မီးခိုးသည် အပေါ်တည့်တည့် ခေါင်မိုးတွင်ဖောက်ထားသည့် အပေါက်မှ ထွက်သွားလျက် ရှိသည်။ တလူလူထွက်နေသည့် မီးခိုးငွေ့များသည် မြေကြီးနှင့် ပေအနည်းငယ်မျှသာ ကွာသည်ဟု ဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။ တစ်ဖက်သောနံရံတွင် ကပ်၍ လားရေစောင် ငါးထည်ခြောက်ထည်ခန့်ကို တစ်ထည်ချင်းစီ ခွဲ၍ချထားသည်။ ခရီးသည်များအတွက် သတ်မှတ်ပေးထားသည့် အိပ်ရာများပေတည်း။ ယင်းနေရာမှ သို့မဟုတ် တစ်ခုတည်းသော ဤအခန်းမှ ခြေလှမ်းနှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



အကွာခန့်တွင် မြင်းဇောင်းလုပ်ထားသည့် တဲတစ်တဲ ရှိသည်။

အလွန် နေချင့်စဖွယ်ကောင်းသည့် ဤဂေဟာတွင် အခုလောလောဆယ် အဘွားကြီးတစ်ယောက်နှင့် အသက် ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်ခန့်ရှိ ကလေးမလေး တစ်ယောက်မှတစ်ပါး အခြားဘယ်သူမျှ မရှိပါ။ သူတို့နှစ်ဦး ဝတ်ထားသည့် အဝတ်အစားများမှာ အစုတ်စုတ် အပြတ် ပြတ် ဖြစ်နေကြပြီး ကျပ်ခိုးများ စွဲနေသည့်အလား ပေရေ ညစ်ပတ်လျက် ရှိကြသည်။ 'မန်ဒါရေးဟောင်း လူမျိုးထဲက ကျန်နေခဲ့တဲ့ အဆက်အနွယ်တွေဟာ ဒါပဲ ထင်ပါရဲ့'ဟု စိတ်ထဲက ကျိတ်၍ မှတ်ချက်ချမိသည်။ 'ဆီဇာနဲ့ ပွန်ပေတို့ ခင်ဗျား ... တကယ်လို့သာ ခင်ဗျားတို့တစ်တွေ ဒီမြေပေါ် ပြန်ရောက်လာကြမယ်ဆိုရင် ဒီအဖြစ်ကိုကြည့်ပြီး ဘယ် လောက်များ အံ့သြကြမလဲ"

ကျွန်တော့်အဖော်ကို မြင်လိုက်သောအခါ အဘွား ကြီးသည် တအံ့တသြ ရေရွတ်သည်။

'ဟာ ... ဆီညော် ဒွန်ဂျီစီပါလား'

ဒွန်ဂျီစီသည် မျက်မှောင်ကုတ်လိုက်ပြီး လက်တစ် ဖက်ကို မြှောက်၍ ဟန့်လိုက်သည်။ အဘွားကြီးသည် ချက်ချင်းပင် ငြိမ်ကျသွားသည်။ ကျွန်တော်က ကျွန်တော့် လမ်းပြဘက် လှည့်ကြည့်လိုက်သည်။ ကျွန်တော့်မျက်နှာ ထားကို မြင်ရုံမျှဖြင့် ယနေ့ည ကျွန်တော် ဘယ်လိုလူစားမျိုး နှင့် အတူတူတွဲ၍ တည်းခိုရမည်ကို သူပြောစရာ မလိုတော့ ကြောင်း နားလည်သွားပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာမှာ ကျွန်တော် မျှော်လင့်ထားသည်ထက် ပို၍ ကောင်းနေသည်ကို တွေ့ရ၏။ တစ်ပေခန့်မြင့်သော စားပွဲလေးတစ်လုံးအပေါ်၌ တည်ခင်း၍ ကျွေးမွေးခြင်း ဖြစ်သည်။ ကြက်သားကို စင်းကောလုပ်၍ ဟင်းအရည်ဖြင့် ချက်ကာ ငရုတ်ကောင်း ရက်ရက်ရောရော သုံးထားသည့် ဟင်းတစ်ခွက်၊ ဂက်စ်ပါချိုဟုခေါ်သော လက်သုပ်တစ်ပွဲ စသည်ဖြင့် အမည်သုံးလေးမျိုး ဖြစ်၏။ အမွှေးနံ့သင်းနေသော ဤဟင်းများကြောင့် ကျွန်တော်တို့သည် အလွန် အရသာထူးသော မွန်တီလာဝိုင်ကို တစ်ခွက်ပြီးတစ်ခွက် မသောက်ဘဲ နေနိုင်။

စားသောက်ပြီးကြသောအခါ နံရံတွင် ချိတ်ထားသည့် မယ်ဒလင်တစ်လက်ကို မျက်စိကျမိကြသည်။ စပိန်နိုင်ငံတွင် နေရာတိုင်း၌ တွေ့ရတတ်သည့် ပစ္စည်းမှာ မယ်ဒလင် ဖြစ်သည်။ ကျွန်တော်တို့အား လိုအပ်သမျှ လုပ်ကိုင်ပေးနေသည့် ကလေးမလေးအား မယ်ဒလင်တီး တတ်သလားဟု ကျွန်တော်က မေးသည်။

'မတီးတတ်ဘူး'ဟု ကလေးမက ဖြေသည်။ 'ဒါပေမဲ့ ဒွန်ဂျူစီ ကောင်းကောင်းတီးတတ်တယ်'

'ကျေးဇူးပြုပြီး ကျွန်တော့်အတွက် သီချင်းတစ်ပုဒ်လောက် တီးပြပါ'ဟု ကျွန်တော်က သူ့ကို ပြောသည်။ 'ကျွန်တော် ခင်ဗျားတို့ အမျိုးသားတွေရဲ့ တေးဂီတကို သိပ်ကြိုက်ပါတယ်'

'အကောင်းဆုံး ဆေးပြင်းလိပ်တွေ တည်ခဲ့တဲ့ အဖိုးတန် လူကြီးလူကောင်း တစ်ယောက်ရဲ့ မေတ္တာရပ်ခံမှု



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် မငြင်းနိုင်ပါဘူး’ဟု ဒွန်ဂျိုစီက ပြောသည်။ သူသည် မယ်ဒလင်ကို အယူခိုင်းလိုက်ပြီး သီချင်းကို စဆိုသည်။ မယ်ဒလင်ကို တီးသည်။ သူ့အသံမှာ ကြမ်းတမ်းသော်လည်း နှစ်သက်စဖွယ် ကောင်းသည်။ တေးဂီတသံသည် ဝမ်းနည်းစရာ ကောင်းသည်။ ထူးလည်း ထူးဆန်းသည်။ သီချင်းစာသားကျတော့ တစ်လုံးတစ်ပါဒမှ ကျွန်တော် နားမလည်ပါ။

‘တကယ်လို့ ကျွန်တော် မမှားဘူးဆိုရင်ပေါ့လေ’ဟု ကျွန်တော်က စကားစလိုက်သည်။ ‘ခင်ဗျား အခုဆိုသွားတဲ့ သီချင်းဟာ စပိန်သီချင်း မဟုတ်ဘူး၊ ကျွန်တော် ပြည်နယ်ဘက်တွေရောက်တုန်းက ကြားခဲ့ဖူးတဲ့ ဇော့ဇီးကော့စ် တေးသီချင်းတစ်ပုဒ် ဖြစ်မယ်လို့ထင်တာ၊ စာသားတွေကတော့ ဘတ်စ်ကွေး ဘာသာနဲ့ စပ်ထားတာ မဟုတ်လား’

‘မှန်ပါတယ်’ဟု ဒွန်ဂျိုစီက ပြန်ပြောသည်။ သူ့မျက်နှာသည် ညှိုးမှိုင်းမှိုင်း။ သူသည် လက်ထဲမှ မယ်ဒလင်ကို ချထားလိုက်ပြီး လက်နှစ်ဖက်ကိုပိုက်ကာ ငြိမ်းစပြုနေပြီဖြစ်သော မီးဖိုဆီသို့ ငေးမောနေသည်။ အလွန်စိတ်ထိခိုက်ကြေကွဲနေသည့် အသွင်အပြင်သည် သူ့မျက်နှာတွင် ထင်ဟပ်နေသည်။ စားပွဲငယ်ပေါ်မှ မှန်အိမ်မီးရောင်သည် သူ့မျက်နှာကို ပီပီပြင်ပြင် မြင်သာအောင် ဖန်တီးပေးလျက်ရှိသည်။ သူ့မျက်နှာသည် ကြမ်းတမ်းခက်ထရော်ခြင်းနှင့် မြင့်မြတ်တည်ကြည်ခြင်းဟူသော အသွင်နှစ်ရပ်ကို ဖော်ပြနေသည်။

ကျွန်တော်သည် မစ်လ်တန်၏ ကဗျာထဲမှ ‘မာရ်

www.burmeseclassic.com



နတ်’ကို သတိရမိ၏။ ကျွန်တော့်မိတ်ဆွေသည် မစ်လ်တန်၏ မာရ်နတ်ကဲ့သို့ပင် သူစွန့်ခွာခဲ့ရသည့် သုခဘုံကို ပြန်လည် တမ်းတ သတိရနေလေသလား။ သူပြုမိခဲ့သော အမှားများအတွက် ဒဏ်သင့်သလို ဖြစ်နေရသည့် သူ့ဘဝ၏ အကြောင်းမလှမှုကိုပင် စဉ်းစားတွေးတောနေလေသလား။

ကျွန်တော်က စကားလမ်းကြောင်းကို ပြန်ကောက်ဖို့ ကြိုးစားသည်။ သူက စကားပြန်မပေး။ ထိုင်းမှိုင်းတွေဝေသော မျက်နှာထားဖြင့် ငြိမ်ဆိတ်နေသည်။ ဆိုင်ရှင် အဘွားကြီးသည် အခန်းထောင့်တစ်ထောင့်ရှိ သူ့အိပ်ရာဆီသို့ ရောက်သွားပြီ။ ကလေးမမှာလည်း သူ့အဘွားနောက်သို့ လိုက်သွားပြီ။ ထို့နောက် ကျွန်တော့်လမ်းပြသည် ထိုင်ရာမှ ထလာပြီး ကျွန်တော့်ကို မြင်းဇောင်းဘက်သို့ ခဏလိုက်ရန် ခေါ်သည်။ သို့သော် သူ့စကားသည် ဒွန်ဂျီစီကို အသက်ပြန်ဝင်လာအောင် လုပ်ပေးလိုက်သလို ဖြစ်သွားသည်။ ချက်ချင်းပင် လမ်းပြဘက်သို့ လှည့်၍ ဘယ်သွားမလို့လဲဟု မေးသည်။

‘မြင်းဇောင်းကိုပါ’ဟု လမ်းပြက ဖြေသည်။

‘ဘာလုပ်ဖို့ သွားမှာလဲ၊ မြင်းတွေကို အစာကျွေးထားပြီးပြီပဲ၊ ဒီတစ်ညကတော့ ဒီနေရာမှာပဲ အိပ်ကြပေါ့၊ ဆီညော်ကလည်း ဘယ်လိုမှ ထင်မယ်မဟုတ်ပါဘူး’

‘ဆီညော်ရဲ့မြင်း နေမကောင်းဘူးထင်လို့ပါ၊ ဆီညော်ကိုယ်တိုင် သူ့မြင်းကို ကြည့်စေချင်လို့၊ သူကိုယ်တိုင် ကြည့်လိုက်ရင် ဘာလုပ်ပေးသင့်တယ်ဆိုတာ သိလိမ့်မယ် ထင်တယ်’



www.burmeseclassic.com

www.burmeseclassic.com



လမ်းပြ အင်တိုနီယိုသည် ကျွန်တော်နှင့် နှစ်ယောက်တည်း တွေ့၍ စကားပြောချင်နေသည်မှာ ထင်ရှားသည်။ သို့သော် ကျွန်တော့်အပေါ် ဒွန်ဂျိုစီက သံသယဝင်သွားမည်ကို စိုးရိမ်မည်။ လက်ရှိအခြေအနေတွင် အကောင်းဆုံးသောနည်းမှာ သူ့အပေါ် ကျွန်တော်က ယုံကြည်မှု အပြည့်အဝရှိနေကြောင်း ပြသရန်ပင် ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က အင်တိုနီယိုအား မြင်းနှင့်ပတ်သက်လာလျှင် ကျွန်တော် ဘာမှနားမလည်ကြောင်း၊ အိပ်လည်း အိပ်ချင်နေပြီဖြစ်၍ မလိုက်လိုတော့ကြောင်း ပြောလိုက်ပါသည်။ ထိုအခါ ဒွန်ဂျိုစီသည် ကျွန်တော့်လမ်းပြနှင့်အတူ မြင်းဇောင်းသို့ ထလိုက်သွားပြီး ခဏနေတော့ ပြန်ရောက်လာသည်။

ကျွန်တော့်မြင်း ဘာမှ မဖြစ်သော်လည်း ကျွန်တော့်လမ်းပြက ထိုမြင်းကို အလွန်အဖိုးထိုက်တန်သည့် တိရစ္ဆာန်ဟု ယူဆထားသဖြင့် သူ့ဂျက်ကက်အင်္ကျီဖြင့် မြင်းချွေးထွက်အောင် ပွတ်တိုက်ပေးနေကြောင်း၊ တစ်ညလုံး ထိုအလုပ်ကိုလုပ်ပေးနေလိမ့်မည်ဖြစ်ကြောင်း ကျွန်တော့်အား ပြောပြသည်။

ထိုအချိန်တွင် ကျွန်တော်သည် တစ်ကိုယ်လုံးကိုအပေါ်ဝတ် အင်္ကျီကြီးဖြင့်လုံအောင် ပတ်ကာလားရေအိပ်ရာခင်းပေါ်၌ ခြေပစ်လက်ပစ်လှဲနေပြီဖြစ်သည်။ ဒွန်ဂျိုစီနှင့် ကျွန်တော်က နီးနီးနားနားတွင် မအိပ်မဖြစ်၍ အိပ်ရသည့်အတွက် သူ့ကို ခွင့်လွှတ်ရန် တောင်းပန်စကားပြောပြီးသော် တံခါးရှေ့တွင် လှဲလိုက်သည်။ အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com



မလှဲမီ သူသည် သူ့ပြောင်းတိုသေနတ်ကို သူခေါင်းအုံး လုပ်၍ အိပ်မည့် မြင်းကုန်းနှီးအောက်သို့ ထိုးထည့်လိုက်သည်။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် မင်္ဂလာညပါဟူသော နှုတ်ဆက်စကားကို အပြန်အလှန်ပြောကြသည်။ ငါးမိနစ်ခန့်ကြာသောအခါ နှစ်ယောက်စလုံး အိပ်ပျော်သွားကြပါသည်။

အလွန်ခရီးပန်းလာခဲ့သော ကျွန်တော်သည် ဤမျှလောက် ညံ့ဖျင်းသော အိပ်ရာပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်လိမ့်မည်ဟု ထင်ခဲ့၏။ သို့သော် ကျွန်တော်ထင်ထားသလို ဖြစ်မလာပါ။ အိပ်ပျော်သွားပြီးနောက် တစ်နာရီခန့်အကြာတွင် တစ်ကိုယ်လုံး မခံမရပ်နိုင်လောက်အောင် ယားလာသဖြင့် အိပ်ရာမှ လန့်နိုးလာသည်။ ဘာကြောင့် ယားသည်ကို သိလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်ရာမှ လူးလဲထသည်။ ဤထမင်းဆိုင် ခေါင်မိုးအောက်၌ အိပ်နေရခြင်းထက် ဆိုင်အပြင်ဘက်ထွက်၍ ငုတ်တုတ်ထိုင်နေရခြင်းက ပို၍ ကောင်းလိမ့်မည်ဟူသော အသိဝင်လာသည်။

ကျွန်တော်သည် တံခါးဆီသို့အသာကလေး ခြေဖျား ထောက်၍ သွားသည်။ တံခါးဝ၌ အိပ်နေသော ဒွန်ဂျိုစီ နိုးမသွားအောင် အသာကျော်ခွပြီး ထွက်သည်။ တံခါးနှင့် ကပ်လျက်ချထားသော သစ်သားခုံတန်းရှည် တစ်လုံးတွေ့သဖြင့် ထိုခုံတန်းပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ဤတစ်ညအဖို့ ဤခုံတန်းပေါ်မှာပင် အိပ်တော့မည်ဟု စိတ်ကူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ပြန်၍အိပ်ပျော်ရန် အားထုတ်နေခိုက်မှာပင် မြင်းတစ်ကောင်ကို ဆွဲ၍ အသံမကြားရအောင် သတိထားပြီး လျှောက်သွားနေသော လူတစ်ယောက်ကို ကျွန်တော် ရိပ်ခနဲ မြင်လိုက်ရသည်။ ကျွန်တော် ဖျတ်ခနဲ ထထိုင်လိုက်သည်။ တခြားလူမဟုတ်၊ ကျွန်တော့်လမ်းပြ အင်တိုနီယို။ အခုလို ညအချိန်မတော်တွင် မြင်းဇောင်းထဲမှ ထွက်လာသဖြင့် ကျွန်တော် အံ့အားသင့်မိသည်။ ထိုင်ရာမှထကာ သူ့နောက်မှ လိုက်သွားသည်။ ကျွန်တော် လိုက်လာသည်ကို မြင်သောအခါ အင်တိုနီယိုက ရပ်၍စောင့်နေပါသည်။

'သူ ဘယ်မှာလဲ'ဟု အင်တိုနီယိုက တိုးတိုးကလေး ဆီးမေးသည်။

'ဆိုင်ထဲမှာ အိပ်ပျော်နေတယ်၊ သူက သန်းတွေ၊ ကြမ်းပိုးတွေလောက်တော့ အပျော့ပေါ့၊ ဒါနဲ့ နေစမ်းပါဦး၊ အချိန်မတော်ကြီးမှာ မြင်းကို ဘာကြောင့်ထုတ်လာရတာလဲ'

အခုမှပင် ကျွန်တော် သတိထားမိသည်။ မြင်းဇောင်းထဲမှ ထွက်လာခိုက်တွင် မြင်းခွာသံများ မကြားစေရန် မြင်း၏ခွာများကို စောင်စုတ်များဖြင့် ပတ်ထားသည်။

'ဘုရားသခင် ကယ်တော်မူပါ'ဟု အင်တိုနီယိုက ရေရွတ်သည်။ 'စကားကို အကျယ်ကြီး မပြောပါနဲ့ဗျ၊ ဟိုလူ ဘယ်သူဆိုတာ ခင်ဗျားကတော့ သိတာမဟုတ်ဘူး၊ အဲဒီလူဟာ အင်ဒါလူဆီယာနယ်မှာ နာမည်သိပ်ကြီးနေတဲ့ လူဆိုးဓားပြ ဂျိုစီနာဗာရိုးဗျ၊ ကျုပ်ခင်ဗျားကို တစ်နေ့လုံး မျက်ရိပ်မျက်ခြည် ပြခဲ့သားပဲ၊ ခင်ဗျားက မသိချင်ဟန်ဆောင်

www.burmeseclassic.com



နေတာကိုး’

‘ဓားပြပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ငါ့အတွက် ဘာမှ ဖြစ်စရာအကြောင်း မရှိပါဘူး’ဟု ကျွန်တော်က ပြန်ပြောသည်။ ‘သူက တို့ကို ဓားပြမတိုက်ပါဘူးကွာ၊ ဒီမှာဟေ့ ဒီလူ တို့ကို ဓားပြတိုက်ဖို့လည်း စိတ်ကူးမှာ မဟုတ်ဘူး၊ ငါက လောင်းကြေးစားကြေးတောင် ပြောလိုက်ချင်သေးတယ်’

‘အေးပေါ့လေ ခင်ဗျားပြောသလို ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ သူ့ကိုဖမ်းပြီး ပုလိပ်လက်ထဲအပ်နိုင်ရင် ဆုတော်ငွေ ဒင်္ဂါးပြားနှစ်ရာ ပေးမယ်လို့ ကြော်ငြာထားတာ၊ ဒီနေရာက တစ်လီခွဲအကွာလောက်မှာ လုံကိုင်မြင်းတပ်က ကင်းစခန်းတစ်ခုရှိတယ်၊ သူတို့ဆီက လက်ရွေးစင် တပ်သားတချို့ကို မိုးမလင်းခင် ဒီနေရာအရောက် ခေါ်လာလို့ရတယ်၊ ကျုပ်က သူ့မြင်းကိုတောင် ယူသွားချင်တာ၊ ဒါပေမဲ့ သူ့မြင်းက သူကလွဲပြီး တခြားဘယ်သူ့ကိုမှ အနားအကပ်မခံတာက ခွကျနေတယ်ဗျ’

‘မင်းက သူ့ကိုဖမ်းမိအောင် သတင်းပေးချင်တာက ဘာကြောင့်လဲ၊ သူက မင်းကို အန္တရာယ်လည်း ပြုတာ မဟုတ်ဘဲနဲ့ကွာ၊ နေစမ်းပါဦး မင်းပြောတဲ့ ဓားပြနီဗာရိုးဆိုတာကော သေချာလို့လား’

‘သိပ်ကို သေချာတာပေါ့ဗျ၊ စောစောက သူ ကျုပ်နောက် လိုက်လာပြီး မြင်းဇောင်းထဲကျတော့ ဘာပြောသွားတယ် မှတ်လဲ၊ မင်းကိုကြည့်ရတာ ငါ့ကို သိနေပုံရတယ်၊ တကယ်လို့ ငါဘယ်သူဘယ်ဝါဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုမိတ်ဆွေကို သွားပြောမယ်ဆိုရင်တော့ မင်းဦးနှောက်ကို ငါ့သေနတ်နဲ့ ဖောက်ခွဲပစ်ရလိမ့်မယ်တဲ့၊ ဒီမယ် ဆီညော်၊ ခင်ဗျား ဒီမှာနေခဲ့၊ သူနဲ့ပဲ ဣန္ဒြေမပျက်သာ နေခဲ့ပါ၊ ကြောက်စရာ ဘာမှမလိုဘူး၊ ခင်ဗျား သူနဲ့အတူတူ ဒီဆိုင်မှာ ရှိနေသရွေ့ ကာလပတ်လုံး သူဘယ်သူ့ကိုမှ သံသယဖြစ်မှာ မဟုတ်ဘူး'

စကားတပြောပြောနှင့် လျှောက်ခဲ့ကြခြင်းဖြစ်၍ ထမင်းဆိုင်နှင့် အတော်လှမ်းလှမ်းသို့ ရောက်လာကြသည်။ မြင်းခွာသံကို ဘယ်သူမှ ကြားနိုင်တော့မည် မဟုတ်သဖြင့် အင်တိုနီယိုသည် မြင်း၏ ခွာများတွင် ပတ်ထားသည့် အဝတ်စုတ်များကို ဖြေသည်။ သူသည် မြင်းပေါ်သို့တက်ရန် ဟန်ပြင်သည်။ ကျွန်တော်က သူ့ကို ခြောက်ချီတစ်ခါ ချော့ချီတစ်လှည့်လုပ်၍ မသွားနိုင်အောင် အားထုတ်ပါသည်။

'ကျုပ်ဟာ ဆင်းရဲသားတစ်ယောက်ပါ ဆီညော်'ဟု သူက ပြောသည်။ 'ဒင်္ဂါပြားနှစ်ရာဆိုတာ နည်းတဲ့ငွေ မဟုတ်ဘူး၊ ကျုပ်အဆုံးမခံချင်ဘူး၊ ဒါပေမဲ့ သတိတော့ ထားပါ ဆီညော်၊ တကယ်လို့ နီဗာရိုးနိုးလာရင်တော့ သေနတ်ဆွဲချင် ဆွဲလိမ့်မယ်၊ ကျုပ်အဖို့တော့ အဲဒီအချိန်မှာ သူလက်လှမ်းမမီနိုင်တဲ့ နေရာကို ရောက်နေမှာ၊ ကိုယ့်ကိုယ်ကို အန္တရာယ်ကင်းအောင် ခင်ဗျားဘာသာ ခင်ဗျားကြည့်ပြီး နေပေတော့'

ကျွန်တော့်လမ်းပြ လူရှုပ်သည် မြင်းပေါ်ရောက်သွားသည်။ သူ့ဖိနပ်နှစ်ဖက်မှ ဒူးများဖြင့် မြင်းကို တို့လိုက်သည်။ ချက်ချင်းလိုလိုပင် မြင်းသည် အမှောင်ထုထဲသို့ တိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားလေ၏။

လမ်းပြကို ကျွန်တော်ဒေါသဖြစ်မိသည်။ တစ်ခဏမျှ ငိုင်၍ စဉ်းစားနေမိ၏။ ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ထမင်းဆိုင်ဘက်သို့ ပြန်လာခဲ့သည်။ ဒွန်ဂျိုစီသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ ဖြစ်၏။ ပင်ပန်းနွမ်းနယ်ခြင်း၊ စွန့်စားသွားလာနေရသည့် နေ့ရက်များအတွင်း အိပ်ရေးဝဝ မအိပ်ခဲ့ရခြင်း စသည်တို့ကြောင့် ဤမျှလောက်အထိ အိပ်မောကျနေခြင်း ဖြစ်ဟန်တူ၏။

ကျွန်တော် သူ့ကို မနည်းကြီးလှုပ်၍ နှိုးယူရပါသည်။ သူ့မျက်လုံးများထဲမှ ရိုင်းစိုင်းကြမ်းတမ်းသော အကြည့်နှင့် ပြောင်းတိုသေနတ်ကို ဆွဲယူလိုက်သော လျင်မြန်ဖျတ်လတ်မှုများကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်လိမ့်မည်မထင်ပါ။ စောစောကတည်းက ဤသဘောကို သိထားသော ကျွန်တော်သည် သူ့ကို တအားလှုပ်၍ နှိုးပြီးသည်နှင့် တစ်ပြိုင်နက် နောက်သို့ အမြန်ဆုတ်နေလိုက်သဖြင့် သူ့အိပ်ရာနှင့် အလှမ်းဝေးဝေးနေရာသို့ ရောက်ခဲ့ပြီး ဖြစ်၏။

'ဒီမှာဆီညော်'ဟု ကျွန်တော်က အသံပြုသည်။ 'ခင်ဗျားကို အခုလိုနှိုးရတဲ့အတွက် ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ကျွန်တော်ခင်ဗျားကို မေးစရာတစ်ခု ရှိနေလို့ပါ၊ ဒီနေရာကို လုံကိုင်မြင်းတပ်သား ဒါဇင်ဝက်လောက် ရောက်လာမယ်ဆိုရင် ခင်ဗျား ကြိုက်ပါ့မလား'

သူသည် ခုန်၍ထလိုက်ပြီး ကြောက်မက်ဖွယ်ကောင်းသည့် အသံဖြင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူတို့လာလိမ့်မယ်လို့ ခင်ဗျားကို ဘယ်သူက ပြောသလဲ'

'သတင်းဘယ်က ရတယ်ဆိုတာက အကြောင်း မဟုတ်ပါဘူး၊ ရတဲ့သတင်း ခိုင်လုံဖို့က အဓိကပါ'

'ခင်ဗျားရဲ့လမ်းပြ ကျွန်တော့်ကို သစ္စာဖောက်ပြီ၊ ဒီလိုလုပ်တဲ့အတွက် ဒီအကောင် ခံရမှာပဲ၊ အခု ဒီအကောင် ဘယ်သွားလဲ'

'ကျွန်တော်လည်း မသိဘူး၊ မြင်းဇောင်းထဲမှာပဲ ရှိလိမ့်မယ် ထင်တယ်၊ ဒါပေမဲ့ တစ်ယောက်က ပြောတော့'

'ခင်ဗျားကို ဘယ်သူက ပြောတာလဲ၊ ဟိုအဘွားကြီး တော့မဖြစ်နိုင်ဘူး'

'ကျွန်တော် မသိတဲ့လူတစ်ယောက်က လာပြော သွားတာပဲ၊ ဒါပေမဲ့ အဲဒါက ရေးကြီးခွင်ကျယ်လုပ်စရာ မဟုတ်ဘူးထင်တယ်၊ စစ်သားတွေ ရောက်လာတာကို ခင်ဗျားစောင့်ပြီး အတွေ့ခံမှာလား အတွေ့မခံဘူးလားဆို တာက အရေးကြီးတယ်၊ တကယ်လို့ အတွေ့မခံဘူးဆိုရင် တော့ ခင်ဗျား အချိန်ကုန်ခံမနေနဲ့တော့၊ အတွေ့ခံမယ် ဆိုရင်တော့ ကျွန်တော် ခင်ဗျားကို နှုတ်ဆက်ပါတယ်၊ မင်္ဂလာညပါ၊ ကျွန်တော် ခင်ဗျားအိပ်နေတာကို လာပြီး နှောင့်ယှက်သလို ဖြစ်ရတဲ့အတွက် ခွင့်လွှတ်ပါ'

'ဒါဟာ ဟိုအကောင် ခင်ဗျားလမ်းပြလက်ချက်ပဲ၊ ကျွန်တော် ဒီကောင်ကိုစပြီး တွေ့ကတည်းက မယုံတာ၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ဒီကောင်နဲ့ ရှင်းစရာရှိတာကို ကျုပ် ရှင်းမယ်၊ ကဲ... သွားပေဦးတော့ ဆီညော်၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့အတွက် ဘုရားသခင်က ခင်ဗျား ကို စောင်မပါစေဗျာ၊ ကျွန်တော်ဟာ ခင်ဗျားထင်သလောက် တော့ မဆိုးပါဘူး ဆီညော်၊ အင်းပေါ့လေ ကျွန်တော့်မှာ ယဉ်ကျေးဖွယ်ရာရှိတဲ့ လူကြီးလူကောင်း တစ်ယောက်ရဲ့ သနားကြင်နာမှုကို ရသင့်ရထိုက်တဲ့ အကျင့် စရိုက်ကလေး တွေ ရှိနေပါသေးတယ်၊ ကဲ... ဂွတ်ဘိုင်ပါ ဆီညော်၊ ကျွန်တော် ဝမ်းနည်းတာတစ်ခုတော့ ရှိပါတယ်။ အဲဒါဟာ တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားကို ကျေးဇူးမတုံ့ပြန် လိုက်ရတဲ့ အတွက်ပါပဲ'

'ကျွန်တော် ခင်ဗျားကို ကူညီခဲ့တဲ့အတွက် ကျေးဇူး တုံ့ပြန်ဖို့ကတော့ လူတစ်ယောက်ကို အကြောင်းမဲ့သံသယ မဖြစ်ဖို့နဲ့ လက်စားချေချင်တဲ့ စိတ်မမွေးဖို့ ကတိပေးစေ ချင်ပါတယ်၊ နေပါဦး ရော့ ဟောဒီမှာ ခင်ဗျား လမ်းမှာ သောက်ဖို့ ဆေးပြင်းလိပ်၊ ကံကောင်းပါစေဗျာ'

ကျွန်တော်က သူ့ဆီသို့ လက်ကမ်းပေးလိုက်ပါ သည်။

သူသည် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကျွန်တော့် လက်ကိုဆွဲခါသည်။ သူ့သေနတ်နှင့် မြင်းကုန်းနှီးကိုယူကာ ကျွန်တော် နားမလည်သော ဘာသာစကားတစ်မျိုးဖြင့် အဘွားကြီးကို စကားအနည်းငယ် လှမ်းပြောပြီး မြင်းဇောင်း ဘက်သို့ ပြေးသွားသည်။ ခဏမျှကြာသောအခါ ဒုန်းစိုင်း၍ ထွက်သွားသော သူ့မြင်း၏ ခွာသံများကို ကျွန်တော် ကြားရပါသည်။

ကျွန်တော့်အဖို့ကတော့တခြားလုပ်စရာဘာမှ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ခံတန်းပေါ် ပြန်လှဲသည်။ သို့သော်လည်း အိပ်လို့တော့မရ။ ကျွန်တော် လုပ်လိုက်သည့် အလုပ်သည် မှန်မှမှန်ပါမည်လော။ ကျွန်တော် ဓားပြတစ်ယောက်ကို ကယ်လိုက်ခြင်းဖြစ်၏။ ဤဓားပြသည် လူသတ်သမား တစ်ဦး ဖြစ်ချင်လည်းဖြစ်နိုင်၏။ သို့ပါလျက် တစ်ကြိမ် တစ်ခါ အစားလက်ဆုံစားဖူးရုံမျှဖြင့် သူ့ကို ကယ်ဆယ်ခဲ့ခြင်း ဖြစ်ရာ ဤလုပ်ရပ်လည်း တရားမှတရားပါလေစဟု ကိုယ့်ကိုယ်ကို ပြန်မေးနေမိသည်။

တရားဥပဒေနှင့်အညီ ဆောင်ရွက်နေသော ကျွန်တော့် လမ်းပြကို သစ္စာဖောက်ရာ မကျပေဘူးလား။ သူ့အပေါ် ရာဇဝတ်ကောင်တစ်ဦးက လက်စားချေခွင့်ရအောင် လုပ်ပေးလိုက်သလိုများ ဖြစ်မနေဘူးလား။ သို့သော် ဧည့်ဝတ်ကျေပွန်ခြင်း၏ တာဝန်ဝတ္တရားများဆိုသည်မှာ ဘာလဲ။ အလွန်ရှေးဆန်သော ထောက်ထားစာနာမှု ငဲ့ကွက်မှုတစ်ခုဟု ကိုယ့်ဘာသာကိုယ် ပြောမိသည်။ ဤလူဆိုးနောက်ပိုင်းကျူးလွန်သမျှ ရာဇဝတ်မှုများအတွက်တော့ ကျွန်တော့်တာဝန် ဖြစ်ရပေတော့မည်။သို့တစေလည်း ကျွန်တော် လုပ်လိုက်မိသည်မှာ အဆိုးနှင့်အကောင်းကို ခွဲခြား၍သိတတ်သော သဘာဝစိတ်မှ မြစ်ဖျားခံလာခဲ့သည့် ငဲ့ကွက်မှုကြောင့်ပေလား။ ဤကိစ္စကို လုပ်လိုက်မိသည့်အတွက် နောင်တတရားမရသော်လည်း မှန်သည် မှားသည်ကိုကား ဆုံးဖြတ်၍မရ။

ကျွန်တော်၏ လုပ်ရပ်နှင့်ပတ်သက်၍ ကျွန်တော့်ရင်ထဲ၌ မရှင်းမလင်း ဖြစ်နေဆဲမှာပင် အင်တိုနီယိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြင်းတပ်သားခြောက်ဦး ရောက်လာသည်။ အင်တိုနီယိုသည် မြင်းတပ်သားများ၏ နောက်မှ သတိကြီးစွာထား၍ လိုက်လာနေသည်ကို ကျွန်တော်သတိပြုမိပါသည်။ ကျွန်တော်က သူတို့ထံ ဦးအောင်သွား၍ လွန်ခဲ့သော နှစ်နာရီကျော်ကျော်လောက်ကပင် လူဆိုးထွက်ပြေးသွားပြီဟု ပြောလိုက်သည်။

တပ်ကြပ်လုပ်သူက မေးမြန်းစုံစမ်းသည့်အခါ ဆိုင်ရှင်အဘွားကြီးက သူနာဇာရိုးကိုသိကြောင်း၊ ဤဒေသတွင် တစ်ယောက်တည်း နေရသူဖြစ်သဖြင့် နာဇာရိုးလိုလူစားကို သူသစ္စာမဖောက်ရဲကြောင်း ပြန်ဖြေသည်။ ထို့နောက် အဘွားကြီးက သူ့ဆိုင်သို့ နာဇာရိုးလာသည့်အခါတိုင်း အခုလို ညအချိန်တွင် ပြန်ထွက်သွားတတ်သည်ဟု ပြောပြသည်။

ကျွန်တော့်အတွက်ကတော့ ထမင်းဆိုင်နှင့် မိုင်ပေါင်းများစွာဝေးသော နေရာတစ်နေရာသို့သွား၍ တရားသူကြီးတစ်ဦး ရှေ့မှောက်တွင် နိုင်ငံကူးလက်မှတ်ပြခြင်းနှင့် ကတိခံဝန်ချက်တစ်ခု လက်မှတ်ရေးထိုးခြင်း ပြုရသည်။ ထိုကိစ္စပြီးသော် ကျွန်တော်၏ လုပ်လက်စ ရှေးဟောင်းသမိုင်းဝင် အရာဝတ္ထုပစ္စည်းများ သုတေသန လုပ်ငန်းကို ဆက်လက်၍ လုပ်ခွင့်ရခဲ့သည်။

အင်တိုနီယိုကတော့ သူ့ကို ဆုတော်ငွေ ဒူးကက်ဒင်္ဂါပြားနှစ်ရာ လက်လွတ်သွားအောင် လုပ်သူမှာ ကျွန်တော်ပင် ဖြစ်လိမ့်မည်ဟု သံသယဝင်ဟန် တူ၏။ ကျွန်တော့်အပေါ်တွင် မကျေမနပ်ဖြစ်သည့် အရိပ်လက္ခဏာများပြသည်။ မည်သို့ပင် ဖြစ်စေကာမူ ကော်ဒိုဗားရောက်၍



www.burmeseclassic.com

www.burmeseclassic.com



လူချင်းခွဲခွာကြသည့်အခါ မိတ်ဆွေအဖြစ်နှင့်ပင် ခွဲခွာခဲ့ကြသည်။ ကျွန်တော်ကလည်း ကျွန်တော့် ငွေရေးကြေးရေး အခြေအနေက ခွင့်ပြုသည့် အတိုင်းအတာအရ ဆုကြေးချီးမြှင့်သည့် သဘောဖြင့် ငွေကြေးအတော်များများကို အင်တိုနီယိုအား ရက်ရက်ရောရောပင် ပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၂

ကော်ဒိုဗားတွင် ကျွန်တော်နောက်ထပ် ရက်အနည်းငယ်မျှ နေထိုင်ခဲ့သည်။ ဤအတောအတွင်း သတင်းတစ်ခု ရသည်။ ရှေးဟောင်း မန်ဒါမြို့နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်အလက်များပါဝင်သော လက်ရေးစာမူတစ်စောင် ဒိုမိနီကန် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းစာကြည့်တိုက်၌ ရှိနေသည်ဟူသော သတင်းဖြစ်၏။ ယင်းစာမူတွင် ကျွန်တော် စိတ်ဝင်စားမည့် အကြောင်းအရာများပါသည်ဟု ပြောကြသည်။

ကျွန်တော်ရောက်သွားသည့်အခါ ဘုန်းတော်ကြီးများက ကောင်းစွာဧည့်ခံကြသည်။ သူတို့၏ ဧည့်ဝတ်ကျေမှုကြောင့် သူတို့ကျောင်းတွင် ကျွန်တော် စိတ်အေးနားအေးနေထိုင်ခွင့်ရခဲ့ပါသည်။ ညနေခင်းဆိုလျှင် ကျွန်တော်သည် မြို့တွင်း၌ လျှောက်လည်ရင်း အချိန်ဖြုန်းသည်။ ကော်ဒိုဗား၌ ညနေခင်း နေဝင်ချိန်ဆိုလျှင် ဂွါဒါကွီဗာ မြစ်ကမ်းခြေရေကာတာပေါ်တွင် လမ်းလျှောက်သူများနှင့် ပြည့်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေကောင်းလေသန့် ရှူလိုသူတစ်ဦးအနေဖြင့်ကတော့ သန့်စင်လတ်ဆတ်သော လေကို မရနိုင်။ သားရေနယ်လုပ်ငန်းဖြင့် ထင်ရှားကျော်ကြားသောဤဒေသ၏ သားရေနယ်စက်ရုံတစ်ရုံသည် ဤမြစ်ကမ်းပါး၌ တည်ရှိနေသည်ဖြစ်ရာ ပုပ်အဲ့အဲ့ ဟောင်စပ်စပ်အနံ့များသည် လေထဲတွင် အမြဲတစေ ရှိနေတတ်၏။ သို့သော် ရှုမျှော်ခင်းအလှကို အရသာခံ၍ ကြည့်လိုသူတစ်ဦးအနေဖြင့်ကား တန်ဖိုးမဖြတ်နိုင်လောက်အောင် လှပသည့် ရှုခင်းများကို မြင်တွေ့နိုင်ပါသည်။

အနီးရှိ ဘုရားရှိခိုးကျောင်းမှ ညခင်းဝတ်ပြုချိန်ကျရောက်ပြီဖြစ်ကြောင်း အချက်ပေးခေါင်းလောင်းမထိုးမီ မိနစ်အနည်းငယ်မျှအလိုတွင် ရေကာတာ အောက်ဘက်ရှိ မြစ်ကမ်းပါးပေါ်၌ အမျိုးသမီး အများအပြား စုရုံးရောက်ရှိနေကြသည်။ မည်သည့်အမျိုးသားမှ ထိုအမျိုးသမီးအုပ်စု အတွင်းသို့ဝင်၍ မရောငံ့ကြ။ သူတို့၏ ထုံးစံအရ ဘုရားရှိခိုးကျောင်းမှ ဝတ်ပြုခေါင်းလောင်းထိုးလျှင် ညအချိန်ကျရောက်ပြီဟု သတ်မှတ်ထားကြသည်ဖြစ်ရာ အခုလည်း ခေါင်းလောင်းသံ နောက်ဆုံးအချက် ကြားပြီးသည်နှင့် တစ်ပြိုင်နက် အမျိုးသမီးအားလုံးသည် အဝတ်များကို ကပျာကသီချွတ်ကာ ရေထဲသို့ ခုန်ဆင်းကြသည်။ သူတို့၏ စူးစူးဝါးဝါးအော်သံများနှင့် ရယ်မောသံများသည် ငရဲပြည်တမျှ ပွက်လောရိုက်လျက် ရှိသည်။ ရေကာတာပေါ်မှ အမျိုးသားများသည် ရေချိုးနေသူများကို ရပ်ကြည့်နေကြသည်။ မြင်လိုသမျှကို မြင်နိုင်ရန်အတွက် မျက်စိများကို



www.burmeseclassic.com

www.burmeseclassic.com



ပြုး၍ အားစိုက်ပြီး ကြည့်နေကြခြင်း ဖြစ်သော်လည်း ဘာကိုမှ ပီပီပြင်ပြင် မြင်ကြရသည် မဟုတ်။

မည်သို့ပင်ဖြစ်စေ မှောင်ရီပျိုးစအချိန်ပြာသော ရေပြင်ကိုနောက်ခံပြု၍ မပီမပြင် မထင်မရှားပေါ်နေကြသည့် ဖြူလွလွ ဤသဏ္ဍာန်များသည် ကဗျာဉာဏ် ဈာန်ဝင်စားအောင် ဖန်တီးပေးနေသည့်နှယ် ရှိသည်။ ရောမခေတ်က ထင်ရှားခဲ့သည့် ဂရိနတ်သမီး ဒိုင်ယာနာနှင့် သူ့အဖော် နတ်သမီးများ ရေချိုးဆင်းချိန်ဟူသော စိတ်ကူးယဉ်မှုမျိုး ဝင်စားနိုင်လောက်ပေသည်။

တစ်ချိန်သောအခါက လူရှုပ်လူနောက်တစ်စုသည် ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသူကို လာဘ်ထိုးကာ ထိုးနေကျ အချိန်ထက် မိနစ်နှစ်ဆယ်စော၍ ထိုးခိုင်းကြသည်။ နေ၏ အလင်းရောင်သည် လုံးဝမပျောက်သွားသေး။ သို့သော် ရေကာတာအောက်ဘက်ရှိ မြစ်ကမ်းပါးထက်မှ ဒိုင်ယာနာနှင့် သူ့အဖော် နတ်သမီးတစ်စုသည် ခေါင်းလောင်းသံကြားသည်နှင့် တစ်ပြိုင်နက် တုံ့ဆိုင်းမနေတော့ဘဲ အဝတ်အစားများကို ချွတ်၍ ရေထဲသို့ ခုန်ဆင်းကြသည်။ သူတို့သည်နေမင်းထက် ခေါင်းလောင်းသံကို ပို၍ ယုံကြည်စိတ်ချကြသည့် သဘောရှိ၏။ ထို့ကြောင့်လည်း ရေကာတာပေါ်မှ ယောကျ်ားများ၏ မျက်စိစားပွဲထိုင်ခြင်းကို ခံကြရလေတော့သည်။ အခု ကျွန်တော် ရောက်နေချိန်တွင်မူ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသမားသည် လာဘ်ထိုး၍ ရဟန်မတူ။ သူခေါင်းလောင်းထိုးချိန်သည် နေဝင်ဆည်းဆာအချိန် ဖြစ်သည်။ အမှောင်ရိပ်များ သန်းနေပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အရာဝတ္ထုကိုမှ ပြက်ပြက်ထင်ထင်မမြင်ရ။

တစ်ညနေခင်း ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို ကောင်းစွာမမြင်နိုင်တော့သည့် အချိန်ခန့်တွင် ကျွန်တော်သည် ရေကာတာ၏ တိုင်တစ်တိုင်ကိုမှီ၍ ရပ်ကာ ဆေးလိပ်တစ်လိပ် အေးအေးဆေးဆေးသောက်နေ၏။

ထိုအခိုက်တွင် မြစ်ကမ်းပါးဆီမှ အမျိုးသမီးတစ်ယောက်သည် လှေကားထစ်များအတိုင်း ရေကာတာပေါ်သို့ တက်လာပြီး ကျွန်တော့်အနီး၌ ထိုင်သည်။ သူ့ဆံပင်တွင် စံပယ်ပန်းများကို ဝေနေအောင် ပန်ထားသည်။ အခုလို အချိန်မျိုးတွင် သူ့ခေါင်းမှ စံပယ်ပန်း လက်တစ်ဆုပ်စာခန့်၏ အနံ့သည် မူးဝေသွားလောက်အောင်ပင် မွှေးပျံ့လျက်ရှိ၏။ ဝတ်ဆင်ထားပုံမှာ ခပ်နုံ့နုံ့ဖြစ်သည်။ တစ်ကိုယ်လုံး အနက်ရောင်ချည်း ဖြစ်သဖြင့် ညခင်းပိုင်းတွင် တွေ့ရတတ်သည့် ဈေးသည်မ တစ်ဦးနှင့်တူနေသည်။ စပိန်တို့၏ ထုံးဓလေ့အရ ဂုဏ်သရေရှိ အမျိုးသမီးများသည် အနက်ရောင် အဝတ်အစားများကို နံနက်ခင်း၌သာ ဝတ်လေ့ရှိကြ၏။ ညပိုင်းတွင် အရောင်လှလှနှင့် ဖက်ရှင်ကျကျ အဝတ်များကို ဝတ်ဆင်လေ့ ရှိကြ၏။

ကျွန်တော့်အနီးတွင် ဝင်ထိုင်သော အမျိုးသမီးသည် ခေါင်းတွင် ခြုံထားသည့် ဇာပဝါကလေးကို ဆွဲလှန်ပြီး ပခုံးနှစ်ဖက်ပေါ် ချလိုက်သည်။ မှုန်မွှားမွှား ကြယ်ရောင်အောက်တွင် သူ့မျက်နှာကို ကျွန်တော် မြင်ရသည်။ အသက်မကြီးသေး။ ခပ်ငယ်ငယ် အရွယ်ကောင်း ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက် လှလှ၊ မျက်လုံးပြူးပြူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လက်ထဲမှ ဆေးပြင်းလိပ်ကို ကပျာကယာ လွှင့်ပစ်လိုက်သည်။ ဤအပြုအမူသည် ပြင်သစ်လူမျိုးများ၏ ယဉ်ကျေးမှုတစ်ခု ဖြစ်သည်ကို အမျိုးသမီးက နားလည်သည်။ သူ့အနေဖြင့် ဆေးပြင်းလိပ်နံ့ကို အလွန်ကြိုက်ကြောင်း၊ အရသာ ခပ်ပေါ့ပေါ့ ဆေးလိပ်ဆိုလျှင် သူကိုယ်တိုင်ပင် သောက်လေ့ရှိကြောင်း ကျွန်တော့်ကို ပြောပြသည်။ ကံအားလျော်စွာပင် ထိုဆေးလိပ်မျိုး ကျွန်တော့်ထံ၌ ပါလာသဖြင့် တစ်လိပ်ထုတ်၍ သူ့ကို ပေးလိုက်ပါသည်။ သူသည် ဆေးလိပ်ကိုမီးညှိပြီး ဖွာလျက်ရှိသည်။

မိန်းမချောလေးတစ်ဦးဖြစ်သော သူနှင့် ကျွန်တော် အချိန်တော်တော်ကြာ စကားပြောမိကြသည်။ နောက်ဆုံးတွင် ရေကာတာပေါ်၌ ကျွန်တော်နှင့်သူ နှစ်ဦးတည်းသာ ကျန်ခဲ့၏။ အအေးတစ်ခုသောက်ရန် ဆိုင်တစ်ဆိုင်သို့ သွားကြရအောင်လားဟု ကျွန်တော်က ဖိတ်ခေါ်လိုက်သည်။ ဤကဲ့သို့ ဖိတ်ခေါ်လိုက်ခြင်းအတွက် ကျွန်တော့်ဘက်က ဂုဏ်သိက္ခာ မစောင့်စည်းရာ မကျဟု ထင်ပါသည်။

သူသည် ပထမတော့ ရှက်သလိုလို၊ ကြောက်သလိုလို စိုးရွံ့သည့် အမူအရာကို ဖော်ပြနေသေးသော်လည်း တစ်ခဏမျှသာ ဖြစ်၏။ ဘယ်နှနာရီလောက် ရှိသွားပြီလဲဟု အချိန်နာရီကို မေးပြီးသော် ကျွန်တော်၏ ဖိတ်ကြားချက်ကို လက်ခံသည်။ ကျွန်တော်က နာရီကိုကြည့်သည်။ နာရီမှ မှန်မှန်ထွက်ပေါ်နေသော စက်သံသည် သူ့အဖို့ အကြီးအကျယ် အံ့သြစရာတစ်ခု ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ နိုင်ငံခြားသားတွေဆီမှာ အထူးအဆန်း ပစ္စည်းတွေ မြင်ရတတ်တယ်နော်၊ ရှင်ဘယ်နိုင်ငံက လာတာ လဲ ဆီညော်၊ ရှင်ဟာ အင်္ဂလိပ်တစ်ယောက် ဖြစ်မယ်ထင် တယ်'

'ပြင်သစ်ပါ၊ မင်းကိုကော ဆီညော်ရီတာလို့ ခေါ်ရ မလား၊ ဆီညော်ရာလို့ ခေါ်ရမလား၊ မင်းကော်ဒိုဗားမြို့ ကပဲ ထင်ပါရဲ့'

'မဟုတ်ပါဘူး'

'ဒါဆိုရင် အင်ဒါလူဆီယန်တစ်ယောက် ဖြစ်မယ် ထင်ပါရဲ့၊ မင်းစကားပြောတဲ့အခါ ထွက်လာတဲ့ အသံက ပျော့တယ်'

'ရှင့်အနေနဲ့ လူတွေရဲ့ စကားပြောသံကို နားထောင် ပြီး အကဲဖြတ်တတ်တယ်ဆိုရင် ကျွန်မဘာဆိုတာ အတိ အကျကို ပြောနိုင်မှာပါ'

'ငါကတော့မင်းကို ယေရှုသခင်ရဲ့ နိုင်ငံတော်ကလာ တဲ့ လူတစ်ယောက်လို့ထင်တယ်၊ နတ်ပြည်နဲ့ ခြေနှစ်လှမ်း သာကွာတဲ့ နေရာက မဟုတ်လား'

(အင်ဒါလူဆီယာ နယ်ကို တင်စားထားသည့်စကား ဖြစ်သည်။ ဤတင်စားချက်ကို ကျွန်တော့်မိတ်ဆွေ ထို နယ်သားတစ်ဦးဖြစ်သော ဖရန်စစ္စကို ဆီဗီလားထံမှ ရခဲ့ခြင်း ဖြစ်၏)

'ဟာ… ဘယ်ကလာဟုတ်ရမှာလဲ၊ ဒီအရပ်က လူတွေကတော့ နတ်ဘုံဟာ ကျွန်မတို့အတွက် မဟုတ်ဘူးလို့ ပြောကြတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို မင်းဟာ မူးလူမျိုး၊ ဒါမှမဟုတ်' ကျွန်တော် အပြောရခက်နေသည်။ ဂျူးတစ်ယောက် မဟုတ်လားဟူသောစကားကို ထွက်ရမှာ ဝန်လေးနေသည်။

'ပြောပါ ပြောမှာသာ ပြောလိုက်စမ်းပါ၊ အားနာမနေပါနဲ့၊ ကျွန်မ ဂျစ်ပစီမတစ်ယောက်ဆိုတာ ရှင်သိနေပြီ မဟုတ်လား၊ ရှင့်အနာဂတ်အတွက် ဗေဒင်မေးမလား၊ ကာမင်းဆိုတဲ့ ကောင်မလေးတစ်ယောက်အကြောင်းကို ရှင်မကြားမိဘူးလားဟင်၊ ကာမင်းဆိုတာ ကျွန်မပဲရှင့်'

ထိုအချိန်က ကျွန်တော်သည် တကယ့်လူညံ့လူရှော့တစ်ဦးဖြစ်ခဲ့သည်။ ကြာတော့ ကြာပါပြီ။ လွန်ခဲ့သော ဆယ့်ငါးနှစ်က အဖြစ်။ စုန်းကဝေမတစ်ယောက်နှင့် မိတ်ဆွေဘဝ ရောက်ခဲ့ရခြင်း။ 'ကောင်းပေါ့ကွာ'ဟု မိမိကိုယ်မိမိ ပြောမိသည်။ 'ပြီးခဲ့တဲ့ အပတ်ထဲက နာမည်ကြီး လူဆိုးတစ်ယောက်နဲ့ ညစာစားခဲ့ရတယ်၊ ကနေ့ကျတော့ နတ်ဆိုးရဲ့ လက်ပါးစေမ တစ်ယောက်နဲ့ အအေးသောက်ရတော့မယ်၊ အေးလေ ခရီးသည်တစ်ဦးဟာ အရာရာတိုင်းကို ကြည့်ဖို့မြင်ဖို့ ကြိုတင်ပြင်ဆင်မှု ရှိထားရမယ်ဆိုတဲ့ စကားရှိသားပဲ'

ဤဂျစ်ပစီမကလေးနှင့် ခင်မင်မှုကို ကျွန်တော့်ဘက်က ပြုစုပျိုးထောင်ရခြင်းမှာ အကြောင်းတစ်ခုလည်း ရှိသည်။ ကျွန်တော် ရှက်ရှက်နှင့် ဝန်ခံရမည်ဆိုပါက ကျောင်းမှထွက်ကတည်းက ကျွန်တော်သည် မှော်အတတ်ပညာကို အချိန်တော်တော်ကြာမျှ စိတ်ဝင်တစား လေ့လာခဲ့ဖူးသည်။ တစ္ဆေသရဲ စသော ဝိညာဉ်များကိုပင် ခေါ်ယူနိုင်ရန် အား



www.burmeseclassic.com

www.burmeseclassic.com



ထုတ် ခဲ့ဖူးသည်။ ယင်းကဲ့သို့သော လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန် ဝါသနာမရှိတော့သည်မှာ ကြာပြီဖြစ်သော်လည်း အစွဲအလမ်းကြီးမှုများနှင့် ပတ်သက်လာလျှင် လေ့လာလိုက်စားချင်သော စိတ်ကတော့ ကျန်နေသေးသည်။ ထို့ကြောင့် ဤအမျိုးသမီးကို ဂျစ်ပစီမတစ်ယောက်မှန်း သိလိုက်သည့်အခါ ဂျစ်ပစီများ၏ကြား၌ စုန်းကဝေ မှော်အတတ်ပညာ မည်ကဲ့သို့ တိုးတက်ထွန်း ကားလာသည်ကို သိလိုစိတ် ပြင်းပြလာခဲ့လေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် ဆိုင်ထဲသို့ ဝင်ခဲ့ကြ၏။ ဖယောင်းတိုင် တစ်တိုင်ထည့်၍ ထွန်းထားသော လေးဖက်လေးတန်မှန်ကာ မီးပုံကလေးတစ်ခု တင်ထားသည့် စားပွဲတစ်လုံးတွင် ဝင်ထိုင်ကြသည်။ အခြားစားပွဲမှ လူများသည် ကျွန်တော့်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြသည်။ ဂျစ်ပစီမတစ်ယောက်နှင့် အဖော်လုပ်လာသော ကျွန်တော်သည် သူတို့အတွက် အံ့ဩစရာ လူတစ်ယောက် ဖြစ်နေဟန်တူလေသည်။

မဒမ်ကာမင်းသည် ဂျစ်ပစီစစ်စစ်မှ ဟုတ်ပါလေစ ဟူသော သံသယသည် ကျွန်တော့်စိတ်တွင်ဝင်လျက် ရှိသည်။ သူသည် ကျွန်တော်တွေ့ဖူးခဲ့သမျှ ဂျစ်ပစီမများထဲတွင် အလှဆုံး အချောဆုံးတစ်ယောက် ဖြစ်နေသည်။ စပိန်တို့၏ အလိုအရ မိန်းမတစ်ယောက်ကို ချောသည် လှသည်ဟု သတ်မှတ်နိုင်ရန်အတွက် စံနှုန်းအချက်သုံးဆယ်နှင့် ကိုက်ညီရမည်။ တစ်နည်းအားဖြင့် ပြောရလျှင် လှသည်ဟု ပြောနေကြသော အမျိုးသမီးကို နာမဝိသေသန



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လုံးဖြင့် ပေါ်လွင်ထင်ရှားစွာ ဖော်ပြနိုင်ရမည်။ နာမ ဝိသေသန တစ်လုံးစီက ထိုအမျိုးသမီး၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းသုံးပိုင်းကိုပေါ်လွင်စွာ ဖော်ပြရမည်ဟု ဆိုခြင်း ဖြစ်၏။ ဥပမာ အမျိုးသမီးတွင် အနက်ရောင် သုံးမျိုး ရှိရမည်။ ဆိုကြပါစို့၊ နက်မှောင်သော မျက်လုံးများ၊ နက်မှောင်သော မျက်တောင်များနှင့် နက်မှောင်သော မျက်ခုံးများ ရှိနေရမည်။ နူးညံ့ပျော့ပျောင်းသော အင်္ဂါရပ်သုံးခုရှိရမည် ဆိုပါစို့။ လက်ချောင်းကလေးများ နူးညံ့ပျော့ပျောင်းခြင်း၊ နှုတ်ခမ်းသားများ နူးညံ့ပျော့ပျောင်းခြင်း၊ ဆံပင်များ နူးညံ့ပျော့ပျောင်းခြင်း ရှိရမည် စသည်စသည်ဖြင့် စံနှုန်းများနှင့် ညီမညီ ချိန်ထိုးကြည့်ကြခြင်း ဖြစ်လေသည်။

ကျွန်တော့် ဂျစ်ပစီမကလေးသည် ထိုသတ်မှတ်ချက် အားလုံးနှင့် ကိုက်ညီပါသည်ဟု မဆိုနိုင်။ သူ့အသားအရေ သည် အလွန့်အလွန်ကို ညက်ညောချောမွေ့သည်။ အရောင် အဆင်းကျတော့ ကြေးနီရောင်ဘက် ယိမ်းသည်။ သူ့မျက် လုံးအစုံသည် စွေသယောင်ယောင် ရှိသော်လည်း အရွယ် အစားနှင့် ပုံသဏ္ဍာန်မှာ အလွန်လှသည်။ သူ့နှုတ်ခမ်းများ သည် ထူသော်လည်း ပီပြင်ထင်ရှားသည်။ သွားများမှာ အခွံချွတ်ထားသည့် ဗာဒံစေ့ကလေးများသဖွယ် ဖွေးဖွေးဖြူ နေ၏။ သူ့ဆံပင်များသည် မဆိုစလောက်ကလေးမျှ ကြမ်းသည်ဟု ဆိုရသော်လည်း ရှည်လျားပြီး နက်မှောင် တောက်ပနေသည်။ အနက်ရောင်တွင် အပြာရောင်ကလေး မသိမသာ ရောစွက်နေသဖြင့် ကျီးကန်းတစ်ကောင်၏ အတောင်မှ အရောင်နှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတိုချုပ်၍ ပြောရသော် ချွတ်ယွင်းချက်တစ်ခု ရှိနေလျှင် ထိုချွတ်ယွင်းချက်ကို အခြားတစ်ခုက ချေဖျက်ပေးခြင်းအားဖြင့် မျှတညီညွတ်ကာ သူ့အလှသည် ထူးဆန်းသော အလှ၊ သဘာဝအတိုင်း တည်နေသည့် ရိုင်းသောအလှ။ သူ့မျက်နှာသည် တစ်ချက်ကလေး မြင်ရုံမျှဖြင့် တစ်သက်မမေ့နိုင်သည့် မျက်နှာဖြစ်၏။ အထူးခြားဆုံးမှာ သူ့မျက်လုံးများ၏ အကြည့်ဖြစ်၏။ ထိုအကြည့်တွင် အာရုံခံစားမှုတွင် လွန်ကဲခြင်းနှင့် ခက်ထန်တင်းမာခြင်းတို့ ပေါင်းစပ်ထားသည်ကို တွေ့ရပါသည်။

'ဂျစ်ပစီတစ်ယောက်၏ မျက်လုံးသည် ဝံပုလွေတစ်ကောင်၏ မျက်လုံးပင် ဖြစ်သည်'ဟူသော စပိန်တို့၏ ဆိုရိုးစကားတစ်ခုရှိသည်။ ထိုစကားသည် တိကျမှန်ကန်သော အမြင်အပေါ်တွင် အခြေခံ၍ ဆိုထားသော စကားဟု ကျွန်တော်ထင်သည်။ တိရစ္ဆာန်ရုံ တစ်ရုံသို့သွား၍ ဝံပုလွေတစ်ကောင်၏ မျက်စိကိုကြည့်ဖို့ အချိန်မရလျှင် စာတစ်ကောင်ကို ခုတ်ရန် ချောင်းနေသော ကြောင်တစ်ကောင်၏ မျက်စိကို ကြည့်ပါ။ သဘောသဘာဝ အတူတူပင် ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

စားသောက်ဆိုင်ထဲတွင် ဗေဒင်မေးဖို့ဆိုသည်မှာ အလွန်ကြောင်သောကိစ္စတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က ကျွန်တော့်မှော်ဆရာမ မိန်းမချောကလေးအား သူ့အိမ်အထိလိုက်၍ ဗေဒင်မေးလျှင် ရနိုင်မလားဟု မေးရပါသည်။ သူကလည်း ချက်ချင်းပင် သဘောတူသည်။ သို့သော် ဘယ်အချိန်ရှိပြီကို သူက သိချင်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က နာရီကို ကြည့်ရပြန်သည်။

'ဒီဟာ တကယ့်ရွှေအစစ်နော်'ဟု သူက မေးသည်။ နာရီကို သူကြည့်နေပုံမှာ စိတ်ဝင်စားမှု လွန်ကဲနေသည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော်တို့ ဆိုင်ထဲမှ ပြန်ထွက်လာသည့်အခါ တွင်မူ အပြင်ဘက်၌ အတော်မှောင်နေပြီ။ ဆိုင်အတော် များများ ပိတ်ကုန်ကြပြီ။ လမ်းများပေါ်တွင် လူသွားလူလာ မရှိတော့။ ကျွန်တော်တို့သည် ဂွါဒါကွီဗာ တံတားကို ဖြတ်ကြ၏။ မြို့ဆင်ခြေဖုံးရပ်ကွက် အစွန်အဖျားသို့ ရောက် သောအခါ နန်းတော်တစ်ခုနှင့်တူသည့် အိမ်တစ်အိမ်ရှေ့တွင် ရပ်ကြသည်။ အတွင်းမှ ကလေးတစ်ယောက်က တံခါးဖွင့် ပေးပါသည်။ ဂျစ်ပစီမကလေးက ကျွန်တော် လုံးဝ နား မလည်သော ဘာသာစကားဖြင့် စကားတစ်ခွန်း နှစ်ခွန်း ပြောသည်။ နောက်ပိုင်းကျမှ သူပြောလိုက်သည့်စကားမှာ 'ရိုမင်နီ'ခေါ် ဂျစ်ပစီဘာသာစကား ဖြစ်ကြောင်း သိရသည်။ တံခါးဖွင့်ပေးခဲ့သော ကလေးသည် ကျွန်တော်တို့ကို အတော် အတန် ကျယ်ဝန်းသော အခန်းတစ်ခန်းဆီသို့ ပို့ပေးပြီး နောက် ပျောက်သွားသည်။ အခန်းထဲတွင် စားပွဲငယ်တစ်လုံး၊ ခွေးခြေနှစ်လုံးနှင့် သေတ္တာကြီးတစ်လုံး။ ပြီးတော့ ရေအိုး တစ်လုံး၊ လိမ္မော်သီးတစ်ပုံနှင့် ကြက်သွန်နီတစ်တွဲ ရှိသည်။

နှစ်ဦးတည်း ကျန်ခဲ့သောအခါ ဂျစ်ပစီမကလေး သည် သေတ္တာကြီးထဲမှ ဖဲထုပ်တစ်ထုပ်၊ သံလိုက်တစ်ခု၊ ပုတ်သင်ညို အခြောက်တစ်ကောင်နှင့် အခြားပစ္စည်း အတိုအထွာများထုတ်၍ စားပွဲပေါ်၌ ချလိုက်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် သူက ကျွန်တော့် ဘယ်လက်ဖဝါးကို ပိုက်ဆံကြေးပြားတစ်ပြားဖြင့် ကြက်ခြေခတ်ခိုင်းပြီး သူ့လုပ်ငန်းကို စသည်။ သူ၏ ဟောပြောချက်များကို ကျွန်တော် အသေးစိတ်ပြန်၍ ပြောပြမနေချင်ပါ။ သို့သော် သူ၏ လုပ်နည်းလုပ်ဟန်များနှင့် ဟောပြောချက်များကို ကြည့်ရခြင်းအားဖြင့် သူသည် အဆင့်အတန်း နိမ့်ကျသော မှော်ပညာရှင်တစ်ဦး မဟုတ်မှန်း သိသာထင်ရှားနေသည်။

မည်သို့ပင်ဖြစ်စေ ကံမကောင်း အကြောင်းမသင့်သဖြင့် ချက်ချင်းလိုလိုပင် အနှောင့်အယှက် အဖျက်အဆီးတစ်ခုနှင့် ကြုံကြရသည်။ အိမ်ရှေ့တံခါးသည် ဖြုန်းခနဲပွင့်သွားပြီး မျက်စိနှစ်လုံးကိုသာဖော်၍ မျက်နှာတစ်ခုလုံးကို အဝတ်စည်းထားသော လူတစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်။ ဂျစ်ပစီမကလေးကို စကားလှမ်းပြောသည်။ သူဘာပြောနေသည်ကို ကျွန်တော် နားမလည်ပါ။ သို့သော် ပြောနေသည့် လေသံအရ အလွန်စိတ်ဆိုးနေသည့် လက္ခဏာရှိ၏။

ဂျစ်ပစီမကလေးကမူ သူ့ကို မြင်လိုက်သည့်အခါ အံ့သြခြင်းလည်း မဖြစ်၊ ဒေါသဖြစ်ပုံလည်း မရ။ သူ့ကို မြင်လျှင်မြင်ချင်း သူ့ဆီသို့ အပြေးအလွှားသွား၍ ကြိုသည်။ ပါးစပ်မှလည်း စကားတွေ အဆက်မပြတ် ပြောသည်။ စောစောက ကျွန်တော်ကြားခဲ့ဖူးသည့် ဘာသာ စကားနှင့်ပင် ပြောနေခြင်း ဖြစ်၏။ သူပြောနေသည့် စကားများထဲတွင် ‘ပေလို’ ဟူသော စကားတစ်လုံးကို ထပ်တလဲလဲ ကြားရ၏။ ဤစကားလုံးတစ်လုံးကိုတော့ ကျွန်တော် နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီများအနေဖြင့် သူတို့ လူမျိုးမဟုတ်သူ တစ်ဦးတစ်ယောက်ကို ရည်ညွှန်းပြောဆိုသည့်အခါ ထိုစကားလုံးကို သုံးတတ်ကြ၏။ သူကျွန်တော့် အကြောင်းပြောနေသည်မှာ ထင်ရှားသည်။ သို့ဆိုလျှင် ဒုက္ခရောက်စရာ အကြောင်းတစ်ခုတော့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

ကျွန်တော်၏ လက်တစ်ဖက်သည် ခွေးခြေတစ်လုံးကို ဆုပ်ကိုင်ထားသည်။ အခန်းထဲသို့ ကျူးကျော်ဝင်ရောက်လာသူ၏ ဦးခေါင်းကို ဘယ်အချိန်က ရိုက်ခွဲရမည်ကို စဉ်းစားချိန်ဆသည်။ ထိုလူသည် ဂျစ်ပစီမလေးကို ခပ်ကြမ်းကြမ်း တွန်းဖယ်လိုက်ပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။ ထို့နောက် နောက်သို့ တစ်လှမ်းမျှဆုတ်၍ ရပ်လိုက်ပြီး အော်ကြီးဟစ်ကျယ် ရေရွတ်သည်။

'ဟာ...ဘယ်လိုလဲ ဆီညော်၊ ကျွန်တော်က တခြားလူထင်တာ ခင်ဗျားပါလား'

ကျွန်တော်က သူ့ကို လှမ်းကြည့်သည်။ ချက်ချင်းပင် မှတ်မိပါသည်။ တခြားလူမဟုတ်၊ ကျွန်တော့်မိတ်ဆွေ ဒွန်ဂျိုစီ။ ဤတဒင်္ဂ အချိန်ကလေးအတွင်းမှာပင် သူ့ကို ကျွန်တော် ကယ်ဆယ်လိုက်မိခြင်းအတွက် နောင်တရမိသည်။

'သြော်...ခင်ဗျားကိုး' ဟု ကျွန်တော်က အလိုက်သင့် ရယ်၍ ပြောလိုက်ပါသည်။ 'ဆီညော်ရီတာ ကာမင်းက ကျွန်တော့်အတွက် စိတ်ဝင်စားစရာကောင်းတဲ့ အချက်တွေ ဟောပြောနေတုန်းမှာ ခင်ဗျားက ရောက်လာတာကိုး'

'သူလုပ်နေကျအတိုင်း လုပ်နေတာပဲ၊ ဒါကို ရပ်



www.burmeseclassic.com

www.burmeseclassic.com



တန်းက ရပ်သွားအောင် ကျွန်တော်က မလုပ်လို့မဖြစ်ဘူး၊ လုပ်ရလိမ့်မယ်’ဟု ဒွန်ဂျိုစီက အံကြိတ်၍ပြောကာ ဂျစ်ပစီမကလေး၏ မျက်နှာကို စူးစူးရဲရဲ ကြည့်နေသည်။

မည်သို့ဖြစ်စေ ဂျစ်ပစီမကလေးကတော့ သူ့ဘာသာစကားဖြင့် စကားကို အဆက်မပြတ် ပြောနေဆဲ။ ပြောရင်းပြောရင်းနှင့် တိုး၍တိုး၍ စိတ်လှုပ်ရှားလာသည်။ သူ့မျက်လုံးများသည် နီရဲလာသည်။ ကြောက်စရာကောင်းလောက်အောင် အရောင်တလက်လက် ထွက်လာသည်။ တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလာသည်။ ခြေထောက်များကိုလည်း မကြာခဏ ဆောင့်သည်။ သူ့ပြောပုံဆိုပုံနှင့် ဟန်ပန် အမူအရာကို ကြည့်ရသည်မှာ ဒွန်ဂျိုစီအား တစ်စုံတစ်ခု လုပ်ရန် ဇွတ်တိုက်တွန်းနေပုံ ရသည်။ ဒွန်ဂျိုစီက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသဖြင့်အားမလိုအားမရ ဖြစ်နေပုံလည်းရ၏။ သူ၏ သေးသွယ်သွယ် လက်တစ်ဖက်ဖြင့် မေးစေ့အောက်ကို မကြာခဏ ဖြတ်ဖြတ်ပြနေသည်ကိုလည်း မြင်ရသည်။ လူတစ်ယောက်၏ လည်ပင်းကို လှီးဖြတ်ခိုင်းနေခြင်း ဖြစ်ရမည်ဟု ကျွန်တော် တွေးမိသည်။ ထိုလည်ပင်းမှာလည်း တခြားလူ လည်ပင်းတော့ မဖြစ်နိုင်၊ ကျွန်တော့်လည်ပင်းဖြစ်ဖို့က များသည်ဟူသော သံသယဝင်လာသည်။

တစ်ဖက်က ကရားရေလွှတ် တတွတ်တွတ် ပြောနေသည်များကို ဒွန်ဂျိုစီက ဂရုမစိုက်။ စကားတစ်လုံးနှစ်လုံးတိုတိုပြတ်ပြတ်ပြောကာ ရပ်သွားအောင် လုပ်လိုက်သည်။ ဂျစ်ပစီမသည် မထီလေးစား မျက်နှာထားဖြင့် ဒွန်ဂျိုစီကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှ စူးစူးရဲရဲ ကြည့်လိုက်သည်။ ထို့နောက် အခန်းထောင့်သို့သွား၍ ထိုင်ကာ လိမ္မော်သီးတစ်လုံး အခွံနွှာ၍ စားလျက်ရှိလေသည်။

ဒွန်ဂျီစီက ကျွန်တော့်လက်မောင်းကို ဆွဲကာ တံခါးကို တွန်းဖွင့်ပြီး အပြင်ဘက်လမ်းမပေါ်သို့ ပို့သည်။ နှစ်ယောက်သား စကားတစ်ခွန်းမှ မပြော။ ခြေလှမ်း တစ်ရာခန့် လျှောက်မိသောအခါ ဒွန်ဂျီစီက ရှေ့တည့်တည့် သို့ လက်ညှိုးထိုးပြပြီး ပြောသည်။ 'တည့်တည့်သာ ဆက်သွားပါ ဆီညော်၊ ခင်ဗျားတံတားပေါ် ပြန်ရောက်သွား ပါလိမ့်မယ်'

သူသည် ချာခနဲ ပြန်လှည့်ကာ လာလမ်းအတိုင်း လျင်မြန်စွာ လျှောက်သွားသည်ကို တွေ့လိုက်ရ၏။ တည်းခို ရာ ထမင်းဆိုင်သို့ ပြန်လာခဲ့သော ကျွန်တော့်စိတ်သည် ဘဝင်မကျ။ ဂုဏ်သိက္ခာ ကင်းမဲ့အောင် အသရေအဖျက်ခံ လိုက်ရသည်ဟုထင်ကာ ဒေါသဖြစ်၍ မဆုံး။ အဆိုးဆုံးကား အခန်းထဲရောက်၍ အဝတ်အစားများ လဲလိုက်သည့်အခါ ကျွန်တော့်နာရီ ပျောက်နေသည်ကို တွေ့ရခြင်းပေတည်း။

နောက်တစ်နေ့တွင် ကျွန်တော်ကိုယ်တိုင်သွား၍ နာရီကို တောင်းယူရန်၊ သို့မဟုတ် ပုလိပ်မှတစ်ဆင့် ပြန်၍ရယူရန် စိတ်ကူးမိသည်။ သို့သော်လည်း စဉ်းစားစရာ အကြောင်းတွေက အမျိုးမျိုးရှိလာသဖြင့် နှစ်ခုစလုံးကို မလုပ်ဖြစ်တော့ပါ။ ဒိုမီနီကန် ဘုန်းကြီးကျောင်းမှ စာမူနှင့် ပတ်သက်၍ လုပ်စရာရှိသမျှကိုမူ အမြန်ဆုံး ပြီးပြတ်သွား အောင် လုပ်လိုက်သည်။ ထို့နောက် ကျွန်တော် ဆီဗီးလ်မြို့



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်လာခဲ့လေသည်။

အင်ဒါလူဆီယာ နယ်အတွင်း၌ လပေါင်းများစွာ လှည့်လည် သွားလာခဲ့ပြီးသည့်နောက်တွင် ကျွန်တော်သည် မက်ဒရစ်မြို့သို့ပြန်ရန် ဆုံးဖြတ်လိုက်၏။ သို့ဆိုလျှင် ကျွန်တော်သည် ကော်ဒိုဗားမြို့ဘက်မှ လှည့်၍ သွားရပေဦးတော့မည်။ ဤတစ်ခေါက်တွင် ကျွန်တော် ကော်ဒိုဗား၌ ရက်ကြာကြာနေမည်ဟု စိတ်မကူးပါ။ လှပသော ကော်ဒိုဗားမြို့နှင့် ဂွါဒါကွီဗာ မြစ်ကမ်းပါးသို့ ရေချိုးလာလေ့ရှိသော မိန်းကလေးများအပေါ်တွင် မနှစ်မြို့သောစိတ်သည် ကျွန်တော့်ရင်၌ ကိန်းအောင်းနေပြီ။

မည်သို့ပင်ဖြစ်စေ မိတ်ဆွေအတော်တော်များများနှင့် တွေ့ဆုံနှုတ်ဆက်ဖို့သာမက လုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်စရာများကလည်း ရှိနေသဖြင့် တစ်ချိန်က မွတ်စလင် မင်းညီမင်းသားများ စိုးစံရာ ဤရှေးဟောင်းမြို့တော်၌ အနည်းဆုံး သုံးလေးရက်တော့ နေရလိမ့်ဦးမည် ဖြစ်သည်။

ကျွန်တော် ဒိုမီနီကန် ဘုန်းကြီးကျောင်းသို့ ရောက်သွားသောအခါ မန်ဒါရှေးဟောင်းမြို့တော် ရှာဖွေရေး သုတေသန လုပ်ငန်းနှင့် ပတ်သက်၍ စိတ်ဝင်တစား ရှိခဲ့ဖူးသော ဘုန်းတော်ကြီးတစ်ပါးက ဝမ်းသာအားရ ဆီးကြိုသည်။

'ဘုရားသခင်ရဲ့ ဂုဏ် ကျေးဇူးတော်ကို ချီးကျူးရလိမ့်မယ်၊ ကျုပ်တို့အားလုံးက ခင်ဗျားကို သေပြီလို့ တွက်ထားကြတာ၊ အခုတိုင်းဆိုတော့ ခင်ဗျား အသတ်မခံရလို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အားလုံး သိနေကြတာက ခင်ဗျား ဓားပြအတိုက်ခံရတယ်လို့ သိနေကြတာ’

‘ဘယ်လိုနည်းနဲ့ သိကြတာလဲ’ဟု ကျွန်တော်က တအံ့တသြ ပြန်မေးလိုက်သည်။

‘ခင်ဗျား ကျုပ်တို့ကျောင်းစာကြည့်တိုက်မှာ လာပြီး လေ့လာနေတုန်းက ကျုပ်တို့ ခင်ဗျားဆီကိုလာပြီး ဘုရားဝတ်ပြုဖို့ အချိန်ကျပြီလို့ပြောတဲ့ အခါတိုင်း ခင်ဗျားထုတ်ကြည့်လေ့ရှိတဲ့ နာရီကို မှတ်မိတယ် မဟုတ်လား၊ အဲဒါပဲ အဲဒီနာရီကို တွေ့ထားကြတယ်၊ ခင်ဗျားကို ပြန်ပေးလိမ့်မယ်’

ကျွန်တော် စဉ်းစားရခက်ကာ နားဝေတိမ်တောင်ဖြစ် လျက် ရှိ၏။ ‘ဘယ်လိုကနေပြီး ဘယ်လိုဖြစ်တာလဲ’ဟု ရေရွတ်မိသည်။ ‘အမှန်ကတော့ အဲဒီ နာရီကို ကျွန်တော် ပျောက်သွားတာ’

‘လူဆိုးကိုတော့ ဖမ်းမိထားပါပြီ၊ သူကတော့ ကြေးပြားတစ်ပြားလောက် ရရင်တောင် လူသတ်မယ့်လူလို့ နာမည်ကြီးနေတာပဲ၊ ကျုပ်တို့က ခင်ဗျားကို သူသတ်ပြီလို့ တွက်ထားကြတာ၊ ကျုပ် ခင်ဗျားနဲ့အတူတူ ပုလိပ်ဆီ လိုက်ခဲ့မယ်၊ ခင်ဗျားနာရီကို ပြန်ယူကြတာပေါ့၊ ဒါမှလည်း ခင်ဗျား ပြင်သစ်နိုင်ငံကို ပြန်ရောက်သွားတဲ့အခါ စပိန်နိုင်ငံမှာ တရားမျှတမှုဆိုတာ မရှိဘူးလို့ မပြောနိုင်တော့ဘူးပေါ့ မဟုတ်လား’

‘မဟုတ်သေးပါဘူး၊ ဒီကိစ္စက ကျွန်တော်ဝန်ခံရမှာပဲ’ဟု ကျွန်တော်က ပြောသည်။ ‘ကျွန်တော့်နာရီက

www.burmeseclassic.com



ပျောက်တာ၊ ကျွန်တော့်နာရီကြောင့် ကြိုးစင်တက်ရမယ် ဆိုရင် ဟိုခများအတွက် ဘယ်ကောင်းတော့မှာလဲ'

'ဟာ...စိတ်ပူစရာမရှိပါဘူး၊ သူ့အမှုတွေက အများကြီးပါ၊ သူတို့အနေနဲ့ သူ့ကို ကြိုးပေးရင်လည်း တစ်ကြိမ်ထက် ပိုပြီး ပေးနိုင်တာမှမဟုတ်ဘဲ၊ကျွန်တော်စောစောက ကြိုးပေးမယ်လို့ ပြောခဲ့တာတောင် မှားနေတယ်၊ ခင်ဗျားပစ္စည်းကို ခိုးတဲ့သူခိုးက အထက်တန်းစား မျိုးရိုးဗျ၊ ဒါကြောင့် သူ့ကိုကြိုးမပေးဘူး၊ သံကော်လာတပ်ပြီး အသတ်ခံရမှာ၊ သန်ဘက်ခါဆိုရင် သူ့ကို သတ်တော့မယ်၊ သေဒဏ်ကို ခေတ္တခဏ ဆိုင်းငံ့ထားခွင့်ကတော့ရနိုင်ဖို့ အလားအလာမရှိတော့ပါဘူး၊ တစ်ကြိမ်ပဲခိုးခိုး နှစ်ကြိမ်ပဲခိုးခိုး သူ့ကံကြမ္မာအတွက်ကတော့ ဘယ်လိုမှ ထူးလာစရာအကြောင်းလည်းမရှိတော့ပါဘူး။ သူက လူသတ်မှုတွေလည်း အများကြီး ကျူးလွန်ခဲ့တာ၊ နောက်တစ်ကြိမ်ကျူးလွန်တဲ့ လူသတ်မှုက အရင်တစ်ကြိမ်က ကျူးလွန်ခဲ့တဲ့ လူသတ်မှုထက် ဆိုးတာချည်းပဲ'

'သူ့နာမည်က ဘယ်သူလဲ'

'ဒီဘက်ဒေသမှာ ဂျိုစီနာဗာရိုးလို့ လူသိများနေတဲ့ လူတစ်ယောက်ပဲ၊ သူ့မှာ ဘတ်စ်ကွေး*ဘာသာစကားနဲ့ မှည့်ထားတဲ့ နာမည်တစ်မျိုးလည်း ရှိတယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ အသံတောင်မထွက်တတ်တဲ့ နာမည်မျိုးပါ၊ သူ့ကို ခင်ဗျားတွေ့ချင်တယ်ဆိုလည်း ရပါတယ်၊ ဒီဒေသ

* Basqueစပိန်နိုင်ငံမြောက်ပိုင်း၌နေထိုင်သော လူမျိုးစုတစ်မျိုး၊ ဘတ်စ်ဘာသာ စကားလည် သီးခြားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းက အထူးအဆန်းတွေကို လေ့လာဖို့ စိတ်ဝင်စားတယ် ဆိုရင်တော့ သူနဲ့တွေ့ရမယ့် အခွင့်အရေးကို ခင်ဗျား လက်လွှတ်မခံသင့်ဘူးလို့ ထင်တာပဲ၊ အခုဆိုရင် သေဒဏ် ချမှတ်ခံရတဲ့လူအတွက် သီးသန့်လုပ်ထားတဲ့ ဝတ်ကျောင်း ထဲမှာ သူရှိနေတယ်၊ ဖာသာမာတီနက်ဇ်က ခင်ဗျားကို ခေါ်သွားပါလိမ့်မယ်'

ကျွန်တော့်မိတ်ဆွေ ဒိုမီနီကင် ဘုန်းတော်ကြီးက အားတက်သရော တိုက်တွန်းနေသဖြင့် ငြင်းပယ်ရန် မတတ် သာတော့ပါ။ ကျွန်တော် အကျဉ်းသားကို သွားကြည့်သည့် နေ့တွင် သူ့အတွက် ဆေးပြင်းလိပ်တစ်ဘူး လက်ဆောင်ယူ သွားသည်။ ဤလက်ဆောင်သည် မမျှော်လင့်ဘဲ အလည် ရောက်လာသော ကျွန်တော့်အပေါ် စိတ်မခုစေရန် ဆွဲ ဆောင်နိုင်စွမ်း ရှိလိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော် သူ့အခန်းထဲသို့ ရောက်သွားသောအခါ ဒွန်ဂျိုစီသည် နေ့လယ်စာ စားလျက်ရှိ၏။ ကျွန်တော့်ကို အေးတိအေးစက် မျက်နှာထားဖြင့်ဆီး၍ ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်သည်။ ကျွန်တော်ယူလာ သည့် လက်ဆောင်အတွက် ကျေးဇူးတင်စကား ပြောသည်။ ကျွန်တော်က ဘူးထဲမှ ဆေးပြင်းလိပ်များကို အတိအကျ ရေတွက်ကြည့်ပြီးမှ ပေးသည်။ သူကလည်း သူလိုချင်သည့် အရေအတွက်ကိုသာ ရွေးယူပြီး သူ့အတွက်များများ ယူထား ဖို့ မလိုတော့ဟု ပြောကာ ဆေးပြင်းလိပ်ဘူးကို ပြန်ပေး သည်။

သူအခုကျရောက်နေသည့် ကံကြမ္မာဆိုးမှ သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရာ သက်သာကြောင်းအတွက် ငွေကြေးလာဘ် ထိုးသည့်နည်းဖြင့်ဖြစ်စေ သို့မဟုတ် ကျွန်တော့်မိတ်ဆွေ တချို့၏ ဩဇာအာဏာကို သုံး၍ဖြစ်စေ လုပ်ပေးရမလားဟု ကျွန်တော်က သူ့ကို မေးသည်။ ပထမတော့ သူက စိတ်ထိခိုက် ကြေကွဲနေသော အပြုံးဖြင့်ပခုံးနှစ်ဖက်ကို တွန့်လိုက်ပါသည်။ သို့သော် ချက်ချင်းလိုလိုပင် စိတ်ပြောင်းသွားကာ သူ၏ လွဲမှားနေသော စိတ်ကို ပြန်လည်တည့်မတ်ပေးသည့်အနေဖြင့် ဆုတောင်းပွဲတစ်ပွဲ လုပ်ပေးဖို့ မေတ္တာရပ်ခံလာလေသည်။

'ခင်ဗျား လုပ်ပေးနိုင်မယ်ဆိုရင်တော့'ဟု သူက တွန့်ဆုတ်ဆုတ် အမူအရာဖြင့် ထပ်ပြောသည်။ 'ခင်ဗျား အပေါ်မှာ မကောင်းမှုတစ်ခု ပြုမိခဲ့တဲ့ လူတစ်ယောက်အတွက်လည်း ဆုတောင်းပွဲ နောက်တစ်ခု လုပ်ပေးစေချင်ပါတယ်'

'ဘာကြောင့် လုပ်မပေးနိုင်ရမှာလဲ မိတ်ဆွေရယ်' ဟု ကျွန်တော်က ပြောပြသည်။ 'ဒါပေမဲ့ ကျွန်တော် သိသလောက်တော့ဖြင့် ဒီနိုင်ငံထဲမှာ ကျွန်တော့်ကို မကောင်းလုပ်ခဲ့တဲ့ လူဆိုလို့ တစ်ယောက်မှ မရှိပါဘူးဗျာ'

သူသည် ကျွန်တော့်လက်ကို ဆွဲယူပြီး အလွန်တည်ငြိမ် လေးနက်သော မျက်နှာထားဖြင့် လှုပ်ခါနေသည်။ အတန်ကြာ ငြိမ်သက်နေပြီးသော် သူပြောလိုသည့်စကားကို ဆက်ပြောသည်။

'နောက်တစ်ခုလောက် လုပ်ပေးဖို့ မေတ္တာရပ်ခံပါရစေ၊ ခင်ဗျား ကိုယ့်ဇာတိနိုင်ငံကို ပြန်တဲ့အခါမှာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



နာဇာရီကို ဖြတ်ကောင်းဖြတ်သွားရပါလိမ့်မယ်၊ အနည်းဆုံး ဗစ်တိုးရီးယားကိုတော့ ဖြတ်သွားရမှာပါ'

'မှန်ပါတယ်'ဟု ကျွန်တော်က ပြောသည်။ 'ကျွန်တော် ဗစ်တိုးရီးယားဘက်က သွားဖို့တော့ သေချာ သလောက်ပါပဲ၊ ဒါပေမဲ့ ပင်ပလိုနာဘက်အထိ လှည့်ဖို့ ကတော့ သိပ်မရေရာဘူး၊ ကျွန်တော် ခင်ဗျားအတွက် သွားပေးဖို့ ဆန္ဒကတော့ရှိပါတယ်'

'တကယ်လို့ ခင်ဗျား ပင်ပလိုနာကို သွားမယ်ဆို ရင်တော့ စိတ်ဝင်စားစရာ ကောင်းတဲ့ဟာတွေ အများကြီး မြင်ရပါလိမ့်မယ်၊ ပြီးတော့ မြို့ကလည်း အင်မတန် သာ ယာလှပတဲ့ မြို့တစ်မြို့ပါ၊ ကျွန်တော် ခင်ဗျားကို ဒီတံဆိပ် ပေးလိုက်ပါမယ်' သူသည် သူ့လည်ပင်း၌ ဆွဲထားသည့် ငွေတံဆိပ်ကလေးတစ်ခုကို ကျွန်တော့်အား ပြသည်။ 'ဒါ လေးကို စက္ကူနဲ့ ထုပ်သွားပါ' သူသည် စကားကို ရုတ် တရက် ဆက်မပြောနိုင်။ သူ့ရင်ထဲမှ ခံစားချက်ကို အတော်ကြီး ကြိုးစား၍ ဖိနှိပ်နေရဟန် တူသည်။ 'ပြီးတော့ ဒီတံဆိပ်ကလေးကို ကျွန်တော် ပေးလိုက်တဲ့ လိပ်စာအတိုင်း သွားပြီး အမျိုးသမီးရဲ့ လက်ထဲကို ပေးပေးပါ၊ ကျွန်တော် သေပြီဆိုတာလည်း ပြောပြလိုက်ပါ၊ ဒါပေမဲ့ ဘယ်ပုံ ဘယ်နည်း သေရတယ်ဆိုတာကိုတော့ ပြောမပြပါနဲ့'

ကျွန်တော်က သူခိုင်းသည့်အတိုင်း လုပ်ပေးပါမည် ဟု ကတိပေးသည်။ နောက်တစ်နေ့တွင် ကျွန်တော် သူ့ထံတစ်ခေါက် ရောက်ခဲ့ပါသည်။ ကျွန်တော် သူနှင့် အချိန်တော်တော်ကြာ နေခဲ့ပါသည်။ ယခု စာရှုသူ ဖတ်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မည့် ကြေကွဲဖွယ်ရာ ဇာတ်လမ်းသည် သူ၏ နှုတ်ဖျားမှ ကျွန်တော် ကြားခဲ့ရသည့်အတိုင်း ဖော်ပြထားသော ဇာတ်လမ်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၃

'ကျွန်တော့်ကို ဘတ်ဖ်တန်းတောင်ကြားဒေသ အီလီဇွန်ဒိုမြို့မှာ မွေးပါတယ်'ဟု သူက ပြောသည်။ 'ကျွန်တော့်နာမည်က ဒွန်ဂျိုစီလစ်ဇာရာဘင်ဂိုးပါးပါ၊ ခင်ဗျားလည်း စပိန်နိုင်ငံအကြောင်း ကောင်းကောင်းသိနေပြီပဲ ဆီညော်၊ ကျွန်တော့်နာမည်ကို ကြားလိုက်တာနဲ့ ကျွန်တော်ဟာ ဘတ်စ်ကွေး အမျိုးသားတစ်ယောက်ဆိုတာ ချက်ချင်းပြောနိုင်မှာပါ၊ ကျွန်တော်ဟာ ရှေးခရစ်ယာန်ဘာသာကိုးကွယ်တဲ့ မိသားစုက ဆင်းသက်လာခဲ့တဲ့ လူတစ်ယောက်ပါ။

'တကယ်လို့ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ဒွန်လို့ခေါ်ရင် ဒါဟာ ခေါ်ပိုင်ခွင့်ရှိနေလို့ ခေါ်တဲ့သဘောပဲ၊ အီလီဇွန်ဒိုမြို့မှာသာ ဆိုရင်တော့ ကျွန်တော်တို့မိသားစုရဲ့ မျိုးရိုးစဉ်ဆက် စာရင်းဇယားကို ပြနိုင်မှာ၊ မိဘတွေကတော့ ကျွန်တော့်ကို ရဟန်းဖြစ်စေချင်တယ်၊ ဒါပေမဲ့ ကျွန်တော်က အဲဒီဘက်မှာ ထက်သန်မှုမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အချိန်ရှိသမျှ တင်းနစ်ပဲ ကစားချင်စိတ် ရှိနေတယ်၊ ဒါကြောင့်လည်း ကျွန်တော်ဟာ ကျဆုံးရတာပါ၊ ကျွန်တော်တို့ နာဇာရီနယ်သားတွေဟာ တင်းနစ်သာ ကစားရလို့ကတော့ ကျန်တာ အားလုံးကို မေ့ကုန်တာချည်းပဲ။

'တစ်နေ့မှာ ကျွန်တော်က တင်းနစ်ပွဲတစ်ပွဲ ကစားရာမှာ နိုင်တယ်၊ ကျွန်တော် အနိုင်ရတာကို အကြောင်းပြုပြီး အေလာဇာမြို့က ကောင်တစ်ကောင်နဲ့ ရန်ဖြစ်ကြတယ်။ ဒီရန်ပွဲမှာ ကျွန်တော်တို့ သံတုတ်တွေသုံးပြီး တိုက်ကြတယ်၊ ရန်ပွဲမှာလည်း ကျွန်တော်ပဲ နိုင်တယ်၊ ဒါပေမဲ့ ဒီရန်ပွဲကြောင့် ကျွန်တော် ကိုယ့်ဒေသက ခွာဖို့ဖြစ်လာတယ်၊ အဲဒီတုန်းမှာ မြင်းတပ်သားတွေနဲ့ ဆုံမိပြီး အယ်လ်မန်ဇာက မြင်းတပ်ထဲ တပ်သားအဖြစ် ဝင်ခဲ့တယ်၊ ကျွန်တော်တို့ တောင်ပေါ်ဒေသက လူတွေဟာ စစ်သားအလုပ်ဆိုရင် မြန်မြန်ဆန်ဆန် တတ်လွယ်သိလွယ်ကြတယ်၊ မကြာခင်မှာပဲ ကျွန်တော်ဟာ တပ်ကြပ်တစ်ယောက် ဖြစ်လာခဲ့ပြီး တပ်ကြပ်ကြီးရာထူး အထိ တိုးပေးမယ်ဆိုတဲ့ ကတိကိုတောင် ရခဲ့တယ်။

'ဒီအချိန်မှာပဲ ကျွန်တော့်အတွက် ကံကြမ္မာဆိုးဟာ ကျရောက်လာတယ်လို့ ဆိုရမလား မသိပါဘူး၊ ကျွန်တော်ဟာ ဆီဗီးလ်မြို့က ဆေးပြင်းလိပ် အလုပ်ရုံတစ်ရုံမှာ အစောင့်တာဝန်ကျခဲ့တယ်၊ ခင်ဗျား ဆီးဗီးလ်မြို့ကို ရောက်ဖူးရင်တော့ မြင်ဖူးမှာပါ၊ မြို့ရိုးအပြင်ဘက် ဂွါဒါကွီဗာ မြစ်နားက အဆောက်အအုံကြီးလေ၊ အဲဒါ ကျွန်တော် အခုပြောတဲ့ အလုပ်ရုံပေါ့၊ ကျွန်တော် အခုပြောနေရင်းကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံ အဝင်မိန်းဂိတ်ကြီးနဲ့ အဲဒီဘေးက အစောင့်ကင်းတဲကို မြင်ယောင်နေမိပါသေးတယ်။ စပိန်စစ်သားတွေဟာ သူတို့တာဝန်ကျတဲ့ အခါမှာ ဖဲကစားတတ်ကြတယ်၊ ဒါမှမဟုတ် အိပ်ချင်ရင် အိပ်နေတတ်ကြတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ နာဗာရီလူမျိုး စစ်စစ်တွေကတော့ ဘယ်တော့မှ ဒါမျိုးမလုပ်ဘူး၊ ကင်းတာဝန်ကျရင် အလုပ်တစ်ခုခုကို ရှာပြီး လုပ်နေတတ်ကြတယ်။

'ကျွန်တော် ကင်းတာဝန်ကျတဲ့နေ့က ကျွန်တော် ကြေးဝါယာတွေကို စုထားပြီး သံကြိုးတစ်ခု လုပ်နေတယ်၊ အဲဒီတုန်း ဖြုန်းခနဲ ကျွန်တော်နဲ့အတူတူ တာဝန်ကျတဲ့ ရဲဘော်တွေက "စက်ရုံခေါင်းလောင်း ထိုးပြီဟေ့၊ ကောင်မလေးတွေ အလုပ်ပြန်ဝင်ကြတော့မယ်"တဲ့။

'ဒီလိုပါဆီညော်၊အလုပ်ရုံမှာက အမျိုးသမီး အလုပ်သမပေါင်း လေးငါးရာလောက် ရှိပါတယ်၊အားလုံး ဆေးလိပ်အလိပ်သမတွေပါ သူတို့ ဆေးလိပ်လိပ်တဲ့အခါ ခန်းမကြီးတစ်ခုထဲမှာ လိပ်ကြရတယ်၊ နယ်မြေတရားသူကြီးဆီက ပါမစ်မရရင် ဘယ်ယောက်ျားမှ အဲဒီခန်းမကြီးထဲကို ဝင်ခွင့်မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ရာသီဥတု သိပ်ပူပြီဆိုရင် အလုပ်သမတွေဟာ အဝတ်အစားကို လုံလုံခြုံခြုံ မဝတ်ဘဲ အလုပ်လုပ်လေ့ ရှိကြလို့ပါ။

'ညစာစားပြီးလို့ အလုပ်သမတွေ ပြန်လာကြတဲ့အခါမှာ လူငယ်တွေက သူတို့ကို ဘေးကရပ်ကြည့်ပြီး ထင်ရာမြင်ရာတွေ ပြောကြဆိုကြတယ်၊ ပြောင်ကြနောက်ကြတယ်၊ အလုပ်သမတွေထဲ ငယ်ရွယ်တဲ့ မိန်းကလေးတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တာဖက်တာ ဇာပဝါလေးတွေ မခြုံတဲ့လူ မရှိသလောက်ပဲ၊ သူတို့ ဇာပဝါက ခေါင်းနဲ့ ပခုံးနှစ်ဖက်ကို လုံအောင်ခြုံထားကြတာပါ၊ ယောက်ျားတွေအနေနဲ့ သူတို့မျက်နှာကို မြင်ချင်ရင် ရှေ့တည့်တည့်ကကုန်းပြီး ငုံ့မကြည့်လို့ မရဘူး၊ တခြားကောင်တွေက အလုပ်သမတွေကို သွားကြည့်နေတုန်းမှာ ကျွန်တော်ကတော့ ဂိတ်တံခါးနားက ခုံတန်းလျားပေါ် ထိုင်နေခဲ့တယ်။

'အဲဒီအချိန်က ကျွန်တော်က လူငယ်တစ်ယောက်ပဲ ရှိပါသေးတယ်၊ အမြဲတမ်း အိမ်ကိုပဲ သတိရအောက်မေ့ပြီး လွမ်းနေတဲ့လူပါ၊ ပြီးတော့ ကျွန်တော်က ကောင်မလေးတွေကို သွားကြည့်ဖို့ စိတ်မဝင်စားဘူး၊ ကျွန်တော်တို့ နာဇာရီနဲ့ ဘတ်စ်ကွေးပြည်နယ်တွေမှာကတော့ လယ်သူမလေးတွေ ဟာ အပြာရောင်စကတ်တွေ ဝတ်ပြီး ကျစ်ဆံမြီးကလေး တွေကို ပခုံးပေါ် တွဲလောင်းချလို့ သိပ်ကိုလှတာ၊ ဒီနယ်ဘက်ကတော့ အပြာရောင်စကတ်တွေ တွဲလောင်းကျနေတဲ့ မိန်းမလှလေးတွေကို တွေ့နိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်က တထစ်ချ တွက်ထားမိတယ်။

'ပြီးတော့လည်း အင်ဒါလူဆီယန် မိန်းကလေးတွေကို ကျွန်တော် ကြောက်တယ်၊ သူတို့က အစသန်တယ်၊ သူတို့သုံးတဲ့ စကားလုံးတွေကိုလည်း ကျွန်တော် လန့်တယ်၊ နားမထောင်ရဲဘူး၊ ဒါကြောင့်မို့ ကျွန်တော်က တခြားလူငယ်တွေနောက် လိုက်မသွားဘဲ လုပ်လက်စ သံကြိုးကိုပဲ ဆက်လုပ်နေတယ်။

'အဲဒီတုန်းမှာ လူတချို့ပြောသံကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတယ်၊ "ဟော့ဟိုမှာ ဂျစ်ပစီမ"၊ ကျွန်တော် မော့ကြည့်လိုက်တော့ သူ့ကိုမြင်တယ်၊ အဲဒီနေ့ဟာ သောကြာနေ့၊ ကျွန်တော် ဘယ်တော့မှ မမေ့နိုင်တဲ့ နေ့တစ်နေ့ပေါ့၊ ကျွန်တော် ကာမင်းကို ပထမဦးဆုံး စပြီးမြင်ရတဲ့နေ့ပဲ၊ ကာမင်းကို ဆီညော်မှတ်မိမှာပါ၊ ဆီညော် သူ့ကို တွေ့ခဲ့ဖူးတယ်လေ၊ လွန်ခဲ့တဲ့ လအနည်းငယ်လောက်က ကျွန်တော်နဲ့ ဆီညော်တို့ သူ့အခန်းထဲမှာ ဆုံမိခဲ့ကြသေးတယ် မဟုတ်လား။

'သူဝတ်ထားတာက စကတ်ကအနီရောင် တိုနံ့နံ့ကလေး၊ ခြေအိတ်ရှည် ဖြူဖြူဖွေးဖွေးအစုံကို မြင်နေရတယ်၊ ခြေအိတ်တွေမှာ အပေါက်တွေက ဗရပွ၊ စီးထားတဲ့ ဖိနပ်တွေက ဆိတ်ရေနဲ့ ချုပ်ထားတာ၊ အပေါ်မှာ အနီရောင် ဖဲစကလေးတွေချည်လို့၊ သူ့ကျစ်ဆံမြီးနှစ်ခုကို တွဲလောင်းချထားတယ်၊ သူ့ဘလောက်အင်္ကျီ ရင်စေ့မှာ နန်းလုံးကြိုင်ပန်းတွေ ထိုးထားတယ်၊ ပန်းတစ်ပွင့်ကိုတော့ ပါးစပ်မှာကိုက်ထားတယ်၊ တင်သားနှစ်ဖက်ကို လွဲလွဲပြီး လျှောက်လာနေတဲ့ ပုံက ကော်ဒိုဗားမြို့ မြင်းဇောင်းတစ်ခုထဲက ထွက်လာတဲ့ မြင်းမကလေးတစ်ကောင် ကျနေတာပဲ။

'ကျွန်တော်တို့ နယ်ဘက်မှာတော့ ဒီလိုဝတ်စားဆင်ယင်မှုမျိုးနဲ့ အခုလိုပုံမျိုး လျှောက်လာတဲ့ မိန်းကလေးတစ်ယောက်ကို မြင်ရင် လူတွေက သူတို့လက်တွေနဲ့ နဖူးတို့လိုက် ဘယ်ပခုံး ညာပခုံးတို့လိုက် လက်ဝါးကပ်တိုင်အမှတ်အသားကို ပြုလေ့ရှိကြတယ်၊ ဆီဗီးလ်မြို့မှာကတော့ သူ့လို မိန်းကလေးမျိုးကို မကဲ့ရဲ့ကြဘူး၊ ဝမ်းမြောက်ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရဲရဲဝံ့ဝံ့ကြည့်ပြီး ချီးမွမ်းစကား ပြောလေ့ရှိကြတယ်။

'အဲ... သူကိုယ်တိုင်ကလည်း ဘာကိုမှမမှုတဲ့ မျက်နှာ ပေးနဲ့ မျက်စိကလေးတွေကို ထောင့်ကပ်ပြီး ပြန်ကြည့်သွား တယ်၊ ဟန်တစ်လုံး ပန်တစ်လုံးနဲ့ ခါးကိုလည်း ထောက် ထားလိုက်သေးတယ်၊ သူ့ပုံပန်းက လောကကြီးကို ထီမထင် တဲ့ အနေမျိုး၊ ဂျစ်ပစီမပီပီ အရှက်အကြောက်ဆိုတာ လုံးဝမရှိဘူးဆိုတဲ့ ပုံမျိုး၊ မျက်နှာက တကယ့်ကို ပြောင် တာပဲ။

'ပထမတော့ ကျွန်တော် သူ့ကို စိတ်မဝင်စားပါဘူး၊ တစ်ချက်လှမ်းကြည့်ပြီး ကိုယ့်အလုပ်ကိုပဲ ကိုယ်ပြန်လုပ်နေ တယ်၊ ဒါပေမဲ့ မိန်းမတွေနဲ့ ကြောင်တွေရဲ့ အလေ့အထ အတိုင်းပေါ့၊ သူတို့ဟာ ကျွန်တော်တို့က ခေါ်ရင်ဘယ်တော့ မှ မလာဘူး၊ မခေါ်ဘူးဆိုရင်တော့ ရောက်လာရော၊ ဒီ သဘာဝကို ဆီညော်သိနေတာပဲ မဟုတ်လား၊ အဲ... အခု လည်း ဒီပုံပဲ၊ သူဟာ ကျွန်တော့်ရှေ့တည့်တည့်မှာ လာရပ်ပြီး ကျွန်တော့်ကို စကားပြောတယ်။

'"ဒီမယ်သူငယ်ချင်း" လို့ လှမ်းပြီး အသံပြုတယ်၊ သူ့အမူအရာက အင်ဒါလူဆီယန်က ကောင်မလေးတွေ အချိုးပဲ၊ "သံကြိုးနည်းနည်းလောက် ပေးမလား၊ ပိုက်ဆံ သေတ္တာကို ချည်ထားချင်လို့" တဲ့။

"ဒိုင်းနမိုက် စနက်တံတွေကို ချည်ဖို့လုပ်ထားတာ" လို့ ကျွန်တော်က ပြန်ပြောတယ်။

'"ရှင့်စနက်တံ ဟုတ်လား" လို့ သူက ရယ်မောပြီး အော်ပြောတယ်၊ "ဒီဆီညော်က သူ့စနက်တံကိုချည်ဖို့

www.burmeseclassic.com



သံကြိုးလုပ်နေတာတဲ့”

‘အားလုံးက ဝိုင်းပြီးရယ်ကြတယ်၊ ကျွန်တော့် တစ်မျက်နှာလုံးဟာ ရှက်လွန်းလို့ နီရဲနေတယ်၊ သူ့စကား ကို ဘယ်လို ပြန်ပြောရမှန်း မသိနိုင်လောက်အောင်ကို ထူပူနေတယ်။

‘“ပေးစမ်းပါ အချစ်ရယ်”လို့ သူက ပြန်ပြောတယ်၊ “ကျစ်ဆံမြီးကျစ်တဲ့အခါ ဆံပင်ကို ချည်ထားချင်လို့ပါကွယ်၊ အနက်ရောင် ခုနစ်ကိုက်လောက်ဆို လောက်မှာပါ”

‘ပြီးတော့ ပြောပြောဆိုဆို သူ့ပါးစပ်နဲ့ ကိုက်ထားတဲ့ ပန်းပွင့်ကို ယူလိုက်ပြီး ကျွန်တော့်မျက်နှာကို အသာအယာ ကလေး လှမ်းပေါက်တယ်၊ ပန်းပွင့်ကလေးက ကျွန်တော့် မျက်လုံးအစုံကြားကို တည့်တည့်ဝင်မှန်တယ် ဆီဧည်ဘ်ရယ်၊ သူကတော့ ပန်းပွင့်ကလေးနဲ့ ပေါက်တာပဲ၊ ကျွန်တော့် မှာတော့ ကျည်ဆန်တစ်တောင့် ဝင်ပြီးအမှန်ခံလိုက်ရသလို ခံစားရပါတယ်၊ ဘာလုပ်ရမှန်းလဲ မသိဘူး၊ သစ်သား တိုင်ကြီး တစ်တိုင်စိုက်ထားသလို တောင့်တောင့်ကြီး ထိုင်နေမိတယ်။

‘သူအလုပ်ရုံထဲ ဝင်သွားတဲ့အခါမှာ ကျွန်တော်ဟာ ကျွန်တော့်ခြေထောက်နှစ်ဖက်ကြားက မြေကြီးပေါ်မှာ ကျနေ တဲ့ ပန်းပွင့်ကလေးကို ငုံ့ကြည့်မိတယ်၊ ကျွန်တော့်စိတ်ကို ဘယ်လိုအရာက စိုးမိုးခြယ်လှယ်နေမှန်း ကျွန်တော် မသိ ဘူး၊ ကျွန်တော့်သူငယ်ချင်း ရဲဘော်တွေ မမြင်အောင် ပန်းပွင့်ကလေးကို ကောက်ယူပြီး ဂျက်ကက်အင်္ကျီ အိတ် ကပ်ထဲ ထည့်ထားလိုက်မိတယ်၊ အဲဒီ အပြုအမူဟာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်ရဲ့ ပထမဆုံး မိုက်မဲမှုပါပဲ။

'နောက်နှစ်နာရီ သုံးနာရီလောက်ကြာတော့လည်း ကျွန်တော်ဟာ စောစောက မမျှော်လင့်ဘဲ ကြုံခဲ့ရတဲ့အဖြစ်ကို တွေးနေတုန်းပဲ၊ အဲဒီအခိုက်မှာပဲ ကုန်တင်ကုန်ချ အလုပ်သမားတစ်ယောက်ဟာ ကြောက်လန့်တကြားနဲ့ မောကြီးပန်းကြီး ပြေးလာတယ်၊ သူဟာ အကြီးအကျယ် ထိတ်လန့် ချောက်ချားစွာနဲ့ကင်းတဲထဲကို ပြေးဝင်လာတယ်။

'ဆေးလိပ်လိပ်တဲ့ ခန်းမကြီးထဲမှာ မိန်းမတစ်ယောက် အသတ်ခံရကြောင်း၊ ကျွန်တော်တို့ တပ်သားတွေ အမြန်ဆုံး လိုက်လာစေလိုကြောင်း ပြောတယ်၊ တပ်ကြပ်ကြီးက ကျွန်တော့်ကို လှမ်းပြီးအမိန့်ပေးတယ်၊ တပ်သားနှစ်ယောက်ခေါ်ပြီး ဘာဖြစ်တယ်ဆိုတာ လိုက်ကြည့်ပါတဲ့၊ ကျွန်တော်လည်း တပ်သားနှစ်ယောက်ကိုခေါ်ပြီး လိုက်သွားတယ်၊ ဆေးလိပ်လိပ်တဲ့ ခန်းမကြီးရှိရာ အပေါ်ထပ်ကို တက်ခဲ့တယ်။

'စဉ်းစားကြည့်ပါ ဆီညော်၊ ကျွန်တော် ခန်းမကြီးထဲ ဝင်သွားတဲ့အခါ မိန်းမသုံးရာနဲ့ ရင်ဆိုင်ရတာပါ၊ အားလုံး စကားတွေ ပြောကြ၊ အော်ကြ၊ ဟစ်ကြ၊ ဆဲကြ၊ ဆိုကြနဲ့ ပွက်လောကို ညံနေတာပဲ၊ အဝီစိပွက်တယ်ဆိုတာ ဒါပဲထင်ပါရဲ့လို့ အောက်မေ့လောက်ပါတယ်။

'တစ်ဖက်မှာတော့ သူတို့ထဲက မိန်းမတစ်ယောက်ဟာ သွေးသံတရဲရဲနဲ့ ကြမ်းပေါ်မှာ ပက်လက်၊ မျက်နှာပေါ်မှာလည်း ဓားဒဏ်ရာကြီးနှစ်ချက်နဲ့၊ ဒဏ်ရာရနေတဲ့ မိန်းမနဲ့ မျက်နှာချင်းဆိုင်မှာတော့ သူငယ်ချင်း ငါးယောက်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ယောက်က ဝိုင်းဆွဲထားတဲ့ကြားက အတင်းရုန်းကန်နေတဲ့ ကာမင်းကို ကျွန်တော် လှမ်းမြင်ရတယ်။

'ဒဏ်ရာရထားတဲ့မိန်းမက "ဘုန်းကြီးတစ်ပါး သွားပင့်ပေးပါ၊ မြန်မြန်သွားပင့်ကြပါ၊ ကျွန်မသေရပါတော့မယ်"လို့ သံကုန်ဟစ်ပြီး အော်နေတယ်၊ ကာမင်းကတော့ ဘာမှ မပြောဘူး၊ အံကြိတ်ထားတယ်၊ သူ့မျက်လုံးတွေက ပြူးတိပြူးကြောင်နဲ့ ဒေါသအရှိန်က တက်နေတော့ ကလယ်ကလယ်နဲ့ တကယ့် ပုတ်သင်ညိုတစ်ကောင်ရဲ့ မျက်လုံးတွေအတိုင်းပဲ။

'"ဘာတွေဖြစ်နေကြတာလဲ"လို့ ကျွန်တော်က မေးတယ်၊ ဒါပေမဲ့ ဘာဖြစ်တယ်ဆိုတာကို ချက်ချင်းသိရဖို့ မလွယ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မိန်းမတွေအားလုံးက တစ်ပြိုင်တည်း ဝိုင်းဖြေနေတာကိုး၊ ကြားရတဲ့အတိုင်းဆိုရင်တော့ ဒဏ်ရာရထားတဲ့ မိန်းမက ထရီယားနားဈေးက မြည်းတစ်ကောင်ဝယ်ဖို့ သူ့အိတ်ထဲမှာ ငွေအလုံအလောက် ရှိတယ်လို့ ကြွားတယ်။

'အဲဒီတော့ နှုတ်သီးကောင်း လျှာပါး ကာမင်းက "ဩော်...ဟုတ်လား၊ ဒီလိုဆို ရှင်က အခုရှိနေတဲ့ တံမြက်စည်းရိုးနဲ့တင် မကျေနပ်တော့ဘူးဆိုပါတော့"လို့ ဝင်ငေါ့တယ်။

'ကာမင်းရဲ့ အငေါ့ခံရတဲ့ မိန်းမကလည်း ဘယ်ခံချင်မလဲ၊ မဆီမဆိုင် ဝင်ငေါ့တာ ခံလိုက်ရတော့ ဒေါပွသွားတာပေါ့၊ သူဟာ ဂျစ်ပစီမတစ်ယောက်လည်း မဟုတ်ဘူး၊ ဒါကြောင့် တံမြက်စည်းရိုးအကြောင်းကို သူမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဆီညော်ရီတာ ကာမင်းဆီတာကတော့ သူ၀ယ်လာမယ့်မြည်းနဲ့ ချက်ချင်းနီးစပ်သွားမှာပါ၊ တကယ်လို့ ပုလိပ်သားတစ်ယောက်မြည်းကို စီးခိုင်းပြီး ဆီညော်ရီတာ ကာမင်းရဲ့ကိုယ်ပေါ် လာနားတဲ့ ယင်ကောင်တွေ ခြောက်ပေးဖို့ အစေခံနှစ်ယောက်ပါ ထည့်ပေးလိုက်မယ်ဆိုရင် ပိုတောင်အဆင်ပြေသွားလိမ့်မယ်လို့ ပြန်ပြောတယ်။

'အဲဒီတော့ ကာမင်းက "ကောင်းပြီး ဒီလိုဆိုနင့်ပါးနှစ်ဖက်ပေါ်မှာ ယင်ကောင်တွေရေသောက်ဖို့ ချိုင့်ခွက်ကလေးတွေ လုပ်ပေးမယ်၊ ပြီးတော့ ဆေးနီသုတ်ပေးမယ်" လို့ ပြောတယ်။

'အဲသလိုလည်းပြောပြီးရော ဟိုမိန်းမရဲ့ မျက်နှာကို ဆေးလိပ်ဖင် အစီခံဖြတ်တဲ့ ဓားနဲ့ ကြက်ခြေခတ်ပစ်လိုက်တယ်။

'အမှုကသိပ်ထင်ရှားနေတယ်၊ ကျွန်တော်က ကာမင်းရဲ့ လက်မောင်းကို ကိုင်လိုက်တယ်။

'ကျွန်တော်က သူ့ကို ယဉ်ကျေးသိမ်မွေ့စွာပဲ ပြောပါတယ်၊ "ကဲ...ညီမ၊ မင်းငါနဲ့လိုက်ခဲ့ပေတော့" လို့။

'သူက ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်တယ်၊ ကျွန်တော့်ကို သူချက်ချင်းပဲ မှတ်မိပုံရတယ်၊ စိတ်သက်သာရာ ရသွားပုံနဲ့ မသိမသာ သက်ပြင်းချတယ်။

'"ကဲ... လာသွားကြစို့၊ ကျွန်မရဲ့ခေါင်းမြီးခြုံ ဇာပ၀ါလေး ဘယ်ရောက်နေပါလိမ့်"

'သူ့ဇာပ၀ါလေးကို လှမ်းယူပြီး ခေါင်းကို ခြုံလိုက်တယ်၊ ပြီးတော့ ကျွန်တော့်တပ်သားနှစ်ယောက်နဲ့ အတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာတယ်၊ သိမ်မွေ့လိုက်ပုံများ တကယ့် သိုးမလေးတစ်ကောင် ကျနေတာပဲ၊ ကင်းတဲကိုရောက်တော့ တပ်ကြပ်ကြီးက စစ်ဆေးမေးမြန်းပြီး အမှုက သိပ်ကြီးနေတဲ့အတွက် ထောင်ကြီးချုပ်အထိ လိုက်ပို့ပေးဖို့ ကျွန်တော့်ပဲ တာဝန်ပေးတယ်၊ ကျွန်တော်က သူ့ကို မြင်းတပ်သားနှစ်ယောက် အကြားမှာထားပြီး ကျွန်တော်ကိုယ်တိုင်ကတော့ သူ့တို့နောက်က လိုက်တယ်၊ ဒီလို အရေးကိစ္စမျိုးမှာ တပ်ကြပ်တစ်ယောက် လုပ်ရမယ့် ဝတ္တရားအတိုင်း စနစ်တကျပဲ လုပ်ပါတယ်။

'ကျွန်တော်တို့ဟာ မြို့ဘက်ကို ဦးတည်ပြီး ထွက်ခဲ့ကြပါတယ်၊ ပထမတော့ ဂျစ်ပစီမလေးဟာ ငြိမ်ငြိမ်ဆိမ်ဆိမ်ပဲ၊ ဒါပေမဲ့ ကယ်လီဆိုင်ယာပက်စ်ရောက်တော့ ကယ်လီဆိုင်ယာပက်စ်ကို ဆီညော် သိမှာပါ၊ နာမည်နဲ့လိုက်အောင် လမ်းချိုးလမ်းကွေ့တွေများတဲ့ နေရာလေ၊ အဲ… အဲဒီကျတော့ ခေါင်းပေါ်အုပ်ထားတဲ့ သူ့မျက်နှာကလေးကို လှစ်ပြတဲ့ သဘောပဲ၊ ပြီးတော့ ကျွန်တော်နဲ့ နီးနီးလာအောင် ခြေလှမ်းကို နှေးနှေးလျှောက်တယ်၊ ပြီးတော့ ကျွန်တော့်ကို မေးတယ်။

‘“ဗိုလ်ကြီးက ကျွန်မကို ဘယ်ခေါ်သွားမှာလဲ”

‘“အကျဉ်းထောင်ကို ခေါ်သွားမှာ ညီမလေးရဲ့”လို့ ကျွန်တော်က ချိုချိုသာသာ ပြောပါတယ်၊ စစ်သားကောင်းဆိုတာဟာ အကျဉ်းသားကို ကောင်းကောင်းမွန်မွန် ဆက်ဆံရတတ်ပါတယ်၊ အထူးသဖြင့် အကျဉ်းသားဟာ အမျိုးသမီးတစ်ယောက်ဖြစ်နေရင် ပိုပြီးသိမ်သိမ်မွေ့မွေ့ ဆက်ဆံရမယ့်

www.burmeseclassic.com



တာဝန်ရှိပါတယ်။

'"အလို... ဒီလိုဆို ကျွန်မ ဘာဖြစ်သွားမလဲ၊ ဗိုလ်ကြီး ကျွန်မကိုမသနားဘူးလား၊ ဗိုလ်ကြီးဟာ ငယ်ငယ်ပဲ ရှိပါသေးတယ်၊ သနားတတ်ပုံလည်း ရပါတယ်"ပြီးတော့ အသံကို နှိမ့်လိုက်ပြီး ဆက်ပြောတယ်၊ "ကျွန်မ ထွက်ပြေးပါရစေ ဗိုလ်ကြီးရယ်၊ ကျွန်မ ဗိုလ်ကြီးကို ဘာလာချီပေးပါ့မယ်၊ ဘာလာချီသာ ရထားလို့ကတော့ မိန်းမအားလုံးက ရှင့်ကို ချစ်လာကြမှာရှင့်"

'ဘာလာချီဆိုတာက သံလိုက်ကျောက်တစ်မျိုးပါ၊ ဂျစ်ပစီတွေက အဲဒါကို သူတို့နည်း သူတို့ဟန်နဲ့ ပီယဆေး အဖြစ်သုံးကြပါတယ်၊ သုံးတတ်ရင် ဘာမဆို ဖြစ်နိုင်တယ်လို့ သူတို့က ပြောကြပါတယ်၊ ဒီပီယဆေးကျောက်ကို ဝိုင်ထဲမှာ စိမ်ပြီးတိုက်ရင် မိန်းမတစ်ယောက်ဟာကိုယ့်ကို မခွာနိုင်အောင် တန်းတန်းစွဲ ဖြစ်နေတတ်တယ်လို့ ဆိုကြပါတယ်။ ကျွန်တော်က သူ့စကားကြားတော့ ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်။

'"ငါတို့ အဓိပ္ပာယ်မရှိတဲ့ စကားတွေ မပြောကြရင် ကောင်းမယ်၊ မင်းထောင်ကို မသွားချင်လို့ မရဘူး၊ သွားရမှာပဲ၊ ငါကလည်း မပို့လို့မဖြစ်ဘူး ပို့ရမှာ၊ ငါ့ကို ပေးထားတဲ့ အမိန့်က မင်းကို ထောင်ပို့ဖို့ပဲ၊ ဒီကိစ္စမှာ ငါတို့ ဘာမှ လုပ်လို့မရနိုင်ဘူး"

'ကျွန်တော်တို့ ဘတ်စ်ကွေးပြည်နယ်သားတွေ စကားပြောသံကိုကြားရင် စပိန်တွေက ချက်ချင်းသိတယ်၊ ကျွန်တော်တို့ လေသံကမပီဘဲကိုး၊ ဟုတ်ကဲ့ဆိုတဲ့ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး စကားလုံးကိုတောင်မှ ပီအောင်ပြောနိုင်တဲ့ လူကလည်း ကျွန်တော်တို့ ပြည်နယ်သားတွေထဲမှာ မရှိသလောက်ကို ရှားတာ။

'အဲဒီတော့ ကာမင်းက ကျွန်တော် ဘယ်နယ် ဘယ်ဒေသကလာတယ်ဆိုတာ ချက်ချင်းသိတာပေ့ါ၊ ဆီ ညော်လည်း ကောင်းကောင်းသိနေတာပဲ မဟုတ်လား၊ ဂျစ်ပစီတွေဟာ သူတို့ကိုယ်ပိုင် အမိနိုင်ငံဆိုတာ ရှိမှမရှိတာ၊ သူတို့ဟာ အမြဲတစေ လမ်းပေါ်မှာနေပြီး ဘာသာစကား တိုင်းကို ပြောနေကြတဲ့ လူတွေပဲ၊ သူတို့ ဂျစ်ပစီအများစုဟာ ပေါ်တူဂီမှာလည်း ရှိတယ်၊ ပြင်သစ်မှာလည်း ရှိတယ်၊ ပြည်နယ်တွေထဲမှာလည်း ရှိတယ်၊ ကက်တာလိုးနီးယား မှာလည်း ရှိတယ်။ နေရာတိုင်းမှာ သူတို့မြေ၊ သူတို့နိုင်ငံလို သဘောထားပြီး နေနိုင်ကြတဲ့ လူတွေပဲ၊ သူတို့က မူးလူမျိုး တွေနဲ့ အင်္ဂလိပ်တွေကြားမှာတောင် နားလည်မှုရှိအောင် နေတတ်ကြတဲ့ လူတွေပဲ၊ ကာမင်းဟာ ဘတ်စ်ကွေးစကားကို ကောင်းကောင်းကြီး ပြောတတ်တယ် ဆီညော်။

'"ကျွန်မ နှလုံးသားထဲက ရဲဘော်ရယ်" လို့ ကာမင်း က ကျွန်တော့်ကို ခေါ်တယ်။ "ရှင်ဟာ ကျွန်မတို့တိုင်းပြည် က လာတာပါလား"

'ကျွန်တော်တို့ ဘာသာစကားဟာ အင်မတန်လှပါ တယ် ဆီညော်၊ ဒါကြောင့်လည်း နိုင်ငံရပ်ခြား တိုင်းပြည် မှာ ကိုယ့်ဘာသာစကားကို ကြားရရင် သိပ်ကို ပီတိဖြစ်ရ ပါတယ်၊ ညော်... အခုလို အချိန်မှာ ကျွန်တော့်ရဲ့ အမှားဝန်ခံတဲ့ စကားတွေကို ကြားနာမယ့် ဘုန်းကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပြည်နယ်သားတစ်ယောက်ဖြစ်ရင် သိပ်ကောင်းမှာပဲ’ ကျွန်တော့်မိတ်ဆွေ ဒွန်ဂျူစီက တောင့်တောင့်တတ ပြော သည်။ သူသည် တစ်ခဏမျှ ငြိမ်နေသေးသည်။ ပြီးမှ ပြောလက်စ စကားကို ဆက်ပြောသည်။

‘သူ့ပါးစပ်က ကိုယ့်ဒေသ ဘာသာစကားပြောသံကြားလိုက်တော့ ကျွန်တော့် စိတ်ဟာ သိပ်ပြီး လှုပ်ရှားသွားတယ်၊ ကျွန်တော်ကလည်း ဘတ်စ်ကွေးပြည်နယ် ဘာသာစကားနဲ့ပဲ “ငါက အယ်လီဇွန်ဒိုမြို့က”လို့ ပြောလိုက်တယ်။

‘“ညီမကတော့ အက်ချာလာမြို့ကပါ”လို့ သူက ပြောတယ်၊ (ကျွန်တော်တို့ မြို့နဲ့ အက်ချာလာမြို့ဟာ လေးနာရီ ခရီးလောက် ဝေးပါတယ်) “ဂျစ်ပစီတစ်စုက ခေါ်လာလို့ ညီမ ဆီဗီးလ်ကို ရောက်လာခဲ့တာပါ၊ ညီမ ဒီဆေးလိပ်ရုံမှာ အလုပ်ဝင်လုပ်နေတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ ကိုယ့်ဒေသဖြစ်တဲ့ နာဗာရိုးကိုပြန်ဖို့ ခရီးစရိတ် လိုချင်လို့ပါ၊ ညီမအမေဟာ သိပ်ဆင်းရဲပါတယ်၊ ပြီးတော့ အမေ့မှာ အားကိုးအားထား ပြုစရာလူဆိုလို့ ညီမတစ်ယောက်တည်း ရှိတာပါ၊ အို... ညီမလေးလေ ကိုယ့်ဒေသ ကိုယ်ပြန်ရောက်ပြီး အင်မတန်လှပတဲ့ တောင်တန်းဖြူဖြူကြီးတွေ ကြည့်နေရရင် ဘယ်လောက်များ စိတ်ချမ်းသာစရာကောင်းလိုက်မလဲ၊ တကယ်တော့ သူတို့က ညီမကိုဝိုင်းပြီး စော်ကားကြတာပါ၊ ဘာပြုလို့လဲဆိုတော့ ညီမက လူလိမ်လူညာတွေနဲ့ ကုန်သည်တွေ ကြီးစိုးနေတဲ့ သူတို့ဒေသသူ တစ်ယောက် မဟုတ်ဘဲကိုး၊ အင်မတန် ညစ်ပတ်စုတ်ပဲ့ပြီး ရွံ့ရှာစက်ဆုပ်ဖို့ကောင်းတဲ့ ဒီကောင်မတွေ အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ညီမကို မုန်းကြတယ်၊ ဘာကြောင့်လဲဆိုတော့ ညီမက သူတို့ ဆီဗီးလ်မြို့ကို လူကြွားတွေနေတဲ့မြို့လို့ ပြောမိတာကိုး၊ အမှန်တော့ အစ်ကိုရယ်၊ သူတို့စားတွေဟာ ညီမတို့ ပြည်နယ်သားအားလုံးကို မပြောနဲ့၊ တစ်ယောက်လောက်ကိုတောင်မှ ကြောက်အောင် ခြောက်နိုင်မှာ မဟုတ်ပါဘူး၊ အစ်ကိုရယ် ဒုက္ခရောက်နေတဲ့ ကိုယ့်နယ်သူ အမျိုးသမီးတစ်ယောက်အတွက် အစ်ကို ဘာမှ လုပ်မပေးနိုင်တော့ဘူးလားဟင်”

‘သူ ကျွန်တော့်ကို လိမ်နေတာပါ ဆီညော်၊ သူဟာ အမြဲတမ်း လိမ်တတ်ပါတယ်၊ ဒီမိန်းကလေးဟာ သူ့ဘဝတစ်လျှောက်လုံး မှန်ကန်တဲ့စကားကို တစ်လုံးတလေမှ ပြောပါလေစ၊ ဒါကိုတော့ ကျွန်တော်လည်း မပြောတတ်တော့ပါဘူး၊ ဒါပေမဲ့ ခက်တာက သူပြောလိုက်ရင် ကျွန်တော် ယုံမိတာချည်းပဲ၊ ကျွန်တော်မတတ်နိုင်တဲ့ ကိစ္စပါ ဆီညော်၊ တကယ်တော့ သူဟာ ဘတ်စ်ကွေးဘာသာ စကားကို အလွဲသုံးစားလုပ်တာပါ၊ ဒါပေမဲ့ ကျွန်တော် သူ့ကို နာဗာရီ အမျိုးသမီးတစ်ယောက်လို့ပဲ ယုံကြည်မိပါတယ်၊ သူ့မျက်လုံး၊ သူ့ပါးစပ်၊ သူ့အသားအရေတွေက သူဟာ ဂျစ်ပစီမတစ်ယောက် ဖြစ်တယ်လို့ ကျွန်တော့်ကို ထုတ်ဖော်ပြီး ပြောနေပါတယ်။

‘ကျွန်တော် ရူးနေပါပြီ၊ ကျွန်တော် ဘာကိုမှ ဂရု မစိုက်နိုင်တော့ဘူး၊ တကယ်လို့ စပိန်တွေက ကျွန်တော့်ရှေ့မှာ ကျွန်တော့်ပြည်နယ်အကြောင်း မကောင်းပြောရင် ကျွန်တော်ကိုယ်တိုင်လည်း အခု ကာမင်းက သူ့လုပ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဖက် မိန်းမရဲ့ မျက်နှာကို ဓားနဲ့ထိုးသလို ထိုးမိမှာပဲ၊ တိုတိုပြောရမယ်ဆိုရင် ကျွန်တော်ဟာ အရက်မူးသမား တစ်ယောက်လို ဖြစ်လာတယ်၊ အတွေးမမှန်တော့ဘူး၊ မိုက်မိုက်မဲမဲ တွေးမိတယ်၊ မိုက်မိုက်မဲမဲလုပ်ဖို့လည်း နီးစပ်လာတယ်။

'"ညီမက အစ်ကို့ကို ထိုးလိုက်မယ်၊ အစ်ကိုက လဲကျသွားပေါ့၊ ဘယ့်နှယ်လဲ"လို့ သူက ဘတ်စ်ကွေးစကားနဲ့ ဆက်ပြောတယ်၊ "အစ်ကို့တပည့် ကတ်စတီလီယန်စစ်သား နှစ်ကောင်က ကျွန်မကို နိုင်အောင်မချုပ်နိုင်ပါဘူး၊ အဲဒါတော့ ညီမ တာဝန်ယူတယ်"

'ကျွန်တော့်ကို ပေးထားတဲ့ အမိန့်တွေကို ကျွန်တော် မေ့သွားတယ်၊ ကျွန်တော်က သူ့ကို ပြောလိုက်တယ်။

'"ကောင်းပြီလေ၊ ညီမကြိုးစားကြည့်ပေါ့၊ တို့တောင်တန်းဒေဝီ သခင်မက မင်းကို စောင့်ရှောက်တော်မူပါစေကွယ်"

'အဲဒီအချိန်မှာ ကျွန်တော်တို့ဟာ ဆီဗီးလ်မြို့မှာ အများအပြား တွေ့ရတတ်တဲ့ လမ်းကျဉ်းလမ်းကြားတွေကို ဖြတ်သွားနေကြပြီ၊ ရုတ်တရက် ကာမင်းဟာ နောက်လှည့်လိုက်ပြီး ကျွန်တော့်ရင်ဘတ်ကို သူ့လက်သီးနဲ့ တအားထိုးလိုက်တယ်၊ ကျွန်တော်ကလည်း ပြောထားတဲ့အတိုင်း နောက်ကို လန်လဲလိုက်တယ်၊ သူဟာ ကျွန်တော့်အပေါ်က လွှားခနဲ ခုန်ကျော်ပြီး ထွက်ပြေးတယ်၊ လှလိုက်တဲ့ ခြေထောက်တွေ၊ ကျွန်တော်တို့ဒေသမှာ ဘတ်စ်ကွေး ခြေထောက်အကြောင်း ဋီကာချဲ့ပြီး ပြောလေ့ရှိကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော်မြင်နေရတဲ့ ခြေထောက်တွေကဖြင့် လှလိုက်တာ အလွန်ပဲ၊ အင်မတန်ကို အချိုးအစား ပြေပြစ် လှပါတယ်၊ အချိုးအစား ပြေပြစ် သလောက် မြန်ကလည်း မြန်ပါဘိခြင်း။

'ကျွန်တော်ကတော့ လဲနေရာက တအားကျုံးထ လိုက်ပါတယ်၊ ကျွန်တော် ထလိုက်တာက ဘေးတိုက်ဆို တော့ လက်ထဲမှာကိုင်ထားတဲ့ လှံက ကျွန်တော့်တပ်သား ရဲဘော်နှစ်ယောက် ချက်ချင်း မလိုက်နိုင်အောင်ရှေ့က ကန့်လန့်ခံထားသလို ဖြစ်နေတယ်၊ အဲဒီနောက်တော့ ကျွန်တော် ကာမင်းနောက်ကို ပြေးလိုက်တယ်၊ တပ်သား နှစ်ယောက်ကတော့ ကျွန်တော့်နောက်က၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ဓားတွေ လှံတွေကပါနေတော့ သူပြေး သလောက် လွတ်လွတ်ကျွတ်ကျွတ် မပြေးနိုင်ကြဘူး။

'အခု ကျွန်တော် ဒီအကြောင်းကို ပြောပြနေ သလောက်တောင် အချိန်က မကြာလိုက်ပါဘူး၊ ကျွန်တော် တို့ အကျဉ်းသား ကာမင်းကို မျက်ခြည်ပြတ်သွားတယ်၊ ပြီးတော့လည်း ဒေသခံမိန်းမတွေက ကာမင်းထွက်ပြေးနိုင် အောင် ကူညီကြတယ် ဆီညော်၊ သူတို့က ကာမင်းပြေးတဲ့ ဘက်ကို အမှန်မပြောကြဘူး၊ တလွဲတချော်တွေချည်း လက်ညှိုးထိုးပြကြတော့ ကျွန်တော်တို့မှာ ယုန်တောင်ပြေး ခွေးမြောက်လိုက်အဖြစ်မျိုး ရောက်ကုန်ကြပါတယ်၊ ဟိုလိုက် ဒီလိုက်နဲ့ အချိန်တွေ အများကြီးကုန်ပြီးတဲ့နောက်မှာတော့ ဆေးလိပ်အလုပ်ရုံ ကင်းစခန်းကို ပြန်ခဲ့ကြပါတယ်၊ ထောင်မှူးဆီက အကျဉ်းသား လက်ခံရရှိကြောင်း စာက



www.burmeseclassic.com

www.burmeseclassic.com



တော့ ပါမလာတော့ပါဘူး။

'အပြစ်ပေးခံရမှာ ကြောက်နေတဲ့ ကျွန်တော့်ရဲဘော် နှစ်ယောက်က ကာမင်းနဲ့ ကျွန်တော် ဘတ်စ်ကွေးဘာသာနဲ့ စကားအကြာကြီး ပြောကြတယ်လို့ အစစ်ခံကြပါတယ်၊ အမှန်အတိုင်း စဉ်းစားကြည့်လိုက်ပြန်တော့လည်း ဖြစ်ပုံက သဘာဝမကျဘူး၊ ကာမင်းလို မိန်းကလေးတစ်ယောက်က လက်သီးနဲ့ထိုးလို့ ကျွန်တော့်လို သန်သန်မာမာ ထွားထွား ကျိုင်းကျိုင်း လူတစ်ယောက် တစ်ချက်တည်းနဲ့ လဲကျသွား တယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဆိုတဲ့ စဉ်းစားစရာ အချက် က ရှိလာတယ်၊ သံသယဖြစ်မယ်ဆိုရင် အများကြီးကို သံသယဖြစ်စရာပေါ့။

'ဒါနဲ့ပဲ တပ်သားနှစ်ယောက်ကို အပြစ်က လွှတ် ပေမဲ့ ကျွန်တော့်ကိုတော့ ရာထူးချလိုက်ပြီး ထောင်ဒဏ် တစ်လကျခံစေလို့ အပြစ်ပေးလိုက်တယ်၊ ကျွန်တော် တပ်ထဲ ဝင်ပါပြီဆိုကတည်းက ပထမဆုံးခံရတဲ့ အပြစ်ဒဏ် ပါ ဆီညော်၊ တပ်ကြပ်ကြီး အရစ်တွေဟာ ကျွန်တော်နဲ့ လက်တစ်ကမ်းရောက်ခါမှ ဂွတ်ဘိုင်လို့ နှုတ်ဆက်လိုက်ရတဲ့ အဖြစ်မျိုးကို ရောက်သွားပါပြီ။

'ထောင်ထဲရောက်စ ရက်တွေဟာ ဝမ်းနည်းကြေကွဲ စွာနဲ့ ကုန်လွန်ခဲ့ပါတယ်၊ ကျွန်တော် စစ်တပ်ထဲ ဝင်စဉ်က တစ်နေ့မှာ ငါအရာရှိတစ်ယောက် ဖြစ်ရမယ်လို့ စိတ်ကူး ယဉ်ခဲ့ဖူးပါတယ်၊ ကျွန်တော်တို့နယ်သား လွန်ဂါနဲ့ မီနာ ဆိုရင် ဗိုလ်ကြီးအဆင့်ထိ ရာထူးတက်သွားကြပါတယ်၊ မီနာလို နီဂရိုးတစ်ယောက်ဖြစ်တဲ့ ချက်ပါလန်ဂါရာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးအထိ ဖြစ်ခဲ့ပါတယ်။ သူက အခုတော့ ဆီဗြော် တို့နိုင်ငံကို ထွက်ပြေးခိုလှုံနေပါတယ်၊ သူ့ရဲ့ညီနဲ့ ကျွန်တော် ဟာ တင်းနစ်ကစားဖော် ကစားဖက်ပါ၊ သူ့ညီခမျာလည်း ကျွန်တော့်လို သနားစရာ လူတစ်ယောက်အဖြစ်မျိုး ရောက် သွားခဲ့ပါတယ်။

'ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ထဲကကျိတ်ပြီး ပြောမိပါတယ်၊ တစ်ချိန်လုံး အပြစ်ကင်းအောင် နေလာခဲ့ သမျှ အခုကျမှ အလဟဿဖြစ်သွားရပြီ၊ အခုဆိုရင် မင်း နာမည်ပျက်သွားပြီ၊ တကယ်လို့ တပ်သားသစ်အဖြစ်နဲ့ ပြန်ဝင်ရင်တောင် မင်းရဲ့အထက်က အရာရှိတွေ ကျေနပ် အောင် အရင်ကထက် ဆယ်ဆလောက် ပိုအပင်ပန်းခံပြီး လုပ်ပြမှ ဖြစ်တော့မှာ၊ မင်းဘာကြောင့် ဒီအပြစ်ဒဏ်ကို ခံရတာလဲ၊ လုံးဝ ဘာမှ တန်ဖိုးမရှိတဲ့ ဂျစ်ပစီမတစ်ယောက် အတွက် ခံရတာ၊ သူဟာ မင်းကို အရူးလုပ်သွားတာ၊ အခုဆိုရင်သူဟာ မြို့ထဲမှာလည်ပြီး ခိုးနေရောပေါ့။

'တစ်ဖက်က အဲဒီလို ပြောနေပေမဲ့ ကျွန်တော် သူ့အကြောင်းကို မတွေးဘဲမနေနိုင်ဘူး၊ ယုံချင်လည်းယုံ မယုံချင်လည်း နေပါဆီဗြော်၊ ကျွန်တော့်မျက်စိထဲမှာ သူထွက်ပြေးတုန်းက မြင်လိုက်ရတဲ့ အပေါက်တွေ ဗလပွနဲ့ ပိုးသားခြေအိတ်တွေကိုပဲ မြင်ယောင်နေမိပါတယ်၊ ပြေးရင်း လွှားရင်းက လွတ်လွတ်လပ်လပ် လှစ်ပြသွားတဲ့ သူ့ခြေ ထောက်တွေဟာ အင်မတန် လှပါလား။

'ကျွန်တော်ဟာ အကျဉ်းထောင် ပြတင်းပေါက် သံတိုင်တွေကြားကနေပြီး အပြင်ကို ကြည့်လေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက် လမ်းပေါ်မှာ သွားလာနေကြတဲ့ မိန်းမတွေကြား မှာ ဟိုမကောင်းဆိုးဝါးတစ်ကောင်လို ယုတ်မာတဲ့ ဂျစ်ပစီမ လောက် လှတဲ့မိန်းမ တစ်ယောက်မှ မတွေ့ဘူး။

'ကျွန်တော်နဲ့ တွေ့စက သူပန်းလေးတစ်ပွင့်နဲ့ ပေါက်ခဲ့တာကို သတိရမိတယ်၊ အဲဒီ နန်းလုံးကြိုင်ပန်းပွင့် ကလေးဟာ ကျွန်တော့်အင်္ကျီအိတ်ကပ်ထဲမှာ ရှိနေဆဲပါ၊ အခုဆိုရင် ခြောက်နေပါပြီ၊ ဒါပေမဲ့ အနံ့ကတော့ မပြယ် သေးဘူး၊ ခပ်သင်းသင်းကလေး မွှေးနေတုန်းပဲ၊ တကယ်လို့ များ စုန်းမတွေဆိုတာ ရှိရိုးမှန်ရင် ဒီမိန်းကလေးဟာ အဲဒီ စုန်းမတွေထဲက တစ်ဦးဖြစ်မှာ သေချာပါတယ်။

'တစ်နေ့မှာ ထောင်ကြပ်တစ်ယောက် အခန်းထဲ ဝင်လာပြီး ပေါင်းမုန့်တစ်လုံး ကျွန်တော့်ကို ပေးတယ်။

''ရော့... ဒီမှာ'' လို့ သူက ပြောတယ်၊ ''ခင်ဗျားရဲ့ ညီမဝမ်းကွဲက ပေးလိုက်တာ''

'ကျွန်တော် ပေါင်းမုန့်ကို တအံ့တသြနဲ့ လှမ်းယူ လိုက်တယ်၊ ဘာပြုလို့လဲဆိုတော့ ဆီဗီးလ်မြို့မှာ ကျွန်တော့် ညီမဝမ်းကွဲမှ မရှိတာ၊ လူမှားတာများ ဖြစ်နေမလားလို့ ကျွန်တော့်လက်ထဲ ရောက်လာတဲ့ ပေါင်းမုန့်ကိုကြည့်ပြီး တွေးနေမိတယ်၊ ဒါပေမဲ့ အနံ့ကလည်းမွှေး၊ အရသာက လည်း သိပ်ရှိမယ့်ပုံပေါ်နေတဲ့ ပေါင်းမုန့်ကို ဘယ်သူက ဘယ်သူ့အတွက် ပေးတာပါလိမ့်ဆိုတာ သိပ်ပြီး တွေးမနေ ချင်တော့ဘူး၊ ဘယ်သူ့ဟာပဲဖြစ်ဖြစ် စားလိုက်တော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

'ဒါပေမဲ့ ဓားနဲ့လည်း လှီးလိုက်ရော၊ တစ်နေရာက



www.burmeseclassic.com

www.burmeseclassic.com



မာကျောကျော ပစ္စည်းတစ်ခုခံနေတာ တွေ့ရတယ်၊ ဘာပါလိမ့်ဆိုပြီး ကြည့်လိုက်တော့ အင်္ဂလန်နိုင်ငံလုပ် တံစဉ်တစ်ချောင်း ဖြစ်နေတယ်၊ မုန့်ကိုမဖုတ်ခင်ကတည်းက ကြိုတင်ပြီး ထည့်ထားပုံရတယ်၊ ဒါ့အပြင် ရွှေဒင်္ဂါးနှစ်ပြားလည်း ပါလာတယ်၊ ကျွန်တော့်အနေနဲ့ စဉ်းစားနေစရာ သံသယဖြစ်နေရာ မလိုတော့ဘူး၊ ဒီလက်ဆောင်ပစ္စည်းဟာ ကာမင်းဆီကပဲ ဖြစ်ရမယ်လို့ တထစ်ချ တွက်လိုက်တယ်။

'ကာမင်းတို့ ဂျစ်ပစီလူမျိုးတွေအတွက်က လွတ်လပ်မှုဟာ အသက်ပဲ၊ တစ်ရက်လောက် အကျဉ်းခံရမယ့်အဖြစ်က လွတ်မယ်ဆိုရင် မြို့တော်ကြီး တစ်မြို့လုံးကို ပြာကျအောင် မီးရှို့ပစ်ရမလား ရှို့ပစ်မယ်ဆိုတဲ့ အမျိုးအစားတွေပါ၊ ဒါ့အပြင်လည်း ဒီမိန်းကလေးက အင်မတန် လည်ပြီး၊ အင်မတန်ကို ပါးတယ်၊ ဒီလို ပေါင်မုန့်မျိုးတစ်လုံးရလို့ကတော့ ဘယ်ထောင်ကြပ်ကိုမှ မှူစရာမလိုတော့ဘူး၊ တစ်နာရီလောက် အတွင်းမှာ သံတိုင်တွေကို တံစဉ်းနဲ့ ဖြတ်ပစ်လိုက်နိုင်တယ်၊ အပြင်ရောက်တာနဲ့ တစ်ပြိုင်နက် ပထမဆုံးတွေ့တဲ့ဆိုင်က အဝတ်အစားဝယ်ပြီး ထောင်ယူနီဖောင်းနဲ့ လဲပစ်နိုင်တယ်၊ ချက်ချင်း အရပ်ဝတ် အရပ်စားနဲ့ သာမန်လူတစ်ယောက်အဖြစ် ပြောင်းသွားနိုင်တယ်။

'ဆီညော် စဉ်းစားကြည့်ပါ၊ အလွန်မတ်စောက်ပြီး ရှေ့ကို ငေါထွက်နေတဲ့ ကျောက်စွန်း ကျောက်ကမ်းပါးပေါ်က လင်းယုန်ငှက်သိုက်တွေထဲ မရရအောင်တက်ပြီး လင်းယုန်ငှက်ပေါက်ကလေးတွေကို အကြိမ်ပေါင်းစွာ နှိုက်ခဲ့ဖူးတဲ့ လူတစ်ယောက်အဖို့ ပေသုံးဆယ်တောင်မှ မမြင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြတင်းပေါက် သံတိုင်တွေကို ဖြတ်ပြီး အပြင်ဘက် လမ်းမပေါ် ခုန်ဆင်းဖို့ဆိုတာ ငှက်ပျောသီး အခွံခွာစားရ တာထက် လွယ်ပါသေးတယ်။

'ဒါပေမဲ့ ကျွန်တော် ထွက်မပြေးချင်ဘူး၊ စစ်သား တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက် ချင်တဲ့ အသိက ရှိနေတုန်းပဲ၊ ထွက်ပြေးတယ်ဆိုတာဟာ ကျွန်တော့်အဖို့ အလွန်ကို ကြီးမားတဲ့ပြစ်မှုကြီးတစ်ခု ဖြစ်နေတယ်၊ ဒါပေမဲ့ အခုသူက အမှတ်တရပို့ပေးလိုက်တဲ့ ပစ္စည်းတွေကတော့ ကျွန်တော့်စိတ်မှာ ထိခိုက်ခဲ့ရပါတယ်။

'ဆီညော်လည်း သိမှာပါ၊ ထောင်ကျနေတဲ့ လူတစ် ယောက်အဖို့ အပြင်ဘက်ကနေပြီး မိမိကို စောင့်ရှောက်နေ တဲ့ မိတ်ဆွေတစ်ဦး ရှိပါသေးသလားဆိုတဲ့ အသိရှိနေတာ ဟာ အင်မတန်ကို စိတ်ကြည်နူးရပါတယ်၊ ရွှေဒင်္ဂါးနှစ်ပြား ကတော့ ကျွန်တော့်စိတ်ကို အနှောင့်အယှက် ဖြစ်ခဲ့ပါတယ်။ ကျွန်တော် သူ့ကို ပြန်ပေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့် ကျေးဇူးရှင်မလေးကို ဘယ်မှာ ရှာတွေ့နိုင်မလဲ၊ ဒါကတော့ လွယ်မယ်မထင်ဘူးလို့ ကျွန်တော် တွေးမိပါတယ်။

'ကျွန်တော့်ကို ရာထူးကချတဲ့ အခမ်းအနားပြီး ကတည်းက အဲဒီထက် ဆိုးရွားတဲ့အဖြစ်မျိုး ကျွန်တော့်အဖို့ ရှိမှာမဟုတ်တော့ဘူးလို့ စိတ်ထဲမှာ ခံစားခဲ့ရပါတယ်၊ ဒါပေမဲ့ သူ့ထက်ဆိုးတဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်စရာ တစ်ခုဟာ ကျန်နေပါသေးတယ်၊ ကျွန်တော် တစ်လပြည့်လို့ ထောင်က လွတ်လာတဲ့အခါမှာ သာမန်တပ်သားတစ် ယောက်ဘဝနဲ့ ကင်းစောင့်ရတဲ့အဖြစ်ပါ၊ အဲသလို အဖြစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကြုံရတဲ့အခါ စိတ်ထဲမှာ ခံစားရတဲ့ ရှက်စိတ်ဟာ ဘယ်လောက်အထိ ကြီးမားပြင်းထန်တယ်ဆိုတာ မကြုံဖူးတဲ့ လူကတော့ သိမှာမဟုတ်ပါဘူး။

'ကျွန်တော့်အနေနဲ့ တစ်ခါတည်း သေနတ်နဲ့ ပစ်အသတ်ခံလိုက်ရတာကမှ ကောင်းပါလိမ့်ဦးမယ်လို့ တွေးမိပါတယ်၊ အဲဒီလို အဖြစ်မျိုးမှာဆိုရင်တောင်မှ လူတစ်ယောက်ဟာ တပ်ဖွဲ့ရှေ့က လျှောက်သွားရတာပါ၊ ဘာပဲဖြစ်ဖြစ် သူဟာ လူအများရဲ့ အာရုံစူးစိုက်မှုကို ခံရပါတယ်၊ ပြီးတော့ အရေးပါ အရာရောက်တဲ့ လူတစ်ယောက်အဖြစ် အားလုံးရဲ့ အသိအမှတ်ပြုတာကိုလည်း ခံရပါတယ်။

'တစ်ရက်မှာ ကျွန်တော့်ကို ဗိုလ်မှူးကြီးတစ်ယောက်ရဲ့ တံခါးဝမှာ ကင်းစောင့်အဖြစ် တာဝန်ချထားခြင်း ခံရပါတယ်၊ ဗိုလ်မှူးကြီးဟာ လူရွယ်တစ်ယောက်ပါ၊ ပျော်ပျော်နေတတ်တဲ့ သဘောရှိပါတယ်။ အပျော်အပါးတော့ အတော့်ကို ဝါသနာကြီးတဲ့ လူတစ်ယောက်ပါ၊ လူငယ်အရာရှိတွေ၊ မြို့ထဲက ငွေကြေးပြည့်စုံတဲ့ လူရတတ်တွေနဲ့ မင်းသမီးတွေ အပါအဝင်အမျိုးသမီးတချို့ဟာ သူ့အိမ်မှာ အမြဲတမ်း အသွားအလာ အဝင်အထွက် ရှိတယ်လို့လည်း ကျွန်တော် သိထားပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ကျွန်တော်နဲ့ ပတ်သက်လို့ကတော့ တစ်မြို့လုံးရှိနေတဲ့ လူတွေက ကျွန်တော့်ကို ကြည့်ဖို့လာကြတယ်လို့ စိတ်ထဲက ထင်မိပါတယ်။

အဲသလိုတွေးနေတုန်း ဖြုန်းခနဲ ဗိုလ်မှူးကြီးရဲ့ ကတ္တီပါထိုင်ခုံတွေ တပ်ထားတဲ့ ရထားကြီးဟာ အိမ်ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်လာပါတယ်၊ ရထားပေါ်က ဘယ်သူ ဆင်းလာတာကို ကျွန်တော် မြင်ရတယ်ထင်သလဲ၊ ကျွန်တော့် ဂျစ်ပစီမ ကလေးပါ၊ အခုတစ်ချိန်မှာတော့ သူ့တစ်ကိုယ်လုံးဟာ အရောင်တလက်လက် ထွက်နေပါတယ်။ ဝတ်စားဆင်ယင် ထားပုံက တောက်တောက်ပြောင်ပြောင်နဲ့ ရွှေရောင်တွေ ဖုံးနေပါတယ်။ တလက်လက် အရောင်ပြေးနေတဲ့ အကွက် အပြောက် ကလေးတွေ စီခြယ်ထားတဲ့ ဂါဝန်ကို ဝတ်ထား ပါတယ်။ စီးထားတဲ့ အပြာရောင် ဖိနပ်မှာလည်း အရောင် ထွက်တဲ့ အစက်အပြောက်ကလေးတွေ စီခြယ်ထားပါတယ်၊ အို... သူ့တစ်ကိုယ်လုံးမှာ ပန်းတွေနဲ့ ရွှေခြည်ထိုး ဇာပဝါတွေဟာ ပြည့်နေပါတယ်။ သူ့လက်ထဲမှာလည်း ကျွန်တော်တို့ ဘတ်စ်ကွေးနယ်သုံး နှုတ်ခမ်းပတ်ပတ်လည် မှာ တချွင်ချွင်မြည်တဲ့ လင်ကွင်းအသေးစားကလေးတွေ တပ်ထားတဲ့ စည်တိုကလေးတစ်လုံးကို ကိုင်လို့။

'သူနဲ့အတူ ဂျစ်ပစီမနှစ်ယောက်လည်း ပါလာတယ်၊ တစ်ယောက်က ငယ်ငယ်၊ တစ်ယောက်က ကြီးကြီး၊ ဂျစ် ပစီကောင်မလေးတွေ အပြင်ထွက်ရင် ဂျစ်ပစီမကြီး တစ် ယောက်လောက်ကတော့ အဖော်အဖြစ်နဲ့ အမြဲတမ်း ပါလာ လေ့ရှိပါတယ်၊ ပြီးတော့ သူတို့နဲ့အတူ ဂျစ်ပစီအဘိုးကြီး တစ်ယောက်လည်း ပါလာပါသေးတယ်၊ သူကတော့ ဂစ်တာတစ်လက်ဆွဲလို့၊ သူတို့ကတဲ့အခါ တီးပေးမယ့် လူပေါ့။

'လူရတတ်တွေဟာ သူတို့ပါတီပွဲတွေလုပ်ပြီဆိုရင် ဧည့်ပရိသတ်တွေကို အတီးအမှုတ်၊ အကအခုန်နဲ့ ဖြေဖျော်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဂျစ်ပစီတွေကို ငှားလေ့ရှိကြတာ ဆီညော်အသိပဲ၊ ရိမာလစ်စ်လို့ခေါ်တဲ့ အကဟာ ဂျစ်ပစီတွေရဲ့ အမျိုးသား အကပါ၊ တစ်ခါတလေကျတော့လည်း ဧည့်ခံဖြေဖျော်ဖို့တင် မကဘူး၊ တခြားနည်းတွေနဲ့ ဖြေဖျော်ခိုင်းဖို့အတွက် ငှားကြ တာပါ။

'ကာမင်းက ကျွန်တော့်ကို ကောင်းကောင်း မှတ်မိ ပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်ဟာ အကြည့်ချင်း ဖလှယ်လိုက်ကြပါတယ်၊ ဘာကြောင့်ရယ်လို့တော့ မပြော တတ်ဘူး၊ အဲဒီ တဒင်္ဂအတွင်းမှာ ကျွန်တော်ဟာ ကိုယ့်ကိုယ် ကို မြေကြီးအောက် ပေတစ်ရာလောက် ရောက်သွားရင် သိပ်ကောင်းမှာပဲလို့ တွေးလိုက်မိပါတယ်။

'"အက်ဂါလဠားနား" လို့ သူက လှမ်းပြောပါတယ်၊ "မင်္ဂလာနေ့ခင်းပါ ရဲဘော်"လို့ နှုတ်ဆက်တဲ့ စကားပါ၊ "ဘယ်လိုလဲ ဗိုလ်ကြီးရဲ့၊ တပ်သားတစ်ယောက် ကင်း စောင့်သလို စောင့်နေရတာ ဘာဖြစ်လို့လဲ"

'ကျွန်တော့်ဆီက အဖြေမရခင်မှာဘဲ သူဟာ အိမ်ထဲ ရောက်သွားပါတယ်။

'လူတိုင်း အိမ်ရှေ့ဆင်ဝင်ထဲ ရောက်သွားကြပါပြီ၊ ပရိသတ်များပေမဲ့ ကျွန်တော် တာဝန်ကျနေတဲ့ ဂိတ်ပေါက် က လှမ်းကြည့်လိုက်ရင် အားလုံးကို ပီပီပြင်ပြင် မြင်နေရပါ တယ်၊ တီးသံမှုတ်သံ ရယ်မောသံတွေနဲ့ လက်ခုပ်သြဘာသံ တွေကိုလည်း ကြားနေရပါတယ်၊ စည်တိုကလေးကို တီးပြီး ခုန်လိုက် ပျံလိုက်နဲ့ မြူးမြူးကြွကြွကနေတဲ့ ကာမင်းကိုလည်း မကြာမကြာ လှမ်းမြင်နေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တချို့အရာရှိတွေက ကာမင်းကို စကားတွေ လှမ်းလှမ်းပြောနေတဲ့ အသံတွေကိုလည်း ကျွန်တော် ကြား နေရပါတယ်၊ ကြားလိုက်တိုင်းလည်း ကျွန်တော့်ပါးတွေဟာ နီရဲထူပူသွားလေ့ ရှိပါတယ်၊ သူတို့က ဘာတွေပြောလို့ ကာမင်းက ဘယ်လို ပြန်ပြောတယ်ဆိုတာတော့ ကျွန်တော် မသိပါဘူး၊ ကျွန်တော် သူ့ကိုစပြီး ချစ်မိတာဟာ အဲဒီနေ့ကပဲ ဖြစ်လိမ့်မယ်လို့ ထင်မိပါတယ် ဆီညော်။

'အိမ်ထဲကို ပြေးဝင်ပြီး လက်ထဲက ဓားနဲ့ ကာမင်း ကို ထိကပါးရိကပါး လုပ်နေတဲ့ လူအားလုံးရဲ့ ဝမ်းဗိုက်တွေ ကို ထိုးပစ်ချင်တဲ့စိတ်ဟာ သုံးလေးကြိမ်လောက် ပေါ်လာ ပါတယ်။ သူတို့တစ်တွေ ပရောပရီ လုပ်နေတာကိုကြည့်ပြီး စိတ်ဆင်းရဲမှုဒဏ်ကို အတော်ကြာကြာ ခံလိုက်ရပါတယ်၊ နောက်တော့ ဂျစ်ပစီအားလုံး အိမ်ထဲက ပြန်ထွက်လာကြပါ တယ်။ ကာမင်းကတော့ကျွန်တော့်ရှေ့က ဖြတ်အသွားမှာ တစ်ချက်ကြည့်လိုက်ပြီး လေသံတိုးတိုးနဲ့ စကားလှမ်းပြော သွားပါတယ်။

"'တစ်မြေတည်းနေ တစ်ရေတည်း သောက်ခဲ့ရတဲ့ ကျွန်မရဲဘော်ရယ်၊ ငါးကြော်ကောင်းကောင်း စားချင်တဲ့ လူဟာ ထရီယားနားရပ်ကွက်က လစ်လတ်စ် ပတ်စတီယာ ရဲ့ ဆိုင်ကို သွားကြရပါတယ်"

'ပြောလည်းပြီးရော သူဟာ ပေါ့ပါးဖျတ်လတ်စွာနဲ့ ရထားထဲကို ခုန်ဝင်သွားတယ်၊ ရထားသမားက သူ့လားတွေ ကို ကျာပွတ်သံလည်း ပေးလိုက်ရော၊ ပျော်ရွှင်မြူးထူးနေတဲ့ ဂျစ်ပစီတစ်သိုက်ဟာ ကျွန်တော်မသိတဲ့နေရာကို ပါသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပါလေရော။

'ကင်းတာဝန်ကလည်း လွတ်ရော၊ ကျွန်တော်ဟာ ထရီယားနားရပ်ကွက်ကို သွားခဲ့ပါတယ်၊ ဒါပေမဲ့ မသွားခင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို အတော်ကလေး သလိုက်ပါသေးတယ်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေရိတ်၊ တစ်ကိုယ်လုံး သန့်စင်အောင်လုပ်နဲ့ စစ်ရေးပြ အခမ်းအနားသွားရမယ့်လူတစ်ယောက် ကျနေတာပဲ၊ ကာမင်းကတော့ လစ်လတ်စ်ပတ်စတီယာရဲ့ဆိုင်မှာ ရောက်နေနှင့်တယ်၊ ဒီဆိုင်ကိုပိုင်တဲ့ လစ်လတ်စ် ပတ်စတီယာဟာ ဂျစ်ပစီမကြီးတစ်ယောက်ပါ၊ အသားကလည်း မူးလူမျိုးတစ်ယောက်နဲ့ ဘာမှ မခြားနားဘူး၊ မည်းနက်နေတာပဲ၊ အထူးသဖြင့် သူ့ဆိုင်က ငါးကြော်ဟာ နာမည်ကြီးတယ်၊ မြို့သူမြို့သား အများစုဟာ သူ့ဆိုင်ကိုလာပြီး ငါးကြော်စားလေ့ ရှိကြပါတယ်၊ ကာမင်းကလည်း ဒီဆိုင်ကို သူ့စားကျက်အဖြစ် သုံးနေတာကြာပြီ။

'ကာမင်းက ကျွန်တော့်ကိုလည်းမြင်ရော "လစ်လတ်စ်ရေ ယနေ့အဖို့တော့ ကျွန်မတာဝန် ပြီးသွားပြီ၊ မနက်ဖြန်ကျတော့လည်း နောင်ခါလာ နောင်ခါစျေးပေါ့၊ ကဲ...လာ... အစ်ကို၊ ညီမတို့ လမ်းလျှောက်ကြရအောင်"

'ကာမင်းက သူ့ဇာပဝါကလေးနဲ့ ခေါင်းကိုခြုံလိုက်ပြီး နှစ်ယောက်သားလမ်းမပေါ် ရောက်လာကြတယ်၊ ဘယ်သွားလို့ ဘယ်လာရမှန်း မသိတော့ ယောင်လည်လည်ပေါ့။

'"ငါထောင်ထဲမှာရောက်နေတုန်းက လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပို့ခဲ့တဲ့အတွက် မင်းကို ကျေးဇူးတင်စကား ပြောရလိမ့်မယ်လို့ ထင်တယ်”လို့ ကျွန်တော်က ပြောပါတယ်၊ “မင်းပို့လိုက်တဲ့ ပေါင်မုန့်ကို ငါစားခဲ့ပါတယ်၊ တံစဉ်းကတော့ ငါလုံ့သွားကိုချွန်ဖို့ အသုံးဝင်မှာပါ၊ ဒါကြောင့်မို့ မင်းကို သတိတရဖြစ်အောင် ငါသိမ်းထားပါ့မယ်၊ ဒါပေမဲ့ ရွှေဒင်္ဂါး နှစ်ပြားကိုတော့ မင်းပြန်ယူပါ”

““ဘာပြုလို့ ရွှေဒင်္ဂါပြားကို မသုံးဘဲသိမ်းထားရတာလဲ”လို့ သူက တအံ့တသြ ရေရွတ်ပြီး ရယ်နေတယ်၊ “ရပါတယ်လေ ဒါလည်းပဲ တစ်နည်းအားဖြင့်တော့ ကောင်းတာပါပဲ၊ အခုတစ်လော ညီမမှာ ငွေပြတ်နေတယ်၊ ဒါပေမဲ့ ကိစ္စတော့မရှိပါဘူး၊ ခွေးလေခွေးလွင့်တစ်ကောင်ဟာ ဘယ်တော့မှ မငတ်ဘူးဆိုတဲ့ စကားပုံရှိနေတာပဲ မဟုတ်လား၊ ကဲ...လာ... ဒီငွေနဲ့ အစားစားမယ်၊ အစ်ကိုက ကျွန်မကို ကျွေးပေါ့”

‘နှစ်ယောက်သားဆီဗီးလ်မြို့ဘက်ကို ပြန်လာခဲ့ကြတယ်၊ ကယ်လီဆိုင်ယားပက်စ်လမ်းထဲလည်း ဝင်မိရောကာမင်းက လိမ္မော်သီး တစ်ဒါဇင်ဝယ်ပြီး ကျွန်တော့်ကို လက်ကိုင်ပဝါနဲ့ ထုတ်ယူလာခဲ့ဖို့ ပြောတယ်၊ ရှေ့နားဆက်လျှောက်မိတော့ ပေါင်မုန့်နဲ့ ဝက်အူချောင်း နည်းနည်းပါးပါး ဝယ်တယ်၊ ပြီးတော့ ဝိုင်တစ်ပုလင်း ဝယ်တယ်၊ နောက်ဆုံးမှာ သူဟာ မုန့်မျိုးစုံရောင်းတဲ့ ဆိုင်တစ်ဆိုင်ထဲ ဝင်ပြန်တယ်။

‘ဆိုင်ထဲရောက်တော့ ကျွန်တော်ပြန်ပေးထားတဲ့ ရွှေဒင်္ဂါးပြား နှစ်ပြားထဲက တစ်ပြားနဲ့ ငွေသား အကြွေတချို့



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်တာပေါ် ပစ်တင်လိုက်တယ်၊ ရွှေဒင်္ဂါးတစ်ပြားကိုတော့ သူ့အိတ်ထဲမှာပဲ ထည့်ထားတယ်၊ နောက်ဆုံးမှာ ကျွန်တော့်ဆီက ရှိနေသမျှ ပိုက်ဆံကို တောင်းပြန်တယ်၊ ကျွန်တော့်မှာလည်း ငွေနည်းနည်းပဲ ရှိတယ်၊ ဒီထက်ပိုပြီး မရှိလို့ ရှက်သလိုလို ဖြစ်မိပေမဲ့ လက်ထဲရှိသမျှကိုတော့ အကုန်လုံး ပေးလိုက်ပါတယ်၊ သူလုပ်နေပုံကြည့်ပြီး တစ်ဆိုင်လုံး ပြောင်အောင် ဝယ်မလားလို့တောင် ကျွန်တော် တွေးလိုက်မိပါသေးတယ်။

'ကာမင်းဟာ ဆိုင်ထဲက ဈေးအကြီးဆုံးဆိုတဲ့ ချိုချဉ်တို့၊ ကော်ဖီတို့၊ မုန့်တို့ကို ဝယ်တယ်၊ လက်ထဲမှာ ရှိသမျှငွေ ပြောင်သွားတဲ့အထိ ဝယ်ပစ်တာပါပဲ၊ သူဝယ်သမျှ ပစ္စည်းတွေ ထည့်ထားတဲ့ စက္ကူအိတ်အားလုံးကိုလည်း ကျွန်တော့်ကိုပဲ ဆွဲလာခိုင်းတယ်၊ ဆီညော်အနေနဲ့ ကယ်လီကင်ဒီလီဂျိုလမ်းကို သိလိမ့်မယ် ထင်ပါတယ်။

'အဲဒီလမ်းထဲရောက်တော့ ကျွန်တော်တို့ အိမ်အိုအိမ်ဟောင်း တစ်လုံးရှေ့မှာ ရပ်လိုက်ကြတယ်၊ ကာမင်းဟာ ပေါင်းကူးလမ်းအတိုင်း ဆင်းသွားပြီး မြေညီထပ်က တံခါးတစ်ချပ်ကို ခေါက်လိုက်တယ်၊ ဂျစ်ပစီမကြီးတစ်ယောက်က တံခါးလာဖွင့်ပေးတယ်၊ အရုပ်ဆိုးလိုက်တဲ့ မိန်းမကြီး၊ မာရ်နတ်ရဲ့ သမီးတစ်ယောက်ပါပဲ၊ ကာမင်းက အဲဒီမိန်းမကြီးကို ရိုမေနီစကားနဲ့ တစ်ခွန်းနှစ်ခွန်း ပြောတယ်၊ မိန်းမကြီးက ပထမတော့ ငြင်းတယ်၊ ကာမင်းက လိမ္မော်သီးနှစ်လုံးနဲ့ ချိုချဉ်လက်တစ်ဆုပ်ကို အဘွားကြီးလက်ထဲ ထည့်ပေးတယ်။ အရက်တစ်ခွက်လည်း တိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးကို ပျော့လာအောင် ချော့တာပါ။ အဲဒီနောက်တော့ ကာမင်းက အဘွားကြီးရဲ့ အပေါ်ဝတ်အင်္ကျီကိုယူပြီး ပခုံးပေါ် တင်ပေးတယ်၊ တံခါးပေါက်အထိ ဆွဲခေါ်သွားပြီး အပြင်ကို ထုတ်လိုက်တယ်။ ပြီးတော့တံခါးကို ပိတ်လိုက်တယ်၊ အခန်းထဲမှာ နှစ်ယောက်တည်း ကျန်ခဲ့တာနဲ့ တစ်ပြိုင်နက် ကာမင်းဟာ အရူးမတစ်ယောက်လို ကလိုက်၊ ရယ်လိုက်၊ သီချင်းဆိုလိုက်နဲ့ "ရှင်ဟာ ကျွန်မရဲ့ လင်ပါ၊ ကျွန်မဟာ ရှင့်ရဲ့မယားပါ"

'ကျွန်တော်ကတော့ အခန်းရဲ့အလယ်မှာ ငေါင်စင်းစင်းနဲ့ ရပ်နေရတယ်၊ သူဝယ်လာတဲ့ ပစ္စည်းအထုပ်တွေကို ပွေ့လို့ ဘယ်နေရာမှာ ချရမှန်းလည်း မသိဘူး၊ သူက ပစ္စည်းအားလုံးကိုယူပြီး ကြမ်းပြင်ပေါ် ကြဲချပစ်လိုက်တယ်၊ ပြီးတော့ သူ့လက်နှစ်ဖက်နဲ့ ကျွန်တော့်လည်ပင်းကို သိမ်းဖက်ပြီး ပြောတယ်။

'"ကျွန်မ အကြွေးဆပ်ရမယ်၊ ကျွန်မ အကြွေးပြန်ဆပ်ရမယ်၊ ဒါဟာ ဂျစ်ပစီတို့ရဲ့ ဥပဒေပဲ"

'ဒီမယ်ဆီညော် ဟိုနေ့က ဘာနေ့ပါလိမ့်၊ ကျွန်တော် ကတော့ အဲဒီအကြောင်းကို တွေးမိလိုက်ရင် မနက်ဖြန် အကြောင်း မေ့သွားရော'

ကျွန်တော့်မိတ်ဆွေသည်တစ်ခဏမျှ စကားကို ဖြတ်ကာ ငြိမ်ဆိတ်နေသည်။ ထို့နောက် သူ့ဆေးပြင်းလိပ်ကို မီးထပ်ညှိကာ သူ့စကားကို ဆက်သည်။

'ကျွန်တော်တို့နှစ်ယောက် တစ်နေ့လုံး အတူတူနေကြတယ်၊ စားလိုက်၊ သောက်လိုက်၊ စကားတွေ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ သူဟာ ခြောက်နှစ်သမီးလေး ကျနေတာပဲ၊ ချိုချဉ် တွေကို တစ်လုံးပြီးတစ်လုံးစားတယ်၊ ပြီးတော့ ချိုချဉ်တွေကို လက်နဲ့ဆုပ်ဆုပ်ယူပြီး အဘွားကြီးရဲ့ သောက်ရေအိုးထဲကို ထည့်တယ်၊ "အဘွားကြီးအတွက် ဖျော်ရည်လုပ်ပေးတာ" လို့ပြောတယ်၊ ကြက်ဥအနှစ်ကို သကြားအုပ်ထားတဲ့ တော်ဖီတွေနဲ့ နံ့ရံတွေကို ပေါက်တယ်၊ "အခုလို လုပ်ထား လိုက်မှ ယင်ကောင်တွေက ကျွန်မတို့နှစ်ယောက်ကို မနှောင့် ယှက်မှာ"လို့ ပြောတယ်။

'သူဟာ ပရိယာယ်မလုပ်ဘူး၊ မလှည့်စားဘူး၊ ကျွန်တော့်ကို ထိထိခိုက်ခိုက် ဖြစ်စေမယ့် ပြောင်တာ နောက်တာမျိုးတွေ မလုပ်ဘူး၊ ကျွန်တော်က သူကတာ ကြည့်ချင်တယ်လို့ ပြောတယ်၊ ဒါပေမဲ့ တီးစရာမှုတ်စရာ ဘာကိရိယာမှ မရှိဘူး၊ ချက်ချင်းပဲ သူဟာ အဘွားကြီးရဲ့ တစ်ချပ်တည်းသာရှိတဲ့ ပန်းကန်ပြားကိုယူပြီး ခွဲလိုက်တယ်၊ အဲဒီ ပန်းကန်ပြားကွဲကို တူရိယာသံထွက်အောင်လုပ်ပြီး ရိုမာလစ်စ်အကကို ကတယ်၊ ဒီမိန်းကလေးနဲ့နေရတာ ပျင်းစရာတစ်စက်မှ မရှိဘူး ဆီညော်၊ ဒီလိုနဲ့ပဲမိုးချုပ်လာ တယ်။

'"တန်းစီကြတော့မယ်၊ အစ်ကို စစ်တန်းလျားကို ပြန်ဦးမှ"လို့ ကျွန်တော်က ပြောတယ်။

'"စစ်တန်းလျားကို ပြန်မယ်ဟုတ်လား"လို့ သူက ပမာမခန့် မျက်နှာထားနဲ့မေးတယ်၊ "နေစမ်းပါဦး၊ ကိုယ့် ဘဝကိုယ် ကြိမ်တစ်ချောင်းနဲ့ အုပ်ချုပ်ခံရတဲ့အဖြစ်မျိုး ရောက်အောင် လုပ်ထားတာဟာ ရှင်က လူမည်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မို့လား၊ ရှင်ဟာ စာဝါငှက်ကလေးတစ်ကောင်နဲ့ တကယ်တူတာပဲ၊ တူတာမှ အဝတ်အစား*ရော အကျင့်စာရိတ္တရောတူတာ၊ ဒီလိုဆိုလည်း ပြန်ပေါ့၊ ရှင်ဟာ တော်တော့်ကို သူရဲဘောကြောင်တဲ့ လူပဲ"

'ကျွန်တော် မပြန်တော့ဘူး၊ သူနဲ့ပဲနေလိုက်တယ်၊ နောက်နေ့ မနက်ကျတော့ လူချင်းခွဲဖို့ စပြောတာသူ။

'"ကျွန်မပြောမယ်၊ နားထောင်နော် ဂျိုဆေတို"လို့ သူက စကားစတယ်၊ "ကျွန်မ ကြွေးဆပ်ပြီးပြီ၊ ကျွန်မတို့ ထုံးစံအရဆိုရင် ကျွန်မရှင့်ကို နောက်ထပ် ဘာမှ ပေးစရာ မလိုတော့ဘူး၊ အကြွေးကျေသွားပြီ၊ ဒါပေမဲ့ ရှင်က လူချောတစ်ယောက်မို့ ကျွန်မ သဘောတော့ ကျတယ်၊ ကဲ သွားတော့ ဂွတ်ဘိုင်"

'ကျွန်တော်က သူ့ကို နောက်ထပ် ဘယ်တော့လောက် တွေ့ရဦးမလဲလို့ မေးလိုက်တယ်။

'"ရှင်ဒီထက် လိမ္မာလာတဲ့အခါကျမှ တွေ့ကြတာပေါ့"လို့ သူက ရယ်ရွှန်းဖတ်ရွှန်းနဲ့ ပြောတယ်။ နောက်တော့ တည်ငြိမ်လေးနက်တဲ့ အသံနဲ့ ထပ်ပြောပြန်တယ်၊ "ရှင်လည်း သိမှာပါ၊ ကျွန်မ ရှင့်ကို နည်းနည်းတော့ ချစ်တယ်လို့ ယုံကြည်ထားတယ်၊ ဒါပေမဲ့ ကျွန်မအချစ်က ရေရှည်တော့ခံမှာ မဟုတ်ဘူး၊ ခွေးနဲ့ဝံပုလွေဟာ ဘယ်တော့မှ ကြာရှည်တွဲနေလို့ မရဘူးဆိုတဲ့ စကားလိုပေါ့၊ တကယ်လို့ ရှင်က အီဂျစ်တွေရဲ့ တရားဥပဒေကို လက်ခံမယ်ဆိုရင်တော့ ကျွန်မက ကျွန်မကိုယ် ကျွန်မ ရှင့်မယား

---

* စပိန်မြင်းတပ်သားများ၏ ယူနီဖောင်းသည် အဝါရောင် ဖြစ်သည်။

www.burmeseclassic.com



အဖြစ် သတ်မှတ်ချင် သတ်မှတ်မိလိမ့်မယ်၊ ဒါပေမဲ့ အဲဒါလည်းပဲ တကယ်တမ်းကျတော့ အဓိပ္ပာယ်မရှိပါဘူး၊ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပါ၊ ကျွန်မပြောတာကို ယုံပါ၊ ကျွန်မပေါ်မှာ ပေါ့ပေါ့တန်တန်ပဲ သဘောထားပါ၊ အခု ဆိုရင် ရှင်ဟာ မာရ်နတ်နဲ့တွေ့ပြီးသွားပြီ၊ ဟုတ်တယ် မာရ်နတ်နဲ့တွေ့တာ၊ မာရ်နတ်ဟာ အမြဲတမ်းတော့ အဝတ် နက် ဝတ်ထားတာ မဟုတ်ဘူး၊ ရှင့်လည်ပင်းကိုလည်း သူညှစ်မှာ မဟုတ်ဘူး၊ ကျွန်မဟာ သိုးမွေးထည်တွေ ဝတ်ထားတယ်၊ ဒါပေမဲ့ ကျွန်မဟာ သိုးမလေးတစ်ကောင် တော့ မဟုတ်ဘူးနော်၊ အဲဒါကို ရှင်သိထားရမယ်၊ ရှင်တို့ရဲ့ မယ်တော် အပျိုစင် မေရီနတ်သမီးဆီသွားပြီး ဖယောင်းတိုင် တစ်တိုင် ပူဇော်လိုက်ပါ၊ ကဲ... နောက်တစ်ကြိမ်ထပ်ပြီး နှုတ်ဆက်လိုက်ဦးမယ်၊ ဂွတ်ဘိုင်၊ ကာမင်းဆီတာအကြောင်း ကို မေ့ပစ်လိုက်တော့"

'ဒီစကားတွေကို ပြောနေရင်းကပဲ သူဟာ တံခါး မင်းတုပ်ကို ဆွဲဖွင့်လိုက်တယ်၊ အပြင်ဘက်ရောက်တာနဲ့ တစ်ပြိုင်နက် ဇာပဝါကို ခေါင်းမြီးခြုံလိုက်ပြီး လမ်းမပေါ် အတိုင်း လျှောက်သွားတယ်။

'သူပြောတာ မှန်တယ် ဆီညော်၊ သူ့ကို မေ့ပစ်လိုက် ဖို့ ပြောသွားတာဟာ ကျွန်တော့်အတွက် အလွန့်ကိုကောင်း တဲ့ အကြံပေးချက် တစ်ခုပါ၊ ဒါပေမဲ့ ကယ်လီကင်ဒီလီဂျို လမ်းထဲရောက်ပြီးကတည်းက ကျွန်တော်ဟာ သူ့ အကြောင်းကလွဲပြီး တခြား ဘာကိုမှ မတွေးနိုင်ခဲ့တော့ဘူး၊ တစ်နေကုန် တစ်နေခန်း တစ်လမ်းဝင် တစ်လမ်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားပြီး သူ့ကို တွေ့လိုတွေ့ငြား ရှာမိတယ်၊ ဂျစ်ပစီ အဘွားကြီးဆီ သွားမေးတယ်၊ ငါးကြော်ဆိုင်ကို ရောက်အောင်သွားပြီး စုံစမ်းတယ်၊ နှစ်ဦးစလုံးက ကာမင်း လာလိုရှိမြို့ကို သွားပြီလို့ပြောကြတယ်၊ ဒီစကားကို ပြော တာဟာ ကာမင်းက သင်ပေးထားတဲ့အတိုင်း ပြောတာပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ်။

'မကြာခင်မှာပဲ သူတို့လိမ်ပြောနေကြတယ်ဆိုတာ ကျွန်တော် သိရတယ်၊ ကယ်လီကင်ဒီလီဂျို လမ်းထဲမှာ ကာမင်းနဲ့ဆုံခဲ့မိပြီးတဲ့နောက် သီတင်းပတ် အနည်းငယ် အကြာ တစ်ရက်မှာ ကျွန်တော်ဟာ မြို့အဝင်ဂိတ်တံခါး တစ်ခုမှာ ကင်းကျခဲ့ပါတယ်။ ကျွန်တော် တာဝန်ကျတဲ့ ဂိတ်နဲ့ မနီးမဝေးက မြို့ရိုးတစ်နေရာမှာ အပေါက်ကြီး တစ်ပေါက် ရှိတယ်၊ နေ့ခင်းပိုင်းမှာတော့ မြို့ထဲကလူတွေ ဝင်ရာ၊ ထွက်ရာ မလွယ်ပေါက်ပေါ့၊ ညကျရင်တော့ ကင်းစောင့်တပ်သားတစ်ယောက် ချထားရတယ်၊ မှောင်ခို ပစ္စည်းခိုးသွင်းတဲ့ လူတွေကို မဝင်နိုင်အောင် စောင့်ရတာပါ။

'ကျွန်တော်တာဝန်ကျတဲ့နေ့ နေ့ခင်းပိုင်းမှာ ကင်း စခန်းနဲ့ မနီးမဝေးကနေပြီး ယောင်လည်လည် လုပ်နေတဲ့ လစ်လတ်စ် ပတ်စတီယာကို ကျွန်တော် လှမ်းမြင်လိုက် တယ်၊ သူဟာ ကျွန်တော့်မိတ်ဆွေ ရဲဘော်တချို့နဲ့ စကား ပြောနေတယ်၊ ရဲဘော်အားလုံးက သူ့ကို သိကြတယ်၊ သူ့ဆိုင်က ငါးကြော်ဟာနာမည်ကြီး မဟုတ်လား၊ ပြီးတော့ သူ့ဆိုင်က မုန့်ကြော်ကလေးတွေကလည်း ကောင်းလွန်း တော့ မသိတဲ့လူ မရှိဘူး၊ ခဏနေတော့သူကျွန်တော့်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ကာမင်းရဲ့ သတင်းကိုများ မကြားဘူးလားလို့ မေးတယ်။

'"ဟင်းအင်း မကြားဘူး"လို့ ကျွန်တော်က ပြန်ဖြေ လိုက်တယ်။

'"ရှင် မကြားခင် ကြားရပါလိမ့်မယ် ရဲဘော်"

'သူပြောတာအမှန်ပဲ၊ အဲဒီညမှာ ကျွန်တော် မြို့ရိုး ပေါက်ကြီးမှာ ကင်းစောင့်တာဝန်ကျတယ်၊ တာဝန်မှူး တပ်ကြပ်က ကျွန်တော့်ကို ထားခဲ့ပြီး ပြန်ထွက်သွားတယ်၊ သူထွက်သွားတာနဲ့တစ်ပြိုင်နက် ခပ်လှမ်းလှမ်းက ကျွန်တော့် ဘက် လာနေတဲ့ မိန်းမတစ်ယောက်ကို မြင်ရတယ်၊ ကျွန်တော့် နှလုံးသားက အခုလာနေတာ ကာမင်းပဲလို့ ပြောနေတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်က တာဝန်အရ လှမ်းအော်လိုက်တယ်။

'"ဟော့ရပ် မင်းဒီဘက်ကို မလာနဲ့၊လာခွင့်မရှိဘူး"

'"အံမယ်လေး ရှင်၊ ဒီလောက်ကြီး လုပ်မနေစမ်းပါနဲ့"လို့ သူကပြောပြီး ခြုံထားတဲ့ ဇာပဝါကို လှစ်ပြတယ်။

'"ဘာကွ၊ ဟင်... ကာမင်းပါလား"

'"ဟုတ်လား မိတ်ဆွေရေ့၊ ကျွန်မတို့ တိုတိုနဲ့ လိုရင်းပဲ ပြောကြရအောင်၊ ရှင်ဝင်ငွေအပိုလေး ဘာလေး လိုချင်သလား၊ လူတချို့ အထုပ်တွေနဲ့ ဒီအပေါက်က ဝင်ကြလိမ့်မယ်၊ ရှင်လွှတ်ပေးလိုက်ပါ"

'"ဟင့်အင်းလွှတ်ပေးလို့ မဖြစ်ဘူး"လို့ ကျွန်တော် က ပြန်ပြောတယ်၊ "ငါ သူတို့ကို တားရမှာပဲ၊ ဒါဟာ ငါလိုက်နာရမယ့် အမိန့်"



www.burmeseclassic.com

www.burmeseclassic.com



‘“အမိန့်၊ အမိန့်၊ တစ်ခါလာလည်း အမိန့်၊ ဘာအမိန့်လဲ၊ ကယ်လီကင်ဒီလီဂျို လမ်းထဲကအဖြစ်ကို ရှင်မစဉ်းစားတော့ဘူး ဆိုပါတော့”

‘“အင်း... ဟို...”ကျွန်တော် ရုတ်တရက် ဘာပြောရမှန်းမသိဘူး၊ အဲဒီလမ်းထဲက ဟိုနေ့ကအဖြစ်ကို ကျွန်တော်သတိရမိတယ်၊ “အဲဒီအဖြစ်ဟာ ပေးထားတဲ့ အမိန့်ကို ဖောက်ဖျက်ချင်လောက်အောင်တော့ တန်ဖိုးရှိပါတယ်၊ ဒါပေမဲ့ မှောင်ခိုသမားတွေဆီက ငွေကို ငါမလိုချင်ဘူး”

‘“ကဲငွေမလိုချင်ရင် ကျွန်မတို့နှစ်ယောက် ဒေါ်ရိုသီယာအိမ်မှာ အတူတူသွားပြီး နောက်တစ်ကြိမ် ညစာစားမလား”

‘“မစားဘူး”လို့ ကျွန်တော်က ပြန်ပြောတယ်၊ ဒါပေမဲ့ အသံက နင်ဆို့ဆို့နဲ့ ပြတ်ပြတ်သားသား မရှိဘူး၊ “ဒါလည်း ငါမလုပ်နိုင်ဘူး”

‘“ဒီလိုဆို ကောင်းပြီ၊ ရှင်က စျေးသိပ်ကိုင်နေတော့လည်း ကျွန်မဘယ်သူ့ဆီသွားရမယ်ဆိုတာ သိနေတာပဲ၊ ဒေါ်ရိုသီယာရဲ့ အိမ်မှာ ကျွန်မနဲ့ နှစ်ယောက်တည်း ညစာစားဖို့ ရှင့်အထက်က အရာရှိကိုပဲ ဖိတ်ရတော့မှာပေါ့၊ အရာရှိကတော့ လူကောင်းတစ်ယောက် ဖြစ်မှာပါ၊ သူ့မှာ နောက်ထပ် တာဝန်ချဖို့အတွက် လုပ်သင့်လုပ်ထိုက်တာထက် ပိုပြီးမလုပ်တဲ့ လူစားမျိုး တစ်ယောက်တော့ ရှိပါလိမ့်ဦးမယ်၊ ဂွတ်ဘိုင် စာဝါကလေးရေ၊ အမိန့်တွေက ရှင့်ကို မလှုပ်သာအောင် ကြိုးနဲ့တုပ်သလို တုပ်ထားတဲ့ အချိန်ကျမှ ကျွန်မ ရှင့်ကို လာကြည့်ပြီး အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်ရဦးမယ်"

'ကျွန်တော် သူ့ကို နောက်ကနေ လှမ်းခေါ်လိုက်တယ်၊ ကျွန်တော်လိုချင်တဲ့ ဆုကြေးကိုသာရရင် တစ်ကမ္ဘာလုံးမှာ ရှိနေတဲ့ ဂျစ်ပစီအားလုံးကို ဖြတ်သန်းသွားလာခွင့်ပြုဆိုလည်း ပြုပေးပါ့မယ်လို့ ကတိပေးလိုက်တယ်၊ သူကလည်း သူပြောထားတဲ့အတိုင်း မနက်ဖြန်ကျ ဆက်ဆက်ဖြစ်ပါစေ့မယ်လို့ ဝန်ခံတယ်၊ ပြီးတော့ သူ့အပေါင်းအသင်းတွေကို ပြေးခေါ်တယ်၊ အားလုံး ငါးယောက်ပါ၊ ပတ်စတီယာလည်း ပါတယ်၊ သူတို့ သယ်လာတာ အင်္ဂလန်နိုင်ငံလုပ်ပစ္စည်းတွေချည်းပဲ၊ ကာမင်းက လှည့်ကင်းလာရင် အချက်ပြဖို့ စောင့်ပေးပါတယ်။ ဒါပေမဲ့ လှည့်ကင်းရောက်မလာပါဘူး။ မှောင်ခိုသမားတွေဟာ သူတို့ပစ္စည်းတွေကို အချိန်အနည်းငယ်အတွင်းမှာ ကုန်အောင်သယ်သွားကြပါတယ်။

'နောက်တစ်နေ့မှာ ကျွန်တော် ကယ်လီကင်ဒီလီဂျိုလမ်းကို သွားပါတယ်၊ ကာမင်း မရောက်သေးလို့ အချိန်အတော်ကြာကြာ စောင့်နေရသေးတယ်၊ သူရောက်လာတဲ့အချိန်မှာ ကျွန်တော် အတော်ကြီး စိတ်တိုနေမိပါတယ်။

'"သူတို့လိုချင်တာကို လုပ်ပေးရမယ်လို့ ဇွတ်အဓမ္မခိုင်းတဲ့ လူတွေကို ကျွန်မ လုံးဝသဘောမကျဘူး"လို့ သူက ပြောပါတယ်၊ "ပထမဆုံးအကြိမ် ရှင် ကျွန်မကို ကူညီခဲ့တုန်းကဆိုရင် ကျွန်မဆီက တစ်စုံတစ်ခု ပြန်ပြီးရနိုင်လိမ့်မယ်ဆိုတာ မသိခဲ့ဘူး၊ မနေ့ကကျတော့ ရှင်က ဈေးဆစ်တယ်၊ ကျွန်မ အခုဒီကို ဘာကြောင့် လာမိသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမပြောတတ်ပေမဲ့ ရှင့်ကိုတော့ ကျွန်မ မချစ်တော့တာ အမှန်ပဲ၊ အခုအချိန်ကစပြီး ရှင် ကျွန်မနား မကပ်နဲ့တော့၊ ရော့… ဟောဒီမှာ ရှင်ကူညီခဲ့တဲ့အတွက် ငွေ”

‘ကျွန်တော် ငွေဒင်္ဂါးတွေနဲ့ သူ့မျက်နှာကို ပေါက်ပစ်ချင်တဲ့စိတ် ဖြစ်လာတယ်၊ မနည်းထိန်းထားရတယ်၊ သူ့ကို ထိုးကြိတ်ရိုက်နှက်မပစ်မိအောင် ကိုယ့်ကိုယ်ကို မနည်း ထိန်းချုပ်ထားရတယ်၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရန်ပွဲဟာ တစ်နာရီလောက်ကြာတယ်၊ ကျွန်တော် ဒေါသတကြီးနဲ့ ထွက်လာခဲ့တယ်၊ မြို့ထဲမှာ ဟိုလျှောက် သည်လျှောက်နဲ့ အရူးတစ်ယောက်လို ခြေဦးတည့်ရာ သွားနေမိတယ်၊ နောက်ဆုံးမှာ ကျွန်တော်ဟာ ဘုရားရှိခိုးကျောင်း တစ်ကျောင်းထဲကို ဝင်လာခဲ့ပြီး မှောင်ရိပ်အကျဆုံး ထောင့်တစ်ထောင့်မှာ ထိုင်လိုက်တယ်၊ ကျွန်တော် ငိုမိပါတယ် ဆီညော်၊ အဲဒီအခိုက်မှာပဲ အသံတစ်သံကို ကျွန်တော် ကြားလိုက်ရပါတယ်။

‘“မြင်းတပ်သားတစ်ယောက်ရဲ့ မျက်ရည်တွေပါလား၊ အဲဒီ မျက်ရည်တွေကို ကျွန်မရဲ့ ပီယဆေးထဲမှာ ထည့်ချင်တယ်”

‘ကျွန်တော် မော့ကြည့်လိုက်တော့ ကာမင်း၊ ကျွန်တော့်ရှေ့မှာ ရပ်နေတယ်။

‘“ရှင် ကျွန်မကို စိတ်ဆိုးတုန်းပဲလား”လို့ မေးတယ်၊ “ရှင်ထွက်သွားကတည်းက ဘာဖြစ်တယ် မသိဘူး၊ ကျွန်မ ရင်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ ကျွန်မ ရှင့်ကို ရင်ထဲမှာ ချစ်နေတာပဲ ဖြစ်ရမယ်၊ ကဲပါ လာပါတော့၊ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက စပြီး ကယ်လီကင်ဒီလီဂျို လမ်းထဲက အိမ်ကို လိုက်ခဲ့ဖို့ ခေါ်ရတော့မှာပါ”

‘ဒီလိုနဲ့ပဲ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ငြိမ်းချမ်းရေး ရခဲ့ပြန်ပါတယ်၊ ဒါပေမဲ့ ကာမင်းရဲ့စိတ်ဟာ ကျွန်တော်တို့ဒေသက ရာသီဥတုနဲ့ အလွန်တူပါတယ်၊ နေသိပ်သာနေပြီဆိုရင် မုန်တိုင်းဟာကျွန်တော်တို့ တောင်တန်းတွေအပေါ် ဘယ်တော့မှ ရောက်မလာသလိုပါပဲ။ အဘွားကြီး ဒေါ်ရိုသီယာရဲ့ အိမ်မှာ နောက်ထပ်တစ်ခါ ဆုံကြဦးမယ်လို့ သူကတိပေးသွားပါတယ်၊ ဒါပေမဲ့ သူမလာပါဘူး၊ ကျွန်တော်ရောက်သွားတော့ ဒေါ်ရိုသီယာက ကာမင်းဟာ ဂျစ်ပစီလူမျိုးတွေနဲ့ ပတ်သက်တဲ့ လုပ်ငန်းတစ်ခု ဆောင်ရွက်ဖို့ လာလိုရှိမြို့ကို သွားတယ်လို့ အခိုင်အမာ ပြောပါတယ်။

‘အရင်တစ်ကြိမ်က ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံအရ သူ့စကားကို ကျွန်တော် ဘယ်လိုလုပ်ပြီး ယုံမှာလဲ၊ ကာမင်းရှိလိမ့်မယ်လို့ ထင်တဲ့နေရာတွေကို ကျွန်တော်သွားတယ်၊ ရှာတယ်၊ တစ်နေ့တစ်နေ့ ကယ်လီကင်ဒီလီဂျို လမ်းထဲက အိမ်ကို ရောက်တဲ့အခေါက်ပေါင်းဟာလည်း မနည်းဘူး၊ ရောက်တိုင်းလည်း ကျွန်တော်က အဘွားကြီးကို အရက်ချိုတိုက်ပြီး ခင်အောင်လုပ်ထားတယ်။

‘တစ်ညနေခင်းမှာတော့ ကျွန်တော်ဟာ ဒေါ်ရိုသီယာရဲ့အိမ်မှာ ထိုင်နေတယ်၊ အဲဒီတုန်း ဖြုန်းခနဲ ကာမင်း ရောက်လာပါလေရော၊ သူနဲ့အတူ လူရွယ်တစ်ယောက်လည်း ပါလာတယ်၊ ကျွန်တော့်တပ်က ဒုဗိုလ်လေး တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'"ရှင် ခုချက်ချင်း ထွက်သွားပါ"လို့ ကာမင်းက သူနဲ့ကျွန်တော်သာ နားလည်တဲ့ ဘတ်စ်ကွေးစကားနဲ့ နှင်တယ်။

'ကျွန်တော် မှင်တက်မိသလိုဖြစ်ပြီး ရပ်နေမိတယ်၊ နှလုံးသားထဲက ဒေါသဟာပေါက်ကွဲလုနီးပါပဲ။

'"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"လို့ ဗိုလ်ကလေးက မေးတယ်၊ "မင်း အခုချက်ချင်း ထွက်သွားစမ်း"

'ကျွန်တော် လှုပ်လို့မရဘူး၊ တောင့်တောင့်မတ်မတ်ကြီး ရပ်နေမိတယ်၊ ဒေါသအကြီးအကျယ်ဖြစ်နေတဲ့ ဗိုလ်ကလေးက သူခိုင်းတဲ့အတိုင်း အခန်းထဲက ထွက်မသွားတာရယ်၊ သူ့ကို မြင်ပါလျက်နဲ့ ခေါင်းကဦးထုပ်ကို ချွတ်ပြီး အလေးမပြုတာရယ်၊ အားလုံး ပေါင်းစပ်ပြီး ဒေါသပိုကြီးလာတယ်၊ ကျွန်တော့် အင်္ကျီကော်လာစတွေကို ဆွဲကိုင်ပြီး တွန်းလား ထိုးလားလုပ်တယ်၊ ကျွန်တော် သူ့ကို ဘာပြောလိုက်မိတယ် မသိဘူး၊ သူက ဓားကိုဆွဲထုတ်တယ်၊ ကျွန်တော်ကလည်း ဓားကို ဆွဲထုတ်လိုက်မိတယ်၊ အဘွားကြီးက ကျွန်တော့်လက်ကို ဝင်ဆွဲလိုက်တုန်းမှာ ဗိုလ်ကလေးက သူ့လက်ထဲက ဓားနဲ့ ကျွန်တော့်နဖူးကို လှမ်းခုတ်တယ်။

'အဲဒီ ဒဏ်ရာရဲ့ အမာရွတ်ဟာ ကနေ့အထိ ကျွန်တော့်နဖူးမှာ အမှတ်တံဆိပ် တစ်ခုအဖြစ်နဲ့ ကျန်ရစ်ခဲ့ရပါတယ်၊ ကျွန်တော်က နောက်ကို တအားဆုတ်လိုက်တော့ ကျွန်တော့်တံတောင်ဆစ်က ဒေါ်ရိုသီယာကို တွန်းလှဲလိုက်သလို ဖြစ်သွားတယ်၊ ဒေါ်ရိုသီယာဟာ ကြမ်းပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်လဲသွားတယ်၊ အဲဒီနောက်တော့ ဗိုလ်ကလေးက ကျွန်တော့်နောက်က လိုက်တယ်၊ ကျွန်တော်က လက်ထဲက ဓားဦးနဲ့ သူ့ကိုချိန်ထားတယ်၊ သူက ဗွတ်အတင်း ထိုးဝင်လာတော့ ကျွန်တော့်ဓားဟာ သူ့ကိုယ်ထဲ ဝင်သွားတာပါပဲ။

'ကာမင်းက မှန်မီးအိမ်ကို မှုတ်ပစ်လိုက်ပြီး ဂျစ်ပစီစကားနဲ့ ဒေါ်ရိုသီယာကို ထွက်ပြေးခိုင်းပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း လမ်းပေါ်ကို ထွက်လာပြီး ပြေးလာခဲ့ပါတယ်၊ ဘယ်ဆီကို ပြေးနေတယ်ဆိုတာတော့ မသိပါဘူး၊ ကျွန်တော့်နောက်က လူတစ်ယောက် လိုက်လာနေတယ်ဆိုတာလည်း သိတယ်၊ ဘယ်သူဘယ်ဝါဆိုတာတော့ မသိပါဘူး၊ ကျွန်တော် အသိပြန်ဝင်လာတဲ့အချိန်ကျတော့မှ ကာမင်းဟာကျွန်တော့်ကို စွန့်ပစ်မပြေးဘဲ အနားမှာပဲ ရှိနေသေးတယ်ဆိုတာ တွေ့ရပါတယ်။

'"စာဝါလေးတစ်ကောင်ရဲ့ အလွန်ကြီးမားတဲ့ မိုက်မဲမှု တစ်ခုပါလား"လို့ ကာမင်းက ပြောတယ်၊ "ရှင်ဟာ မိုက်မဲမှုကို တစ်ခုပြီးတစ်ခု လုပ်နေတာပဲ၊ ကျွန်မ ရှင့်ကို ပြောခဲ့ဖူးတယ် မဟုတ်လား၊ ကျွန်မဟာ ရှင့်အတွက် မကောင်းတဲ့ ကံကြမ္မာကိုပဲ ယူလာမှာလို့၊ ကိစ္စမရှိဘူးလေ၊ ဖြစ်ပြီးမှတော့ ဘာမှ မတတ်နိုင်တော့ဘူး၊ ပြဿနာတိုင်းအတွက် အဖြေကတော့ ရှိနေတာပဲ မဟုတ်လား၊ လောလောဆယ် စလုပ်ရမှာက ဟောဒီ လက်ကိုင်ပဝါနဲ့ ရှင့်နဖူးကို စည်းထား၊ ရှင့်ခါးက ဓားနဲ့ခါးပတ် ဒီကိုပေး၊ ပြီးတော့ ဒီလမ်းကြားထဲကနေစောင့်၊ သိပ်မကြာစေရဘူး ကျွန်မ ပြန်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



'သူပျောက်သွားတယ်၊ ဒါပေမဲ့ မကြာဘူး၊ ချက်ချင်းပဲ ပြန်ရောက်လာတယ်၊ အပေါက်အပြဲတွေ ဗလပွနဲ့ အပေါ်ဝတ် အင်္ကျီဟောင်းကြီးတစ်ထည်ကို လက်က ကိုင်လျက်သားနဲ့၊ ဘယ်ကရလာတယ်ဆိုတာတော့ နတ်ဒေဝတာတွေမှပဲ သိမယ်။

'သူက ကျွန်တော့်ကို ယူနီဖောင်းတွေ ချွတ်ခိုင်းတယ်၊ အတွင်းက ရှပ်အင်္ကျီတစ်ထည်ပဲ ချန်ထားခိုင်းပြီး အဲဒီအပေါ်က အင်္ကျီစုတ်ကြီးကို ထပ်ဝတ်ခိုင်းတယ်၊ ကျွန်တော့် ပုံပန်းဟာ ဆီဗီးလ်မြို့ကို လာလာပြီး ချူဖြားဆေး ရည်ရောင်းတဲ့ လယ်သမားတွေနဲ့ ခွဲခြားလို့မရတော့ဘူး။

'နောက်တော့ သူက ကျွန်တော့်ကို လမ်းကြားကလေးတစ်ခုရဲ့ အဆုံးမှာရှိတဲ့ အိမ်တစ်အိမ်ကို လိုက်ပို့ပေးတယ်၊ အိမ်က ဒေါ်ရိုသီယာရဲ့ အိမ်မျိုးပဲ၊ အဲဒီရောက်တော့ ကာမင်းနဲ့ ဂျစ်ပစီမတစ်ယောက်က နဖူးက ဒဏ်ရာကို ဆေးကြောပြီး ဆေးထည့်ပေးတယ်၊ ပတ်တီးအသစ်စည်းပေးတယ်၊ ရေတစ်ခွက်တိုက်တယ်၊ ပြီးတော့ ကျွန်တော့်ကို မွေ့ရာတစ်ခုပေါ်မှာ လှဲနေခိုင်းတယ်၊ မကြာခင်မှာပဲ ကျွန်တော် အိပ်မောကျသွားပါတယ်။

'ကြည့်ရတာကတော့ ကျွန်တော့်ကို ရေတိုက်တဲ့ အခါတုန်းက ဆေးတစ်မျိုး ထည့်တိုက်ဟန် တူပါရဲ့၊ နောက်တစ်နေ့မနက် အတော်ကြီးနေမြင့်မှ အိပ်ရာက နိုးတယ်၊ ခေါင်းကိုက်လိုက်တာ တစ်ခေါင်းလုံး အုံခဲနေတာပဲ၊ အဖျားလည်း နည်းနည်းဝင်နေပြီ၊ အိပ်ရာက နိုးလာစမှာ ရုတ်တရက် ဖြစ်ပျက်ခဲ့သမျှကို သတိမရဘူး၊ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့မှ မနေ့က ကြုံခဲ့ရတဲ့ ကြောက်စရာအဖြစ်ကို ပြန်ပြီး မှတ်မိလာတယ်။

'ကာမင်းနဲ့ သူ့သူငယ်ချင်းမက အနာကို ပြန်ပြီး ဆေးကြော သုတ်သင်ပေးတယ်၊ ဆေးထည့်ပေးတယ်၊ လုပ်ကိုင်ပေးနေရင်း သူတို့ ဘာသာစကားနဲ့ သူတို့ချင်း စကားပြောကြတယ်၊ အဲဒီနောက်တော့ နှစ်ယောက်စလုံး ကျွန်တော့်ကို စိတ်မပူဖို့ အားပေးကြတယ်၊ ဒါပေမဲ့ ဖြစ်နိုင်ရင် ဆီးဗီလ်မြို့က အမြန်ဆုံးခွာမှ ဖြစ်မယ်လို့ အကြံပေးကြတယ်၊ တကယ်လို့ မိသွားရင် သေနတ်နဲ့ ပစ်အသတ်ခံရမှာက သေချာနေတယ် မဟုတ်လား။

'"ကျွန်မရဲ့ လူကလေးရယ်"လို့ ကာမင်းက ကျွန်တော့်ကို ခေါ်တယ်၊ "ရှင် အလုပ်တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ်၊ အခုအတိုင်းဆိုရင် ဘုရင်မင်းမြတ်က ရှင့်ကို မသိုးထမင်းနဲ့ မသိုးဟင်း* ပေးမှာ မဟုတ်တော့ဘူး၊ ရှင့်အနေနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုရဖို့တော့ စဉ်းစားရတော့မယ်၊ ခိုးစားဖို့ကလည်း မလွယ်၊ ခါးပိုက်နှိုက်ဖို့ကျတော့လည်း ရှင့်လက်က လျင်မယ့်ပုံမပေါ်ဘူး၊ ရှင့်ပုံပန်းက ခပ်နုံနုံ ခပ်ဖျင်းဖျင်းဆိုတော့ ဒါမျိုးတွေ လုပ်စားလို့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ရှင်က အား ကောင်းမောင်းသန်တော့ရှိသားပဲ၊ ဖျတ်ဖျတ်လတ်လတ်နဲ့ သွက်သွက်လက်လက်လည်းရှိပါတယ်၊ တကယ်လို့ သတ္တိရှိတယ်ဆိုရင်တော့ ပင်လယ်ကမ်းခြေကိုသွားပြီး မှောင်ခိုသမား လုပ်ပါလား၊ တစ်နေ့ကျ ကြိုးပေးခံရလိမ့်မယ်ဆိုတာ

* စပိန်စစ်သားများကို ထုတ်ပေးသည့် ရိက္ခာ။



www.burmeseclassic.com

www.burmeseclassic.com



တော့ ကံသေကံမ မပြောနိုင်ဘူးပေါ့၊ ကြိုးပေးခံရတာက သေနတ်နဲ့ ပစ်အသတ်ခံရတာထက်တော့ ကောင်းပါတယ်၊ ပြီးတော့လည်း မှောင်ခိုအလုပ်က လုပ်တတ်သွားရင် မင်းသားတစ်ပါးလို နေရမှာပါ၊ စစ်သားတွေနဲ့ ကမ်းခြေစောင့် တပ်သားတွေ ရှင့်ကို မမိမချင်းကတော့ ဘာမှ ပြဿနာ မရှိဘူးပေါ့"

'ကာမင်းဟာ ကျွန်တော်နဲ့ အသင့်တော်ဆုံး အသက် မွေးမှုလုပ်ငန်း အသစ်ကို ရွေးပေးခဲ့ပါတယ်၊ လက်ရှိ အခြေအနေအရ ကျွန်တော့်အဖို့မှာလည်း ဒီအလုပ်ကလွဲပြီး တခြားရွေးစရာ မရှိသလောက်ပါပဲ၊ သူ့အနေနဲ့ အခြေအနေ မှန်ကို ကျွန်တော် မြင်လာစေဖို့အတွက် သိပ်ဒုက္ခခံပြီး ပြောပြနေစရာတောင် မလိုတော့ပါဘူး၊ ဒီအလုပ်ကို ကျွန်တော် လုပ်နေရင် သူနဲ့ အမြဲတစေ နီးစပ်နေစရာ အကြောင်းရှိမယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဒါမှလည်း သူ့အချစ်ကိုရဖို့ လမ်းပွင့်လာလိမ့်မယ်လို့ ကျွန်တော် တွေးမိပါတယ်။

'အင်ဒါလူဆီယာနယ်ထဲမှာ ကောင်းပေ့ဆိုတဲ့ မြင်းတွေစီးပြီး လှည့်လည်သွားလာနေကြတဲ့ မှောင်ခိုသမားတွေ အကြောင်းကို ကျွန်တော် မကြာမကြာ ကြားဖူးပါတယ်၊ မြင်းစီးသွားရင် လက်တစ်ဖက်က ပြောင်းရှည်သေနတ်ကို ကိုင်ထားသတဲ့၊ သူ့နောက်မှာတော့ သူ့ချစ်သူက ထိုင်ပြီး လိုက်လာသတဲ့၊ ကျွန်တော်ဟာ တောင်ကြားလမ်းတစ်လျှောက်မှာ ချစ်စရာကောင်းတဲ့ ဂျစ်ပစီမကလေးကို နောက်က ထိုင်ခိုင်းပြီး မြင်းကြီးတစ်စီးနဲ့ တက်လိုက်ဆင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားနေတဲ့ ကိုယ့်အဖြစ်ကို စိတ်ကူးနဲ့ တွေးပြီး မြင်ယောင်လာမိပါတယ်။

'ကျွန်တော်က ဒီအကြောင်း ကာမင်းကို ပြောပြတော့ သူက ဟက်ဟက်ပက်ပက် ရယ်ပါတယ်၊ မှောင်ခို သွားရင်း လမ်းခရီးမှာ စောင်တစ်ထည်နဲ့ ယာယီတဲကလေး တစ်လုံးထိုးပြီး ချစ်သူနှစ်ဦး တစ်ညတာ နားရတာက ပိုပြီးတောင် ပျော်စရာကောင်းသေးတယ်လို့ ကာမင်းက ပြောပါတယ်။

'"တကယ်လို့သာ ငါက မင်းကို တောင်တန်းကြီး တွေပေါ်ကနေပြီး တခြား ဘယ်ကိုမှမသွားနိုင်အောင် စောင့်ရှောက်ထားနိုင်ရင် မင်းကို ငါတစ်ဦးတည်း ပိုင်ဆိုင်ခွင့် ရှိလာမှာ သေချာတယ်၊ မင်းနဲ့အတူတူ တွဲနေမယ့် ဗိုလ် ကလေးတွေ ဘာတွေလည်း ပေါ်လာမှာ မဟုတ်ဘူး"လို့ ကျွန်တော်က ပြောမိတယ်။

'"သြော်...ရှင်က သဝန်ကြောင်နေတာကိုး"လို့ ကာမင်းက ပြန်ပြောတယ်၊ "ဒီစိတ်ဟာ ရှင့်အတွက် အဆိုးဆုံးဖြစ်လာမယ့် စိတ်မျိုးပါလား၊ ဘာကြောင့်များ ဒီလောက်အထိ မိုက်မဲရတာပါလိမ့်၊ ကျွန်မ ရှင့်ကိုချစ်တယ် ဆိုတာ ရှင်မသိဘူးလား၊ ကျွန်မ ရှင့်ဆီက ဘယ်တုန်းကများ ပိုက်ဆံတောင်းဖူးသလဲ ဟင်..."

'တိုတိုပြောကြစို့ဆိုရင် ကာမင်းက ကျွန်တော့် အတွက် အဝတ်အစား ရှာပေးတယ်၊ သူရှာပေးတဲ့ အရပ် သား ဝတ်စုံတွေဝတ်ပြီး ကျွန်တော် ဆီဗီးလ်မြို့က ထွက်လာ ခဲ့တယ်၊ ဘယ်သူကမှ ကျွန်တော့်ကို သတိမထားမိကြတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်တော် ပတ်စ်တီယာ ရေးပေးလိုက်တဲ့ စာကလေး တစ်စောင်ယူပြီး ဇီရက်ဖ်မြို့က အရက်ချို ကုန်သည် တစ်ယောက်ဆီကို သွားတယ်၊ သူ့အိမ်က မှောင်ခိုဂိုဏ်းဝင် တွေ ဆုံလေ့ရှိတဲ့ နေရာပါ၊ အဲဒီရောက်တော့ လူအားလုံးနဲ့ မိတ်ဆက်ပေးတယ်၊ ဂိုဏ်းခေါင်းဆောင် ဒန်ကေရီဆိုတဲ့ လူက ကျွန်တော့်ကို သူ့ဂိုဏ်းသားတစ်ယောက်အဖြစ် လက်ခံလိုက်တယ်။

'ကျွန်တော်တို့ လူစုဟာ ဇီရက်ဖ်ကနေပြီး ဂေါ်ဆင် မြို့ကို ကူးခဲ့ကြတယ်၊ ဟိုရောက်တော့ စောစောကတည်းက ကြိုတင်စီစဉ်ထားတဲ့အတိုင်း ကာမင်းနဲ့ ဆုံမိပါတယ်၊ ကျွန်တော်တို့ မှောင်ခိုဂိုဏ်းရဲ့ ခရီးစဉ်တစ်လျှောက်လုံး ကျွန်တော်တို့အတွက် သူလျှိုအဖြစ် ဆောင်ရွက်ပေးသွားတဲ့ လူဟာ ကာမင်းပါ၊ သူ့ထက်တော်တဲ့ သူလျှိုကတော့ မရှိ တာ အမှန်ပါပဲ။

'အခုလည်း ကာမင်းဟာ ဂျီဘရော်တာက ပြန်လာ တာပါ၊ သူကိုယ်တိုင် ဟိုကိုသွားပြီး သင်္ဘောကပ္ပတိန် တစ်ယောက်နဲ့ အင်္ဂလိပ်ကုန်ပစ္စည်းတွေကို လာပို့ဖို့ စီစဉ် ထားခဲ့ပြီးပါပြီ၊ ကျွန်တော်တို့က ပင်လယ်ကမ်းခြေကနေပြီး ဆီးယူကြရမှာပါ၊ ကျွန်တော်တို့ စောင့်ကြိုရမယ့် နေရာက အက်စ်တီပိုနာမြို့နားက ကမ်းခြေပါ၊ ဒါပေမဲ့ ကမ်းခြေမှာ အမြင်ခံ အထင်ခံနေလို့ကတော့ မရဘူး၊ အနီးအနားက တောင်တန်းတွေပေါ်မှာ တက်ပြီး ပုန်းလျှိုးကွယ်လျှိုး နေကြရမှာပါ၊ သင်္ဘောရောက်လာမှ ပစ္စည်းတွေကို ဆင်းယူ ပြီး ရွန်ဒါမြို့ကို သယ်ပို့ပေးကြရပါလိမ့်မယ်၊ ကာမင်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အစီအစဉ်အတိုင်း ကျွန်တော်တို့ ရှေ့ကကြိုပြီး သွားနှင့်ပါတယ်။ မြို့ထဲကို ဘယ်အချိန်မှာ ဝင်ရမယ်ဆိုတာလည်း ကာမင်းကပဲ သတ်မှတ်ပေးသွားပါတယ်။

'အဲဒီ ပထမဆုံးအခေါက်နဲ့ နောက်ပိုင်းအခေါက်တချို့မှာ အောင်မြင်မှု ရခဲ့ပါတယ်၊ ကျွန်တော့်အနေနဲ့ စစ်သားတစ်ယောက်ဘဝထက် မှောင်ခိုသမားတစ်ယောက်ရဲ့ ဘဝကို ပိုပြီးကြိုက်သလိုလို ဖြစ်လာခဲ့ပါတယ်။ ကျွန်တော် ကာမင်းကို လက်ဆောင်တွေ ပေးတယ်၊ ကျွန်တော့်မှာငွေလည်း ပေါနေပြီ၊ ချစ်သူတစ်ယောက်လည်း ရှိနေပြီ၊ ကျွန်တော့်မှာ နောင်တရတဲ့စိတ်လည်း မဝင်ဘူး၊ သာယာမှုရှိနေရင် ဝဲနာပဟာ ဘယ်တော့မှ မယားဘူးဆိုတဲ့ ဂျစ်ပစီတွေရဲ့ စကားပုံအတိုင်း ဖြစ်နေတယ်။

'ကျွန်တော်တို့ နှစ်ယောက်ကို နေရာတိုင်းက လက်ခံကြတယ်၊ အားလုံးနဲ့ ဝင်ဆံ့တယ်၊ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကလည်း ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြတယ်၊ လေးစားမှုရှိကြောင်းကိုပါ ပြကြတယ်၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော်က လူတစ်ယောက် သတ်လာခဲ့တဲ့ လူမဟုတ်လား၊ သူတို့လူစုထဲက တချို့ဟာ လူသတ်တဲ့အထိတော့ သွေးမရဲကြဘူး၊ ကျွန်တော့်အဖို့ အကျေနပ်ဆုံး ဖြစ်နေတာကတော့ တခြားမဟုတ်ဘူး၊ ကျွန်တော် ကာမင်းကို အမြဲတမ်းလိုလို တွေ့နေမြင်နေရလို့ပဲ။

'ကျွန်တော့်အတွက်တော့ ကာမင်းဟာ အရင်ကထက်တောင် ပိုပြီး ချစ်စရာကောင်းလာတယ်၊ အရင်က



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုပြီး သံယောဇဉ်တွယ်စရာ ကောင်းလာတယ်၊ ဒါပေမဲ့ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကြားမှာ သူနဲ့ ငြိတွယ်နေကြတယ်ဆိုတဲ့ စကားကို လုံးဝမပြောရဘူးလို့ ကာမင်းက ပိတ်ပင်ထားတယ်၊ အမျိုးမျိုး ကျိန်တွယ်ခိုင်းပြီး ကတိတောင်းထားတယ်၊ ဒီသတ္တဝါမလေးနဲ့ မျက်နှာချင်း ဆိုင်လိုက်မိရင် ကျွန်တော့်မှာ အားမရှိတော့သလို ဖြစ်ရတယ်၊ ဒါကြောင့်မို့လည်း သူ့အလိုဆန္ဒမှန်သမျှကို လိုက်လျောမိတာပါ။

'နောက်ပြီးတော့လည်း သူဟာ အခု ကျွန်တော်နဲ့ တွဲနေခါမှ မိန်းမကောင်းတစ်ယောက်ရဲ့ ယဉ်ကျေးဖွယ်ရာတဲ့ အမူအကျင့်စရိုက်ကလေးတွေကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသနေလို့ပါ၊ ဒါကလေးတွေကို တွေ့နေရတော့ ကာမင်းဟာ သူ့ရဲ့ မူလက အကျင့်ဆိုးတွေကို လုံးဝစွန့်လွှတ်လိုက်ပြီလို့ ကျွန်တော်ကတော့ ရိုးသားစွာ ယုံကြည်မိလို့ပါ။

'ကျွန်တော် တို့အဖွဲ့မှာ လူရှစ်ယောက် ဆယ်ယောက်လောက် ရှိတယ်၊ အရေးတကြီး ပြဿနာမပေါ်ရင် လူအားလုံး မဆုံကြဘူး၊ ကျွန်တော်တို့ လူစုဟာ အနီးအနားက မြို့ကလေးတွေနဲ့ ရွာကလေးတွေမှာ နှစ်ဦးချင်း သုံးဦးချင်း ဆိုသလို ခွဲနေကြပါတယ်၊ ကိုယ့်အလုပ်နဲ့ကိုယ်နေကြ သလိုလို ဘာလိုလို ဟန်ဆောင်ထားကြပါတယ်၊ တစ် ယောက်က သူ့ကိုယ်သူ ကြေးပန်းထိမ်ဟန်ဆောင်ထား တယ်၊ နောက်တစ်ဦးကတော့ မြင်းကုန်သည်တဲ့။

'ကျွန်တော်ကတော့ ကုန်ပစ္စည်း အသေးအမွှားတွေ ရောင်းဝယ်ဖောက်ကားနေတဲ့ ကုန်သေးသည်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ မြို့ကြီးတွေထဲ သိပ်မသွားဘူး၊ ဆီဗီးလ်မှာ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြောင့် ကိုယ့်ကိုယ်ကို သတိထားနေတဲ့ သဘောပါ၊ တစ်နေ့မှာ တစ်ညမှာလို့ ပြောရင် ပိုပြီးမှန်ပါလိမ့်မယ်၊ ကျွန်တော်တို့လူစု ချိန်းထားတဲ့နေရာ ဗွီဂျားတောင်ခြေမှာ ဆုံကြပါတယ်၊ ဒန်ကေရီရဲ့ ကျွန်တော်က တောင်ခြေကို တခြားလူတွေ မရောက်ခင် ရောက်သွားကြပါတယ်၊ ဒန်ကေရီကို ကြည့်ရတာ အတော်ကြီးကို စိတ်ချမ်းသာနေပုံ ရပါတယ်။

'"ငါတို့မှာ လုပ်ဖော်ကိုင်ဖက် ရဲဘော်သစ်တစ်ယောက် ထပ်ပြီး ရလိမ့်ဦးမယ်ကွ" လို့ သူက ပြောပါတယ်၊ "ကာမင်းက အကောင်းဆုံးဆိုတဲ့ လူတစ်ယောက် ခေါ်လာတယ်၊ ကာရီဖာမြို့ထောင်ထဲက သူ့ရွှမ်ကို ကာမင်း ထုတ်လာခဲ့ပြီ"

'အခုချိန်မှာ ဂျစ်ပစီတွေနဲ့ အနေကြာလာတဲ့ ကျွန်တော်ဟာ ရိုမေနီဘာသာစကားကို နားလည်စ ပြုနေပြီ၊ အဖွဲ့ဝင်အားလုံးလိုလို ဒီစကားကို ပြောကြတာဆိုတော့ ကြာလေ နားရည်ဝလေပေါ့၊ အခု ဒန်ကေရီပြောလိုက်တဲ့ စကားထဲက ရွှမ်ဆိုတဲ့ စကားလုံးဟာ ကျွန်တော့်ကို အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားစေခဲ့ပါတယ်။

'"ဘာ ဘယ်လို သူ့လင်ဟုတ်လား၊ ခင်ဗျားပြောပုံဆိုရင် သူဟာ အိမ်ထောင်နဲ့ပေါ့ ဟုတ်လား" လို့ ကျွန်တော်က မေးတယ်။

'"ဟုတ်တယ်လေကွာ" လို့ သူက ပြန်ပြောတယ်၊ "သူက တစ်ဖက်ကန်း ဂရေစီယာဆိုတဲ့ ဂျစ်ပစီတစ်ကောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရနေတာပဲ၊ ဂရေစီယာဆိုတဲ့ ကောင်ကလည်း သူ့လိုပဲ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့ အကောင်၊ ဒီကောင် ထောင်ကျသွားတာ တော်တော်ကြာပြီ၊ ကာမင်းက ထောင်ဆရာဝန်နဲ့ပေါင်းပြီး ထုတ်လို့ လွတ်လာတာ၊ ဒီ ကောင်မလေးကဖြင့်ကွာ တကယ့် အဖိုးတန် ရတနာ တစ်ပါးပါပဲ၊ သူ့လင်လွတ်ဖို့ ကြံနေတာ ကြာပြီ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကြိုးစားလာတာ၊ ဘယ်လိုမှကို လုပ်လို့မရဘူး၊ နောက်ဆုံး ထောင်ဆရာဝန်လဲမှ ဖြစ်တော့ မယ်ဆိုတဲ့ စိတ်ကူးဝင်လာကာမှ အောင်မြင်တာ၊ကာမင်းက အခုရောက်လာတဲ့ ထောင်ဆရာဝန် အသစ်နဲ့ကျတော့ အတော်ကလေး နားလည်မှုရှိပုံ ပေါ်တယ်သိလား”

‘ဒီသတင်းကြားလိုက်ရတဲ့ ကျွန်တော့်စိတ် ဘယ်လို ဖြစ်နေလိမ့်မယ်ဆိုတာ ဆီဇော်ခန့်မှန်းနိုင်မှာပါ၊ မကြာ လိုက်ပါဘူး တစ်ဖက်ကန်း ဂရေစီယာကို ကျွန်တော် တွေ့ရပါတယ်၊ ဂျစ်ပစီလူမျိုးထဲမှာအရုပ်ဆိုး အကျည်းတန် ဆုံး သတ္တဝါတစ်ကောင်ပါပဲ၊ အသားက နက်ကြုတ်ကြုတ် စိတ်နေစိတ်ထားက ခပ်ယုတ်ယုတ် ခပ်ပုပ်ပုပ်နဲ့ ကျွန်တော့် ဘဝ တစ်လျှောက်လုံး ကျွန်တော်တွေ့ခဲ့ဖူးသမျှ လူတွေထဲမှာ သဘောအဆိုးဆုံး အယုတ်မာဆုံး လူတစ်ယောက်ပါပဲ။

‘ကာမင်းဟာ သူနဲ့အတူတူ ရောက်လာတယ်၊ ကျွန်တော့်ရှေ့မှာ သူ့လင်ကို ခေါ်လိုက်တိုင်း ကျွန်တော့်ကို လှမ်းလှမ်းပြီး ကြည့်လိုက်တဲ့ ကာမင်းရဲ့ မျက်လုံးတွေကို ဆီဇော်မြင်စေချင်တယ်၊ တစ်ဖက်လှည့်ကြည့်နေတဲ့ ဂရေ စီယာရဲ့ မျက်နှာကို သူ့ဘက် ဆွဲလှည့်လိုက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တဲ့ အကြည့်ကတော့ တစ်မျိုးပါပဲဆီညော်၊ ကျွန်တော့်ရင်ထဲမှာ ယမ်းပုံမီးကျသလို ဒေါအပြင်းအထန် ဖြစ်ရပါတယ်၊ အဲဒီညက တစ်ညလုံး ကျွန်တော် သူ့ကို စကားတစ်ခွန်းမှ မပြောခဲ့ဘူး။

'နောက်နေ့ မနက်ကျတော့ ကျွန်တော်တို့ဟာ ကိုယ့်ပစ္စည်း ကိုယ်ထုပ်ပြီး ခရီးထွက်ခဲ့ကြတယ်၊ မကြာခင်မှာပဲ ကျွန်တော်တို့နောက်က မြင်းတပ်သား တစ်ဒါဇင် လိုက်လာနေတာကို မြင်ကြရပါတယ်၊ လေကြွားသန်တဲ့ အင်ဒါလူဆီယန်တွေဟာ သူတို့ရောက်လေရာ အရပ်မှာ မီးရှို့ကြ လုယက်ဖျက်ဆီးကြ လူသတ်ကြနဲ့ သောင်းကျန်း ချင်တိုင်း သောင်းကျန်းတတ်ကြပါတယ်၊ အခုလည်း သူတို့ကိုမြင်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့အုပ်စုထဲက အများစုဟာ အဆင်အခြင်မရှိဘဲ ရတ်ရတ်သဲသဲ ဖြစ်ကုန်ကြတယ်။

'ဒန်ကေရီ၊ ဂရေစီယာ၊ ပြီးတော့အီးစီဂယာမြို့က လူချောကလေး ရီမင်ဒါဒူနဲ့ ကာမင်းတို့ကတော့ ခေါင်း အေးအေး ထားနိုင်ကြပါတယ်၊ ဒါပေမဲ့ ကျန်တဲ့လူတွေက သူတို့လားတွေကို ဒီအတိုင်းပစ်ထားခဲ့ကြပြီး လျှိုမြောင် တောင်ကြားတွေဘက် ထွက်ပြေးပြီး ပုန်းကြပါတယ်၊ အဲသလို နေရာမျိုးတွေဆိုရင် နောက်က မြင်းတွေလိုက်လို့ မရတော့ လုံခြုံတယ် မဟုတ်လား။

'ကျွန်တော်တို့အနေနဲ့ လားတွေကိုတော့ မကယ် နိုင်ကြတော့ဘူး၊ သူတို့ ကိုယ်ပေါ်မှာ တင်လာတဲ့ ပစ္စည်း တွေကို ကပျာကယာဖြေပြီး အထုပ်တွေကို ပခုံးတွေပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတင်ကြပါတယ်၊ ပြီးတော့ တောင်စောင်းဆင်ခြေလျှောအတိုင်း ဆင်းပြေးနိုင်ဖို့ ကြိုးစားကြပါတယ်၊ ပထမဆုံး ပခုံးပေါ်က အထုပ်တွေကို ကျွန်တော်တို့ ရှေ့တည့်တည့်မှာ ပစ်ချပြီး အထုပ်တွေနောက်က ကျွန်တော်တို့က ဖင်တရွတ်တွန်း လျှောဆင်းကြပါတယ်၊ ဒီအချိန်မှာ ရန်သူက ကျွန်တော်တို့ကို သေနတ်တွေနဲ့ ပစ်နေကြပြီ။

'ကျွန်တော်အဖို့ ခေါင်းပေါ်က ကျည်ဆန်တွေ တဝီးဝီး ဖြတ်သွားသံကို ပထမဆုံးအကြိမ် ကြားဖူးခြင်းပါ၊ ဒါပေမဲ့ သိပ်ပြီး ကြောက်လန့်တကြား မဖြစ်မိပါဘူး၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ရှေ့ ရောက်နေချိန်မှာ သေခြင်းတရားက လာပြီးခြိမ်းခြောက်ရင် ဂုဏ်သိက္ခာ ပျက်တတ်တယ်ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ သနားစရာကောင်းတဲ့ ရီမင်ဒါဒူကလွဲပြီး ကျွန်တော်တို့အားလုံး လွတ်ခဲ့ကြပါတယ်၊ သူ့ကိုတော့ နောက်ကျောမှာ ကျည်ဆန်မှန် ခံရပါတယ်၊ ကျွန်တော်က လက်ထဲက အထုပ်ကို လွှင့်ပစ်ပြီး ရီမင်ဒါဒူကို ပွေ့ထူဖို့ ကြိုးစားမိတယ်။

'"ဟေ့ကောင်အရူး"လို့ ဂရေစီယာက အော်တယ်၊ "လူသေအလောင်း တစ်လောင်းကို ငါတို့က ဘာလုပ်ဖို့ သယ်သွားနေရမှာလဲ၊ သူ့ကို လက်စတုံး လုပ်ပစ်လိုက်တော့၊ သိုးမွေးခြေအိတ်တွေကို မထားခဲ့နဲ့"

'"ပြန်ချလိုက်၊ သူ့ကို ပြန်ချလိုက်"ကာမင်းက လည်း အော်ပြီးပြောနေတယ်။

'ကျောက်တုံးကြီးတစ်တုံး အကွယ်ကို ရောက်တော့ ကျွန်တော် သိပ်မောနေပြီ၊ လက်ထဲက ရီမင်ဒါဒူကို ချ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တယ်၊ ဂရေစီယာက ပြေးလာပြီး သူ့လက်ထဲက သေနတ်နဲ့ ခေါင်းကို ပစ်လိုက်တယ်။

'"သူ့ကိုမှတ်မိတဲ့ ကောင်ဟာ လူတော်တစ်ယောက်ပဲ"ဂရေစီယာက ကျည်ဆန်တစ်ဒါဇင်လောက် မှန်ထားတဲ့ ရီမင်ဒါဒူရဲ့ စုတ်ပြတ်သတ်နေတဲ့ မျက်နှာကို ငုံ့ကြည့်ပြီး ပြောတယ်။

'ကျွန်တော် လျှောက်ခဲ့တဲ့ ဘဝခရီးဟာ အဲဒါပဲ၊ အံ့သြစရာ စိတ်ပျက်စရာ မကောင်းပေဘူးလား ဆီညော်၊ ညနေခင်းကျတော့ ကျွန်တော်တို့ဟာ ချုံပုတ်တွေထူထပ်တဲ့ တောတစ်ခုထဲ ရောက်သွားကြတယ်၊ လူတွေကလည်း ပင်ပန်းလွန်းလို့ အရုပ်ကြိုးပြတ် ဖြစ်နေကုန်ပြီ၊ ကျွန်တော်တို့မှာ စားစရာလည်း ဘာမှမရှိ၊ ဂရေစီယာဆိုတဲ့ မကောင်းဆိုးရွားကောင်ကတော့ ဘာလုပ်တယ်ထင်သလဲ၊ သူ့အိတ်ကပ်ထဲက ဖဲထုပ်တစ်ထုပ်ကို ထုတ်ယူပြီး သူတို့ မွေးထားတဲ့ မီးဖိုရှေ့မှာ ဒန်ကေရီနဲ့ ဖဲကစားနေတယ်။

'အဲဒီအချိန်မှာ ကျွန်တော်ဟာ တစ်နေရာမှာလှဲပြီး ကောင်းကင်က ကြယ်တွေဆီကို ငေးနေမိတယ်၊ ရီမင်ဒါဒူ အကြောင်းကို တွေးနေမိတယ်၊ ငါကိုယ်တိုင်လည်း မကြာခင် သူ့လို အဖြစ်မျိုးနဲ့ ကြုံရမှာပါလားလို့လည်း တွေးနေမိတယ်၊ ကာမင်းကတော့ ကျွန်တော့်နားမှာ အလျားမှောက်လို့၊ ပါးစပ်ကလည်း သီချင်းတစ်ပိုင်းတစ်စကို ညည်းနေတယ်၊ ကျွန်တော့်နားနားကို စကားတိုးတိုးလေး ကပ်ပြောမလိုလို ဘာလိုလိုနဲ့ ပါးချင်းလာကပ်ပြီး နှစ်ခါသုံးခါ နမ်းတယ်။

'"မင်းဟာ မကောင်းဆိုးရွားမတစ်ယောက်ပဲ"လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို ပြောတယ်။

““ကျွန်မ သိပါတယ်”လို့သူက ပြန်ပြောတယ်။

‘နာရီအတော်ကြာကြာ နားပြီးတဲ့နောက်မှာ ကာမင်းဟာ ဂေါစင်မြို့ကို ထွက်သွားတယ်၊ နောက်တစ်နေ့မနက်ကျတော့ ဆိတ်ကျောင်းသားလေး တစ်ယောက်ပေါက်လာပြီး ပေါင်မုန့်တွေ ပေးသွားတယ်၊ ကျွန်တော်တို့ အဲဒီနေရာမှာ တစ်နေ့လုံး နေကြရတယ်၊ ညကျတော့ ဂေါစင်မြို့ဘက်ကို ထွက်လာခဲ့ကြပြီး မလှမ်းမကမ်းတစ်နေရာက စောင့်ကြတယ်၊ ကာမင်းဆီက သတင်းရောက်အလာကို စောင့်ကြတာပါ၊ ဒါပေမဲ့ ဘာသတင်းမှ ရောက်မလာဘူး။

‘မိုးလင်းတော့ လားထိန်းတစ်ယောက် လားနှစ်ကောင် မောင်းလာနေတာကို ကျွန်တော်တို့ မြင်ကြရတယ်၊ လားတစ်စီးပေါ်မှာ ဝတ်ကောင်းစားလှနဲ့ မိန်းမတစ်ယောက် ထီးကလေးတစ်လက် ဆောင်းလို့၊ ကျန်တစ်ကောင်ပေါ်မှာတော့ ကောင်မလေးတစ်ယောက်၊ သူကတော့ ဟိုအမျိုးသမီးရဲ့ အခိုင်းအစေနဲ့ တူပါတယ်၊ ဂရေစီယာက ကျွန်တော်တို့ကို ပြောတယ်။

““စိန့်နီကိုလတ်က လားနှစ်ကောင်နဲ့ မိန်းမနှစ်ယောက် ငါတို့ဆီ ပို့လိုက်တာပဲ၊ လက်လွှတ်ခံလို့ မဖြစ်ဘူး၊ ငါလိုချင်တာကတော့ လားလေးကောင်၊ ဒါပေမဲ့ ရသလောက် ယူရုံပေါ့”

‘ပြောပြောဆိုဆိုနဲ့ သူဟာ သေနတ်ကိုဆွဲပြီး လားနှစ်ကောင် လာနေတဲ့ဘက်ကို ဆင်းသွားတယ်၊ ပြီးတော့ ချုံပုတ်တစ်ခုထဲ ဝင်ပုန်းနေတယ်၊ ဒန်ကေရီ နဲ့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



က နောက်က အသာလိုက်သွားကြတယ်၊ ကျွန်တော်တို့ကို မြင်နိုင်လောက်တဲ့ နေရာလည်းရောက်ရော ကျွန်တော်တို့ အားလုံး ပုန်းနေရာကထွက်ပြီး လားတွေကို ရပ်လိုက်ဖို့ အော်ပြောတယ်၊ လားပေါ်က မိန်းမဟာ ကျွန်တော်တို့ကို မြင်ရင်လန့်လိမ့်မယ်လို့ မျှော်လင့်ထားတာ၊ အခုတော့ အဲသလို မဟုတ်ဘူး၊ သူက အားရပါးရ အော်ရယ်တယ်။

““ဟား... ဟား... ဟား... သူတို့က ငါ့ကို အထက်တန်းစား ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်လို့ ထင်နေကြတာကိုး”

‘လားပေါ်က မိန်းမဟာ ကာမင်းပါ၊ ရုပ်ဖျက်တာက တော်လွန်းလို့ မမှတ်မိကြဘူး၊ တခြားဘာသာစကား တစ်ခုခုနဲ့သာ စကားပြောမယ်ဆိုရင် လုံးဝသိမှာ မဟုတ်ဘူး၊ သူဟာ လားပေါ်က ခုန်ဆင်းလိုက်ပြီး ဒန်ကေရီနဲ့ ဂရေ စီယာတို့နား သွားတယ်၊ သူတို့နှစ်ယောက်နဲ့ စကားတီးတိုး ပြောတယ်၊ နောက်ပြီးတော့မှ ကျွန်တော်ကို လှမ်းပြောတယ်။

““ကိုစာဝါရေ... ရှင့်ကို ကြိုးမပေးခင် ကျွန်မ တို့ချင်း နောက်တစ်ကြိမ် ထပ်တွေ့ကြရဦးမှာပါ၊ ကျွန်မ အခု ဂျစ်ပစီလူမျိုးတွေရဲ့ အလုပ်ကိစ္စတစ်ခုအတွက် ဂျီဘရော် တာကို သွားရဦးမယ်၊ ရှင်ကျွန်မသတင်းကို မကြာခင် ကြားရမှာပါ”

‘ကျွန်တော်တို့ ရက်အနည်းငယ်လောက် ခိုအောင်း နေနိုင်မယ့် နေရာတစ်နေရာကို ပြောပြပြီးတဲ့နောက် သူ ထွက်သွားပါတယ်၊ ကျွန်တော်တို့ ဂိုဏ်းအတွက် ဒီ မိန်းကလေးဟာ ကယ်တင်ရှင်မကလေးပါပဲ၊ မကြာခင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူပို့လိုက်တဲ့ ငွေနည်းနည်းပါးပါးကို ကျွန်တော်တို့ ရခဲ့ပါတယ်၊ ငွေနဲ့အတူ သတင်းတစ်ခုလည်း ပါလာတယ်၊ သတင်းက ငွေထက် အဆပေါင်းများစွာ အဖိုးတန်နေတာ တွေ့ရပါတယ်။

'သတင်းက အင်္ဂလိပ်အမတ်နှစ်ယောက်ဟာ ဒီနေ့ ဒီရက်မှာ ဂျီဘရော်တာကနေပြီး ဂရင်နဒါကို မြင်းရထားနဲ့ သွားလိမ့်မယ်တဲ့၊ ပညာရှိတစ်ယောက်အဖို့ စကားတစ်လုံးဟာ လုံလောက်နေပါပြီ၊ သူတို့စုံတွဲမှာ အင်္ဂလိပ်ရွှေဒင်္ဂါး ဂီနီပြားတွေ အတော်များများ ပါလာမှာ သေချာပါတယ်၊ ဂရေစီယာကတော့ သူတို့ကို သတ်ပစ်ချင်တယ်၊ ဒါပေမဲ့ ဒန်ကေရိုနဲ့ ကျွန်တော်က သူ့စိတ်ကူးကို ဝိုင်းဖျက်ကြတယ်၊ ကျွန်တော်တို့အနေနဲ့ သူတို့ကို ဓားပြတိုက်မယ်၊ ငွေနဲ့ပစ္စည်း ရသမျှ ယူမယ်၊ သူတို့ရဲ့ အဝတ်အစားတွေကိုပါ ယူမယ်၊ ကျွန်တော်တို့မှာ အင်္ကျီအဝတ်အစားမရှိသလောက် ဖြစ်နေပြီ မဟုတ်လား။

'လူတစ်ယောက်ဟာ ရည်ရွယ်ချက် မရှိပါဘဲနဲ့ လူဆိုးလူမိုက်တစ်ယောက် ဖြစ်လာခဲ့ရပါပြီ ဆီညော်၊ အင်မတန်ချော၊ အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက် ကြောင့် ဦးနှောက်ဟာ ကပြောင်းကပြန် ဖြစ်ခဲ့ရပါတယ်၊ မိန်းကလေးအတွက် တိုက်တယ်၊ ခိုက်တယ်၊ ကံကြမ္မာဆိုး ကလည်း ကျလာတယ်၊ တောင်တန်းတွေဆီကို ထွက်ပြေး တိမ်းရှောင်ပြီး ပုန်းနေခဲ့ရတယ်၊ မှောင်ခိုသမား ဖြစ်လာ ရတယ်၊ အခုတစ်ခါ ကိုယ့်ဘာသာကိုယ် ဘယ်လမ်း ဘယ်ခရီးပေါ်ရောက်နေမှန်း မသိလိုက်ခင်မှာပဲ ဓားပြ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်ခဲ့ရပါပြီ။

'အင်္ဂလိပ် အမတ်နှစ်ယောက်ကိစ္စ ပြီးသွားတဲ့နောက် ကျွန်တော်တို့အနေနဲ့ ဂျီဘရော်တာမြို့ အနီးအနား တစ်ဝိုက်မှာ ခိုနေလို့ မဖြစ်တော့ဘူးလို့ တွက်ကြပါတယ်၊ ဒီတစ်ဝိုက်မှာ ဆက်နေရင် လုံခြုံမှုရှိမယ်လို့ မထင်ဘူး၊ ဒါကြောင့် ကျွန်တော်တို့ဟာ ဆီအာရာဒီရွှန်ဒါဘက် အတွင်းပိုင်းကျကျအထိ ဝင်ခဲ့ကြတယ်။

'ဟိုတစ်ခါ ဆုံမိကြတော့ ဆီညော်က ဂျူစီမာရီယာ အကြောင်း ကျွန်တော့်ကို ပြောခဲ့ဖူးတယ်လေ၊ မှတ်မိသေးတယ် မဟုတ်လား၊ ကျွန်တော်နဲ့ ဂျူစီမာရီယာ တွေ့ကြတာ အဲဒီ ဆီအာရာဒီရွှန်ဒါမှာပေါ့၊ သူက ခရီးသွားရင်း သူ့ချစ်သူကို အမြဲတမ်းခေါ်သွားလေ့ရှိပါတယ်၊ သူ့ချစ်သူဟာ မိန်းမချောလေး တစ်ယောက်ပါ ဆီညော်၊ ပြီးတော့ လိမ္မာရေးချား ရှိတယ်၊ ရှက်တတ် ကြောက်တတ်တယ်၊ အပြောဆို အနေအထိုင် သိမ်မွေ့တယ်၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့စကား ဘယ်တော့မှ မပြောဘူး၊ ဂျူစီမာရီယာအပေါ်မှာ အင်မတန်ကို သစ္စာရှိပါတယ်၊ အင်း... ဒါပေမဲ့ သူ့ခမျာ မပျော်ရဲရရှာပါဘူး၊ ဂျူစီမာရီယာက သိပ်ကို နှိပ်စက်တယ်၊ သူက အမြဲတမ်း တခြားမိန်းမတွေနောက် တကောက်ကောက် လိုက်နေတာပဲ၊ သူ့ချစ်သူကို ဘယ်တော့မှ ကြည်ကြည်သာသာ ဆက်ဆံတယ်လို့ မရှိဘူး။

'တစ်ကြိမ်မှာ သူ့ချစ်သူကို ဓားနဲ့တောင် ထိုးဖူးတယ်၊ သူ့ချစ်သူကလည်း ဓားနဲ့ထိုးခါမှ ပိုပြီး ချစ်လာသလိုပဲ၊ မိန်းမတွေဟာ အထူးသဖြင့် အင်ဒါလူဆီယန်မ



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ဒီလိုပါပဲ၊ နားလည်ရခက်တယ်၊ ဂျိုစီမာရီယာရဲ့ ချစ်သူဟာ သူ့လူက ဓားနဲ့ထိုးလို့ရထားတဲ့ လက်မောင်းက အမာရွတ်ကို ပြလေ့ရှိတယ်၊ ကမ္ဘာပေါ်မှာ အလှဆုံးအရာ တစ်ခုလို့များ ထင်နေသလား မပြောတတ်ဘူး။

'ပြီးတော့ ဂျိုစီမာရီယာဟာ အလုပ်တွဲလုပ်လို့ မကောင်းဆုံး လူတစ်ယောက်ပါ၊ တစ်ခါက ကျွန်တော်တို့ အလုပ် တွဲလုပ်ခဲ့ဖူးတယ်၊ ရလာသမျှ အမြတ်ကို သူ တစ်ယောက်တည်း အပိုင်စီးထားလို့ အချင်းချင်းကြားမှာ ပြဿနာတွေပေါ်ပြီး ဆော်ကြနှက်ကြတဲ့အထိ ဖြစ်ခဲ့ရဖူးတယ်။

'ထားလိုက်ပါတော့လေ၊ ဒါတွေက အရေးမကြီးပါဘူး၊ အရေးကြီးတာက ကျွန်တော်တို့ ဇာတ်လမ်းကိုဆက်ဖို့၊ ဒီလိုနဲ့ပဲ ဆီအာရာဒီရွန်ဒါမှာ နေကြတော့ ကာမင်းဆီက ဘာသတင်းမှ နောက်ထပ် မကြားရဘူး၊ အဲဒီတော့ ဒန်ကေရီက ပြောတယ်။

''"တို့အထဲက တစ်ယောက်တော့ ကာမင်းသတင်းလေးဘာလေး စုံစမ်းရအောင် ဂျီဘရော်တာကို သွားမှဖြစ်မယ်၊ သူငါတို့အတွက် အစီအစဉ်တစ်ခု ရှိချင်ရှိနေမှာ၊ ငါသွားချင်ပေမဲ့ ဂျီဘရော်တာမှာက ငါ့ကို လူသိသိပ်များတယ်"

'ဒီတော့ တစ်ဖက်ကန်း ဂရေစီယာက ပြောတယ်။

''"ကျုပ်ကိုလည်း လူသိများတာပဲ၊ အဲဒီမှာကတော့ သူတို့က ကျုပ်ကို ကောင်းကောင်းသိနေကြတာဗျ၊ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်တုပ်*တွေကို နည်းအမျိုးမျိုးနဲ့ လိမ်ချလာခဲ့တဲ့ကောင်၊ ပြီးတော့လည်း ကျုပ်က မျက်လုံးတစ်လုံးတည်း ရှိတာဆိုတော့ ရုပ်ဖျက်ဖို့ကလည်း မလွယ်ဘူး”

‘“ခင်ဗျားတို့ပြောနေသလိုဆိုရင်တော့ ကျွန်တော်သွားမှဖြစ်မှာပေါ့”လို့ ကျွန်တော်က ပြောတယ်၊ ကာမင်းနဲ့ လွတ်လွတ်လပ်လပ် တွေ့ရမယ့်အရေးကြောင့် စိတ်ထဲက ကျိတ်ပြီး ဝမ်းသာနေမိတယ်၊ “ကောင်းပြီလေ၊ ကျွန်တော်သွားမယ်၊ ဘာလုပ်ရမယ်ဆိုတာသာ ပြော”

‘သူတို့နှစ်ယောက်က ပြောကြတယ်။

‘“ဂျီဘရော်တာကို ပင်လယ်ဘက်ကဖြစ်ဖြစ်၊ ဒါမှ မဟုတ် ဆန်ရိုကူးဘက်ကဖြစ်ဖြစ် မင်းကြိုက်တဲ့လမ်းကသွား၊ မင်းဂျီဘရော်တာကို ရောက်တဲ့အခါမှာ လာရော်လိုနာလို့ခေါ်တဲ့ ချောကလက်သည်မကိုတွေ့အောင်ရှာ၊ သူ့ကိုတွေ့ရင် ဟိုမှာ ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ပြောပြမှာပဲ”

‘ကျွန်တော်တို့ သုံးယောက်စလုံး ဂေါစင်အထိ အတူတူသွား၊ ဟိုကျမှ သူတို့နှစ်ယောက်ကို အဲဒီမှာ ထားခဲ့ပြီး ကျွန်တော်ကခရီးဆက်၊ အဲသလိုလုပ်ဖို့ အားလုံးသဘောတူကြတယ်၊ ကျွန်တော် ဂျီဘရော်တာကိုသွားရင် သစ်သီးသည် ယောင်ဆောင်သွားသင့်တယ်လို့ ဆုံးဖြတ်ကြတယ်၊ ရွန်ဒါမှာနေတုန်း ကျွန်တော်တို့ လူတစ်ယောက်က ကျွန်တော့်အတွက် နိုင်ငံကူးလက်မှတ်ရအောင် လုပ်ပေး

* ဂျီဘရော်တာခံတပ်ရှိ အင်္ဂလိပ်တို့၏ ယူနီဖောင်းအရောင်ကိုကြည့်၍ စပိန်များက ပေးထားသောအမည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဂေါ်စင်ကိုရောက်တော့ မြည်းတစ်ကောင် ရတယ်၊ မြည်းပေါ်မှာ လိမ္မော်သီးနဲ့ ဖရဲသီးတွေတင်ပြီး ကျွန်တော် ခရီးထွက်ခဲ့ပါတယ်။

'ကျွန်တော် ဂျီဘရော်တာကို ရောက်သွားတော့ လာရော်လိုနာကို ရှာရတာ မခက်လှဘူး၊ သူက လူသိများတဲ့ လူကိုး၊ ဒါပေမဲ့ ခက်တာက ဒီမိန်းမ သေသလိုလို၊ ထောင်ကျနေသလိုလိုနဲ့ မရေမရာ ဖြစ်နေတယ်၊ ကျွန်တော့် စိတ်က တွေးလို့ရသလောက်ဆိုရင် ဒီမိန်းမ ပျောက်နေသမျှ ကျွန်တော်တို့ဟာ ကာမင်းနဲ့ အဆက်အသွယ် ပြတ်နေတော့ မှာပဲ၊ ကျွန်တော်လည်း မတတ်နိုင်တော့ဘူး၊ ကျွန်တော့် မြည်းကို မြင်းဇောင်းတစ်ခုမှာ အပ်ပစ်ခဲ့ပြီး လိမ္မော်သီးတွေ လည်ရောင်းသလိုလိုနဲ့ မြို့ထဲ လှည့်ပတ်ပြီး သွားတယ်၊ တကယ်က ကျွန်တော်သိတဲ့ လူတစ်ယောက် တွေ့လို့ တွေ့ငြား လိုက်ရှာတာပါ။

'ဂျီဘရော်တာမှာ ကမ္ဘာအရပ်ရပ်က လူလိမ်လူညာ လူဆိုးတွေ ရှိပါတယ်၊ ဘာသာမျိုးစုံ အသံမျိုးစုံကို ကြားရတဲ့ နေရာဒေသတစ်ခုပါ၊ ဘယ်လမ်းကိုပဲ ဝင်သွားသွား၊ ခြေလှမ်းဆယ့်နှစ်လှမ်း မပြည့်ခင် ဘာသာမျိုးစုံ စကားကို ကြားရလိမ့်မယ်လို့တောင် ပြောစမှတ် ပြုကြပါတယ်။

'ကျွန်တော် ဂျစ်ပစီတွေကိုလည်းအများကြီး တွေ့ပါတယ်၊ ဒါပေမဲ့ သူတို့ကို လုံးဝမယုံကြည်ရဲပါဘူး၊ ကျွန်တော်က သူတို့ အရိပ်အကဲကို သိရုံလောက် သဘောထားပြီး အသံပေးကြည့်တယ်၊ သူတို့ကလည်း အသံပြန်ပေးကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြွေမြွေချင်း ခြေမြင်ဆိုတဲ့ စကားလို ကျွန်တော်တို့အားလုံး လူဆိုးလူရှုပ်တွေဆိုတာကတော့ ပြောနိုင်ကြပါတယ်၊ ဒါပေမဲ့ အရေးကြီးတာက ကျွန်တော်တို့တစ်တွေဟာ တစ်ဂိုဏ်း တည်းသား ဟုတ်မဟုတ် သိဖို့လိုပါတယ်။

'ဂျီဘရော်တာမှာ နှစ်ရက်တိတိ တလည်လည်ဖြစ် ပြီး အချိန်ကုန်ခဲ့ပေမဲ့ လာရော်လိုနာနဲ့ ကာမင်းတို့အကြောင်း ဘာတစ်ခုမှ စုံစမ်းလို့မရဘူး၊ တစ်နေ့ နေဝင်ချိန်မှာ ကျွန်တော်ဟာ လမ်းတစ်လမ်းပေါ် လျှောက်သွားရင်း လိုအပ်တဲ့ ပစ္စည်းတချို့ဝယ်ပြီး ဂေါစင်မှာထားခဲ့တဲ့ အဖော်နှစ်ယောက်ဆီပြန်ဖို့ စဉ်းစားနေမိပါတယ်။ အဲဒီတုန်း ဖြုန်းခနဲ ပြတင်းပေါက်တစ်ပေါက်ဆီက မိန်းမတစ်ယောက် ရဲ့ ခေါ်သံကို ကျွန်တော် ကြားလိုက်ရပါတယ်။

'"လိမ္မော်သီးသည် လာဦး"လို့ အော်ခေါ်လိုက်တဲ့ အသံပါ။

'ကျွန်တော် မော့ကြည့်လိုက်တော့ လသာဆောင် မှာ ပွတ်လုံးတိုင်ကြီးတစ်တိုင်ကို မှီပြီးရပ်နေတဲ့ ကာမင်းကို မြင်ရတယ်၊ သူ့ဘေးမှာတော့ အနီရောင် ယူနီဖောင်းနဲ့ ပခုံးမှာ ရွှေရောင်ပန်းပွားတွေ တပ်ထားတဲ့ စစ်ဗိုလ်တစ် ယောက်၊ သူ့ကြည့်ရတာ လော့အနွယ်ဝင် မှူးမတ်မျိုးထဲကနဲ့ တူပါတယ်၊ ကာမင်း ဝတ်စားဆင်ယင်ထားတာကလည်း တကယ့် တခမ်းတနားပါပဲ၊ ပိုးထည်တွေချည်း ဝတ်ထား တာပါ၊ ပခုံးနှစ်ဖက်ပေါ်မှာလည်း ခြုံထည်လေးတစ်ထည် တင်လို့၊ခေါင်းမှာလည်း ရွှေဘီးတစ်ချောင်း စိုက်လို့၊ တကယ့် အံ့သြစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ ဆိုရပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ကာမင်းဟာ သူ့ဝသီအတိုင်း ရယ်မောနေပါတယ်၊ အင်္ဂလိပ်စစ်ဗိုလ်က မပီမသ စပိန်စကားနဲ့ အိမ်ပေါ်တက်ခဲ့ဖို့ ကျွန်တော့်ကို လှမ်းပြောတယ်၊ ဆီညော်ရာက လိမ္မော်သီး နည်းနည်းလိုချင်လို့တဲ့၊ ကာမင်းကလည်း ဘတ်စ်ကွေး စကားနဲ့ ကျွန်တော့်ကို စကားတစ်ခွန်း လှမ်းပြောပါတယ်။

"'ရဲရဲသာတက်ခဲ့၊ ရှင်မြင်ရတာတွေကို အံ့သြတဲ့ လက္ခဏာ မပြနဲ့"

'အခုအချိန်မှာတော့ ကာမင်း ဘာလုပ်လုပ် အံ့သြ စရာ မရှိတော့ပါဘူး၊ သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ အတွက် ကျွန်တော့်စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ၊ ပျော်သွားသလား၊ ဒါမှမဟုတ် ဝမ်းနည်းသွားသလား၊ ဒါတော့ ကျွန်တော် မပြောတတ်ဘူး၊ အိမ်ပေါ်ထပ် တံခါးဝရောက်တော့ အင်္ဂလိပ်လူမျိုး အစေခံတစ်ယောက်က တခမ်းတနား ပြင်ဆင်ခင်းကျင်းထားတဲ့ ဧည့်ခန်းထဲ လိုက်ပို့တယ်၊ ကာမင်းက ဘတ်စ်ကွေးစကားနဲ့ပဲ ကျွန်တော့် ကို ဆီးပြောပြန်တယ်။

"'ရှင်... စပိန်စကား လုံးဝမပြောတတ်ချင်ယောင် ဆောင်ထား၊ ကျွန်မကိုလည်း မသိရဘူးနော်"

'ပြီးတော့ အင်္ဂလိပ်အရာရှိဘက်လှည့်ပြီး ပြောတယ်။

"'တွေ့တယ် မဟုတ်လား၊ ကျွန်မ ရှင့်ကို ပြောထား သားပဲ၊ ဒီဈေးသည်ဟာ ဘတ်စ်ကွေးလူမျိုးတစ်ယောက်ပါ လို့၊ ဘတ်စ်ကွေးစကားဟာ သိပ်ရယ်စရာ ကောင်းတယ်၊ ဈေးသည်ကိုကြည့်စမ်းပါဦး၊ လူပုံကြည့်ရတာ ထုံအအ လက္ခဏာပဲ၊ စတိုခန်းထဲမှာပိတ်ပြီး အမိခံနေရတဲ့ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်နဲ့ တထေရာတည်း”

“‘မင်းကတော့ကော ဘာနဲ့တူနေသလဲ”လို့ ကျွန်တော်က ဘတ်စ်ကွေးစကားနဲ့ သူ့ကို ပြန်ပြောတယ်၊ “မင်းကြည့်ပုံက မျက်နှာပြောင်တိုက်နေတဲ့ မိန်းမရုပ် မိန်းမပျက်တစ်ယောက်နဲ့ တူနေတယ်၊ မင်းချစ်သူရှေ့မှာ မင်းမျက်နှာကို ငါက ဓားနဲ့ လှီးပစ်ချင်တယ်”

“‘ကျွန်မချစ်သူ ဟုတ်လား”လို့ သူက ပြန်ပြောတယ်၊ “ရှင့်ဘာသာရှင် လိုရာဆွဲတွေးပြီး ပြောနေတာကိုး၊ ရှင်က ဒီငတုံးကိုကြည့်ပြီး မနာလိုဝန်တို ဖြစ်နေပြန်ပြီလား၊ ဟိုကယ်လီကင်ဒီလီဂျိုလမ်းထဲမှာ ကျွန်မတို့နှစ်ယောက် ချိန်းတွေ့ကြတုန်းကထက်တောင် ရှင်ဟာ ပိုပြီး မိုက်မဲလာတာကိုး၊ ကျွန်မ ဘာလုပ်နေတယ်ဆိုတာ ရှင်မသိဘူးလား အအရဲ့၊ ကျွန်မ ဂျစ်ပစီအလုပ်ကို ကြီးကြီးကျယ်ကျယ် လုပ်နေတာ၊ ဒီအိမ်ဟာ ကျွန်မအိမ်၊ အဲဒီ ပုစွန်တုပ်ကောင်ရဲ့ ရွှေဒင်္ဂါး ဂီနီပြားတွေဟာလည်း မကြာခင် ကျွန်မပိုင်ဖြစ်မှာ၊ ဒီအကောင်ကို ကျွန်မ နှာခေါင်းက ဆွဲပြီးခေါ်သွားနိုင်တယ်၊ မကြာခင် သူ့ကို ကျွန်မကခေါ်သွားပြီး မပြန်လမ်းပို့ပေးဦးမှာ”

“‘ငါကတော့ မင်းဂျစ်ပစီအလုပ်ကိုလုပ်တိုင်း ဒီပုံမျိုးထပ်လုပ်ရင် နောက်ဆုံးအကြိမ် လုပ်ခြင်းမျိုး ဖြစ်သွားအောင် ဆုံးမပေးရလိမ့်မယ်”လို့ ကျွန်တော်က ပြန်ပြောလိုက်တယ်။

“‘ရှင် အခု ဆုံးမမလား၊ ရှင်က ကျွန်မလင်မို့ အခုလို လာပြီးသြဇာပေးနေတာလား၊ တစ်ဖက်ကန်း ဂရေစီယာကတောင် ဒါမျိုး မပြောဘူး၊ အခုလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့အားလုံးအတွက်ပဲ နားလည်ရဲ့လား၊ ကျွန်မက ချစ်သူလို့ အသိအမှတ်ပြုထားတဲ့ ယောက်ျားဆိုလို့ ရှင် တစ်ယောက်တည်းပဲ ရှိတယ်၊ ဒါလောက်ဆိုရင် ရှင်ကျေနပ် သင့်ပြီ''

'“ဒီအကောင် ဘာပြောနေတာလဲ”လို့ အင်္ဂလိပ် အမျိုးသားက ကြားဖြတ်မေးတယ်။

'ဒီတော့ ကာမင်းက ပြန်ဖြေတယ်၊ “သူရေငတ်လို့ သောက်စရာ အရည်တစ်မျိုးလောက် ပေးပါလို့ ပြော နေတာ”တဲ့၊ ပြီးတော့ ကာမင်းဟာ အနားက ဆိုဖာတစ်လုံး ပေါ် ထိုင်ချလိုက်ပြီး သူ့ဘာသာပြန်စကားကို သူသဘော ကျပြီး ခွက်ထိုးခွက်လန် ရယ်ပါတယ်။

'ဆီညော်လည်း သဘောပေါက်မှာပါ၊ ဒီမိန်းကလေး ရယ်ပြီဆိုရင် အဓိပ္ပာယ်ရှိတဲ့ စကားမျိုး ပြောလို့မရတော့ဘူး၊ ဟိုအရပ်ရှည်ရှည် အင်္ဂလိပ်ကောင်ကလည်း ဘာမသိ ညာမသိနဲ့ အရူးတစ်ယောက်လို ဝင်ပြီး ရယ်နေလိုက်သေး တယ်၊ ပြီးတော့ ကျွန်တော့်ကို သောက်စရာ တစ်ခုပေးဖို့ လှမ်းပြီး အမိန့်ပေးတယ်။

'ကျွန်တော် သောက်နေတုန်းမှာ ကာမင်းက ပြောတယ်။

'“ရှင် သူ့လက်မှာဝတ်ထားတဲ့ လက်စွပ်ကို မြင်လား၊ ရှင်ကြိုက်ရင် ကျွန်မပေးလိုက်မယ်”

'“သြော်... မင်းသခင် ဒီအင်္ဂလိပ်ကောင်ကို တို့ နှစ်ယောက်က တစ်ယောက်တစ်ဖက် မက်ကွေးလား သံတုတ်နဲ့မပြီး တောင်ပေါ်တင်ပေးစေချင်လို့လား”လို့

www.burmeseclassic.com



ကျွန်တော်က ပြန်ပြောတယ်။

'"မက်ကွေးလား"လို့ ဟိုအင်္ဂလိပ်က သံယောင်လိုက်ပြီး ရေရွတ်လိုက်တယ်၊ "မက်ကွေးလားဆိုတာ ဘာအဓိပ္ပာယ်လဲ"

'"မက်ကွေးလားဆိုတာ"ကာမင်းက ရယ်နေတုန်းပဲ၊ "လိမ္မော်သီးကိုပြောတာ၊ လိမ္မော်သီးတစ်လုံးကို ခေါ်တဲ့စကားလုံး ကြားရတာ ရယ်စရာ မကောင်းဘူးလားဟင်၊ သူက ပြောနေတယ်၊ ရှင့်ကို မက်ကွေးလားနည်းနည်း ကျွေးချင်တယ်တဲ့"

'"တကယ်ကျွေးမှာလား"လို့ အင်္ဂလိပ်က ပြောတယ်၊ "ကောင်းသားပဲ၊ မနက်ဖြန်ကျရင် မက်ကွေးလား များများယူခဲ့"

'ကျွန်တော်တို့ စကားပြောနေတုန်းမှာ အစေခံထွက်လာပြီး ညစာပြင်ထားပြီလို့ ပြောတယ်၊ အင်္ဂလိပ်က မတ်တတ်ရပ်လိုက်ပြီး ကျွန်တော့်ကို ပီယက်စတာတစ်ပြား လှမ်းပေးတယ်၊ ပြီးတော့ သူ့လက်တစ်ဖက်ကို ကာမင်းဆီ ကမ်းလိုက်တယ်၊ ကာမင်းတစ်ယောက် သူ့ဘာသာသူ လမ်းမလျှောက်နိုင်တာ ကျနေတာပဲ၊ ကာမင်းကတော့ ခွက်ထိုးခွက်လန် ရယ်နေရာက ကျွန်တော့်ကို လှမ်းပြော ပြန်တယ်။

'"ကျွန်မ ရှင့်ကို ညစာစားဖို့တော့ မဖိတ်နိုင်ဘူး၊ ဒါပေမဲ့ မနက်ဖြန်ကျရင် တန်းစီဗို့အချက်ပေးတဲ့ ဒရမ်သံ ကြားရတာနဲ့ တစ်ပြိုင်နက် လိမ္မော်သီးနည်းနည်းပါးပါး ယူပြီး ဒီကို ဝင်လာခဲ့၊ ကယ်လီကင်ဒီလီဂျို လမ်းထဲမှာတုန်း



www.burmeseclassic.com

www.burmeseclassic.com



က အိပ်ရာထက် အဆပေါင်း အများကြီးသာတဲ့ အိပ်ရာတစ်ခုကို တွေ့လိမ့်မယ်၊ ကာမင်းဆီတာဟာ အခုအချိန်ထိ ရှင့်ရဲ့ ကာမင်းဆီတာဟုတ်မဟုတ် သိရလိမ့်မယ်၊ အဲဒီနောက်တော့ကျွန်မတို့ အလုပ်ကိစ္စကို ပြောကြတာပေါ့”

‘ကျွန်တော် ဘာမှ ပြန်မပြောဘူး၊ အင်္ဂလိပ်က ကျွန်တော့်ကို လှမ်းအော်နေတဲ့ အချိန်မှာ ကျွန်တော်ဟာ လမ်းမပေါ် ရောက်နေပြီ၊ “မနက်ဖြန်ကျရင် မက်ကွေးလားတွေ ယူလာခဲ့ဦး”တဲ့၊ တစ်ဆက်တည်းမှာပဲ ကာမင်းရဲ့ အားရပါးရရယ်သံကို ကျွန်တော် ကြားလိုက်ရတယ်။

‘ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိဘူး၊ ညကျတော့ တစ်မှေးတောင် အိပ်လို့မပျော်ဘူး၊ မနက်လင်းတော့လည်း ဟိုသစ္စာဖောက်မအပေါ်မှာ ဖြစ်နေတဲ့ ဒေါသအရှိန်ဟာ ကြီးတုန်းပဲ၊ ဒီကောင်မကို နောက်ထပ် သွားမတွေ့ဘဲ ဂျီဘရော်တာက ထွက်သွားတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ ဒါပေမဲ့ ဒရမ်တီးသံတွေလည်း ကြားလိုက်ရောကျွန်တော့်သတ္တိဟာ ကျွန်တော့်ကို စွန့်ခွာသွားတယ်၊ ကျွန်တော်ဟာ လိမ္မော်သီးခြင်းတောင်းကို ဆွဲပြီး ကာမင်းရဲ့ အိမ်ဘက်ကို အပြေးအလွှား လာခဲ့မိပြန်တယ်။

‘သူ့အခန်းက ပြတင်းပေါက်ခန်းဆီးကို တစ်ပိုင်းဖွင့်ထားတယ်၊ ကျွန်တော်ရောက်အလာ စောင့်ကြည့်နေတဲ့ သူ့မျက်လုံးတွေကို လှမ်းမြင်နေရတယ်၊ အစေခံက ကျွန်တော့်ကို ဆီးကြိုပြီး အထဲသွင်းသွားတယ်၊ ကာမင်းက သူ့ကို ကိစ္စတစ်ခု အကြောင်းပြုပြီး အပြင်လွှတ်လိုက်တယ်၊ အစေခံထွက်သွားလို့ နှစ်ယောက်တည်း ကျန်ခဲ့တာနဲ့

www.burmeseclassic.com



တစ်ပြိုင်နက် ကာမင်းဟာ သူ့ဝသီအတိုင်း အားရပါးရ ရယ်မောပြီး သူ့လက်နှစ်ဖက်နဲ့ ကျွန်တော့်လည်ပင်းကို တအားသိမ်းဖက်ထားတယ်၊ သူဒီလောက် လှတာကို ကျွန်တော် မမြင်ဖူး မတွေ့ဖူးသေးပါကလား၊ လှလိုက်တာ တစ်ကိုယ်လုံး မွှေးကြိုင်သင်းပျံ့နေတာပဲ၊ မက်ဒိုးနား နတ်မိမယ်လားလို့ ထင်မှတ်မှားလောက်ပါတယ်၊ ဝတ်ထားတာကလည်း ပိုးသားဝတ်စုံတွေ ရွှေခြည်ငွေခြည်တွေနဲ့။

'"ဟောဒီ အခန်းထဲမှာ ရှိသမျှပစ္စည်းအားလုံးကို အကုန်လုံး ပေါက်ခွဲပစ်ချင်တယ်"လို့ သူကပြောတယ်၊ "တစ်အိမ်လုံး ပြာကျသွားအောင် မီးရှို့ပစ်လိုက်ချင်တယ်၊ ပြီးတော့ အစ်ကိုနဲ့ကျွန်မ ဟိုတောင်တန်းကြီးတွေဘက် ထွက်ပြေးချင်တယ်"

'အဲဒီနောက်တော့ တကယ့်ရက်ရက်ရောရောပဲ ကျွန်တော့်ကို ဖက်လိုက်၊ ပွေ့လိုက်၊ နမ်းလိုက်၊ ရှုပ်လိုက်နဲ့ ခုန်ပေါက်မြူးထူးနေပုံကလည်း မျောက်တစ်ကောင်က တောင် အရှုံးပေးရလိမ့်မယ် ထင်ရတယ်၊ သူထင်သလို သူ့စိတ်တိုင်းကျသလို နေပြီးတဲ့ နောက်ပိုင်းကျတော့ တည်တည်ငြိမ်ငြိမ် လေးလေးနက်နက် ပြန်ဖြစ်လာတယ်၊ အလုပ်နဲ့ ပတ်သက်တဲ့ စကားကို ပြောလာတယ်။

'"ကဲ... နားထောင်၊ ကျွန်မတို့ရဲ့ အလုပ်ကိစ္စကို ပြောကြရအောင်၊ ကျွန်မ သူ့ကို ကျွန်မရဲ့ အစ်မသီလရှင် တစ်ပါးရှိရာ (ဒီနေရာအရောက်မှာ စကားကို ဆက်မပြော သေးဘဲ အားပါးတရ ရယ်နေလိုက်သေးတယ်) ရွှန်ဒါကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာခဲ့မယ်၊ ကျွန်မပြောထားတဲ့နေရာဘက်က လာမှာ၊ အဲဒီနေရာရောက်ရင် ရှင်တို့က ဓားပြဝင်တိုက်၊ သူ့မှာ ပါသမျှ ဘာတစ်ခုမှ ချန်မထားနဲ့ အကုန်ယူ၊ အကောင်းဆုံးကတော့ သူ့ကို လက်စတုံးသွားအောင် သတ်ပစ်လိုက်ဖို့ပဲ၊ ဒါပေမဲ့...” တစ်ခါတစ်ရံမှသာ ပေါ်လာလေ့ရှိတဲ့ အပြုံးဟာ သူ့မျက်နှာမှာ ထင်ဟပ်လာတယ်၊ အပြုံးက အင်မတန်မှ အကြင်နာကင်းမဲ့တဲ့ အပြုံး၊ သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ စိတ်နေသဘောထားကို လှစ်ဖော်ပြတဲ့အပြုံး၊ ဘယ်သူကပဲမြင်မြင် ပြန်ပြီးပြုံးချင်စိတ် မပေါ်နိုင်တဲ့ အပြုံးမျိုး၊ “ဒါပေမဲ့ သတိဝီရိယထားပြီး လုပ်ဖို့လိုတယ်၊ ရှေ့ဆုံးက တစ်ဖက်ကန်း ဂရေစီယာကိုထွက်ခိုင်း၊ ရှင်က နောက်ချန်နေခဲ့၊ ဒီပုစွန်တုပ်က သတ္တိလည်း ကောင်းတယ်၊ တိုက်ရည်ခိုက်ရည်လည်း ကောင်းတယ်၊ သူ့မှာ ပစ္စတို နှစ်လက်ပါတယ်၊ ရှင်နားလည်လား”

‘စကားအဆုံးမှာ သူက ရယ်ပြန်တယ်၊ သူ့ရယ်သံကြောင့် ကျွန်တော့်စိတ်ဟာ တုန်လှုပ်ချောက်ချားမိပါတယ်။

““မလုပ်နိုင်ဘူး”လို့ ကျွန်တော်ကပြောတယ်၊ ငါ ဂရေစီယာကို မုန်းတာအမှန်ပဲ၊ ဒါပေမဲ့ သူဟာ ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက် ရဲဘော်တစ်ယောက်၊ နောင်တစ်နေ့မှာ မင်းကို ရဖို့အတွက် ဒီကောင်ကို ငါရှင်းချင် ရှင်းပစ်ရလိမ့်မယ်၊ ဒါပေမဲ့ ငါတို့နယ်မြေဒေသက ထုံးစလေ့အတိုင်းပဲ သတ္တိရှိရှိနဲ့ ရှင်းချင်တယ်၊ ငါဟာ အခြေအနေအရ ဂျစ်ပစီ ဖြစ်နေတာ၊ ဂျစ်ပစီအစစ် မဟုတ်ဘူး၊ တချို့ကိစ္စတွေမှာ ငါ့ကိုယ်ငါ နာဗာရီအမျိုးသားစစ်စစ် တစ်ယောက် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားပြီး နေရမှာပဲ''

'''ရှင်ဟာ အရူးတစ်ယောက်ပဲ''လို့ ကာမင်းက ပြန်ပြောတယ်၊ ''ရှင်ဟာ တံတွေးကို အဝေးကြီးရောက်အောင် ထွေးနိုင်ရုံနဲ့ သူ့ကိုယ်သူ အရပ်သိပ်ရှည်လှပြီလို့ ထင်နေတဲ့ လူပုတစ်ယောက်*နဲ့ တူတယ်၊ ရှင်ကျွန်မကို တကယ်ချစ်တာမဟုတ်ဘူး၊ သွား ကျွန်မအနားမှာ မနေနဲ့''

'သူက ကျွန်တော့်ကို ထွက်သွားဖို့ ပြောတဲ့အခါမှာ ကျွန်တော် မလိုက်နာနိုင်ပါဘူး၊ ကျွန်တော်က ကျွန်တော့်ရဲဘော်တွေဆီ ပြန်သွားပြီး အင်္ဂလိပ်အမျိုးသားနဲ့ ကာမင်းတို့ ရောက်အလာကို စောင့်နေမယ်လို့ ကတိပေးလိုက်ပါတယ်၊ သူ့ဘက်ကလည်း ဂျီဘရော်တာက ရွှန်ဒါကိုသွားရမယ့် နေ့ရက်အထိ ဖျားချင်ယောင်ဆောင်နေမယ်လို့ ကတိပြန်ပေးတယ်၊ ကျွန်တော်ဟာ နောက်ထပ် ဂျီဘရော်တာမှာ နှစ်ရက်ထပ်ပြီး နေခဲ့ပါတယ်၊ သူဟာ ကျွန်တော် တည်းခိုနေတဲ့ ထမင်းဆိုင်ကို အတင့်ရဲစွာနဲ့ ရောက်လာခဲ့ပါသေးတယ်။

'နောက်ဆုံးမှာ ကျွန်တော် ထွက်လာခဲ့ပါတယ်၊ ကျွန်တော့်မှာလည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပါ၊ ကျွန်တော်တို့ ပုန်းခိုရာနေရာကို ကျွန်တော် ပြန်လာခဲ့ပါတယ်၊ ကာမင်းနဲ့ အင်္ဂလိပ်အမျိုးသား ဘယ်နေ့ဘယ်ရက် ဘယ်နေရာကို လာမယ်ဆိုတာလည်း အတိအကျ သိခဲ့ရပြီ၊ ဒန်ကေရီနဲ့ ဂရေစီယာတို့ကလည်း ကျွန်တော် ပြန်ရောက်အလာကို စောင့်မျှော်နေကြပါတယ်၊ ကျွန်တော်တို့ သုံး

* ဂျစ်ပစီစကားပုံ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ တောထဲကိုဝင် ထင်းရှူးသားခြောက်တွေနဲ့ မီးဖိုကြီးတစ်ဖို ဖိုပြီး ဝိုင်းထိုင်နေကြပါတယ်၊ ကျွန်တော်က ဂရေစီယာကို ကျွန်တော်နဲ့ ဖဲကစားဖို့ခေါ်တော့ သူက လက်ခံပါတယ်၊ ဒုတိယအလှည့်မှာ ကျွန်တော်က သူ့ကို ဖဲလိမ်ကစားတယ်လို့ စွပ်စွဲပါတယ်၊ ဒီတော့သူက ရယ်တယ်၊ ကျွန်တော်က လက်ထဲက ဖဲချပ်တွေနဲ့ သူ့မျက်ခွက်ကို ပစ်ပေါက်လိုက်ပါတယ်၊ သူကလည်း သူ့ပြောင်းရှည် သေနတ်ကြီးကို လှမ်းဆွဲတယ်၊ ဒါပေမဲ့ ကျွန်တော်က သူ့ သေနတ်ကို ခြေထောက်နဲ့ တက်နင်းထားလိုက်ပြီး ပြောပါ တယ်။

'"မာလာဂါက လူတွေက ပြောကြတယ်၊ မင်းဟာ ဓားမြှောင်နဲ့တိုက်တဲ့နေရာမှာ အကျွမ်းကျင်ဆုံးပဲတဲ့၊ မင်းကံ သာမသာ ငါနဲ့ ဓားမြှောင် ကစားမကြည့်ချင်ဘူးလား"

'ဒန်ကေရီက ဝင်ဖျဉ်ဖို့ အားထုတ်ပါတယ်၊ ကျွန်တော်က ဂရေစီယာရဲ့ မျက်ခွက်ကို လက်သီးနဲ့ နှစ်ချက်သုံးချက် မိမိရရ ထိုးပစ်လိုက်ပါတယ်၊ အထိနာတော့ သူက ဒေါသကြီးလာတယ်၊ ဒေါသက ရဲလာအောင် အားပေးပါတယ်၊ သူက ခါးကြားက ဓားမြှောင်ကို ဆွဲထုတ်လိုက်တော့ ကျွန်တော်ကလည်း ကျွန်တော့်ဓားကို ဆွဲထုတ်လိုက်ပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်စလုံးက ဒန်ကေရီကို ဖယ်ပေးဖို့နဲ့ သူနိုင်ကိုယ်နိုင် ပြီးပြတ်အောင် တိုက်ခွင့်ပြုဖို့ ပြောကြတယ်၊ ကျွန်တော်တို့ကို တားလို့မရမှန်း သိတဲ့ အတွက် ဒန်ကေရီက ဖယ်ပေးပါတယ်။

'ဂရေစီယာဟာ ခါးကိုကုန်းပြီး ကြောင်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



က ကြွက်တစ်ကောင် ချောင်းသလို ကျွန်တော့်ဆီ ခုန်ဝင်ဖို့ ချိန်နေပါတယ်၊ သူဟာ ဦးထုပ်ကို ဘယ်ဘက်လက်နဲ့ကိုင်ပြီး ဒိုင်းတစ်ခုလို လုပ်ထားပါတယ်၊ ဓားကိုတော့ ရှေ့တည့်တည့် ကို ထိုးချိန်ပြီး ကိုင်ထားပါတယ်၊ ဒါဟာ ဓားမြှောင်နဲ့ တိုက်တဲ့အခါ အင်ဒါလူဆီယန် နယ်သားတွေ သုံးလေ့ရှိ တဲ့ နည်းပါ၊ ကျွန်တော်ကတော့ နာဗာရီနည်းကိုပဲ ယူပါ တယ်၊ သူ့ရှေ့တည့်တည့်မှာ ကျွန်တော့် ယာဘက်လက်ကို မြှောက်ထားပြီး ဘယ်ခြေကို ရှေ့လှမ်းထားပါတယ်၊ ဓား မြှောင်ကိုတော့ ယာလက်နဲ့ကိုင်ပြီး ယာဘက်ပေါင်မှာ အပ်ထားပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကို ဘီလူးတစ်ကောင်ထက် အဆများစွာ ပိုပြီးအားသန်နေတယ် ဆိုတဲ့ ခံစားမှု ဝင်နေပါတယ်။

'ဂရေစီယာက လေးတစ်ချောင်းက ပစ်လွှတ်လိုက် တဲ့ မြှားတစ်စင်းလို အရှိန်ပြင်းစွာနဲ့ ကျွန်တော့်ဆီ ခုန်ဝင် လာတယ်၊ ကျွန်တော်က ဘယ်ခြေကို ဖျတ်ခနဲ နောက် ဆုတ်ပြီး နေရာရွှေ့လိုက်တော့ သူ့ရှေ့မှာ ဘာကိုမှ မတွေ့တော့ဘူး၊ ဒါပေမဲ့ ကျွန်တော်က သူ့လည်ပင်းကို လက်ထဲက ဓားနဲ့လှမ်းထိုးလိုက်ပါတယ်၊ ဓားဟာ သူ့ လည်ပင်းဆီကို လွတ်လွတ်ကျွတ်ကျွတ် ဝင်သွားတဲ့အတွက် ကျွန်တော့်လက်ဟာ သူ့မေးစေ့အောက် ရောက်သွားပါ တယ်၊ တိုက်ပွဲဟာ ချက်ချင်းပဲ ပြီးဆုံးသွားပါတယ်၊ ကျွန်တော့်ဓားကို ဆွဲနုတ်လိုက်တဲ့အခါမှာ ဂရေစီယာရဲ့ လည်ပင်းက သွေးတွေဟာ ပွက်ခနဲ ထွက်ကျသွားပြီး သစ်တုံးတစ်တုံးလို တောင့်တောင့်ကြီး ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'"မင်း… ဘယ်လိုလုပ်လိုက်တာလဲ"လို့ ဒန်ကေရီက မေးတယ်။

'"ကျွန်တော် ပြောပြမယ်၊ နားထောင်"လို့ ကျွန်တော်က ပြောတယ်၊ "ကျွန်တော်နဲ့ ဂရေစီယာဟာ အတူတူ ဆက်ပြီးလက်တွဲနေလို့ မဖြစ်တော့ဘူး၊ ကျွန်တော်က ကာမင်းကို ချစ်နေတာ၊ ကျွန်တော် တစ်ဦးတည်းပဲ ဖြစ်ချင်တယ်၊ ပြီးတော့ ဂရေစီယာဟာ အင်မတန် ယုတ်မာတဲ့ ကောင်၊ ရီမင်ဒါဒူရဲ့အပေါ် သူရက်ရက်စက်စက် လုပ်ခဲ့တာကို ကျွန်တော် ဘယ်တော့မှမမေ့ဘူး၊ ကဲ… အခုဆိုရင် ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်းပဲ ရှိတော့တယ်၊ ဒါပေမဲ့ အားငယ်စရာ မရှိဘူး၊ ကျွန်တော်တို့ နှစ်ယောက်ဟာ လက်ညီတဲ့ အတွဲတစ်တွဲဖြစ်အောင် ကြိုးစားမယ်၊ ကဲ… လာ၊ ခင်ဗျားနဲ့ ကျွန်တော် ရာသက်ပန် မိတ်ဆွေအဖြစ် နေသွားကြဖို့ သဘောတူတယ် မဟုတ်လား"

'ဒန်ကေရီက သူ့လက်တစ်ဖက် ကျွန်တော့်ဆီ ကမ်းတယ်၊ သူဟာ အသက်ငါးဆယ်ရွယ် လူကြီးတစ်ယောက်ပါ။

'"အချစ်ကိစ္စဆိုတာကတော့ အလကား သောက်သုံးမကျတဲ့ ဟာမျိုးပဲ"လို့ သူက အော်ကြီးဟစ်ကျယ် ပြောတယ်၊ "ကာမင်းကို ချစ်လို့ကတော့ သူ့ကို ဘာပြုလို့ ဖွင့်မပြောတာလဲ၊ မင်းကသာ ဖွင့်ပြောလိုက်ရင် သူက ပီယက်စတာ တစ်ပြားနဲ့ ရောင်းမှာသေချာတယ်၊ ကဲကွာ အခု ငါတို့နှစ်ယောက်ပဲ ကျန်တော့တယ်၊ မနက်ဖြန်ကျရင်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဘယ်လိုလုပ်ကြမလဲ”

'“ဒါအတွက်ကတော့ ကျွန်တော့်တာဝန်သာ ထား လိုက်”လို့ ကျွန်တော်က ပြန်ပြောတယ်၊ “အားလုံးကို ကျွန်တော် တာဝန်ယူပြီး လုပ်သွားမယ်”

'ကျွန်တော်တို့ ဂရေစီယာအလောင်းကို မြေမြှုပ် လိုက်တယ်၊ ကျွန်တော်တို့ စခန်းချနေတဲ့နေရာနဲ့ ခြေလှမ်း နှစ်ရာအကွာလောက်မှာ တဲတစ်လုံးထိုးပြီး စခန်းသစ်ချ ကြတယ်၊ နောက်တစ်နေ့မှာ ကာမင်းနဲ့ သူ့အင်္ဂလိပ် အမျိုးသားဟာ လားထိန်းနှစ်ယောက် အစေခံတစ်ယောက်နဲ့ အတူ ရောက်လာကြတယ်၊ ကျွန်တော်က ဒန်ကေရီကို ကြိုပြီး ပြောတယ်။

'“ကျွန်တော်က အင်္ဂလိပ်ကောင်ကို ကိုင်မယ်၊ ခင်ဗျားက ကျန်တဲ့ကောင်တွေကို ခြောက်ထုတ်လိုက်၊ အဲဒီကောင်တွေမှာ လက်နက်မပါဘူး”

'အင်္ဂလိပ်က တော်တော် သတ္တိကောင်းတဲ့ လူတစ် ယောက်ပဲ၊ တကယ်လို့သာ ကာမင်းကသာ သူ့လက်ကို ဆောင့်မဆွဲလိုက်ရင် ကျွန်တော်သေမှာ၊ အတိုချုပ်ပြောရမယ် ဆိုရင် အဲဒီနေ့ကပဲ ကျွန်တော် ကာမင်းကို အနိုင်ရတယ်၊ ပထမဆုံး ကျွန်တော် သူ့ကို ပြောတဲ့စကားကတော့ သူ မုဆိုးမဖြစ်သွားပြီဆိုတဲ့ အကြောင်းပဲ၊ ဘယ်လိုဖြစ်ပျက်သွား ခဲ့တယ်ဆိုတာကိုလည်း သူသိရော ကျွန်တော့်ကို ပြောတယ်။

'“ဂရေစီယာလက်ချက်နဲ့ ရှင်သေသင့်တာ၊ ရှင်တို့ နာဗာရီတိုက်ကွက်က ရယ်စရာ ကောင်းပါတယ်၊ ဂရေစီ ယာဟာ ရှင့်ထက် အများကြီး တိုက်ရည်ခိုက်ရည် ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေကိုတောင်အနိုင်ယူပြီး သတ်ခဲ့တဲ့လူ၊ ဒါပေမဲ့ သူ့အချိန်ကျလာလို့ ခံသွားရတာ၊ ရှင့်အချိန်လည်း မကြာခင် ရောက်လာမှာပါ"

""ဒါပေါ့ ငါတင်မဟုတ်ဘူး၊ မင်းအချိန်လည်း ကျလာမှာပဲ"လို့ ကျွန်တော်က ပြန်ပြောတယ်၊ "တကယ်လို့ မင်းငါ့အပေါ် သစ္စာမဲ့တဲ့မယားဆိုရင် အကြောင်းသိရမှာပေါ့"

'ကာမင်းဟာ စိတ်ရှုပ်စရာတစ်ခု စိတ်ထဲမှာရှိနေရင် လက်ခတ်တူရိယာလေးကို လက်နဲ့ ခတ်နေလေ့ရှိတယ်၊ အခုလည်း သူ့ဝသီအတိုင်း လက်ခတ်တူရိယာကလေးကို ခတ်နေတယ်။

'လူတစ်ယောက်ဟာ ကိုယ့်အကြောင်းကို ပြောနေတဲ့အခါမှာ သူ့ကိုယ်သူ ဘာပြောလို့ ပြောမိမှန်း မသိလောက်အောင် မေ့နေတတ်ပါတယ်၊ ကျွန်တော်က ကိုယ့်အဖြစ်အပျက်ကို ပြောပြတဲ့နေရာမှာ သိပ်ပြီး အသေးစိတ်လွန်းတော့ ဆီညော် ပျင်းများပျင်းနေမလား၊ ဒါပေမဲ့ သိပ်မကြာတော့ပါဘူး၊ ကျွန်တော့်ဇာတ်လမ်းက ဆုံးတော့မှာပါ။

'ကျွန်တော်တို့ဟာ တည်ဆောက်ပြီးသား ဘာဝခရီးလမ်းပေါ်မှာ နောက်ထပ် အချိန်အတော်ကြာကြာ ဆက်လျှောက်ခဲ့ကြပါတယ်၊ ဒန်ကေရီနဲ့ ကျွန်တော်တို့ဟာ မူလကရှိခဲ့တဲ့ အဖွဲ့ဝင်တွေထက် ပိုပြီး ယုံကြည်စိတ်ချရတဲ့ လူတွေ ထပ်ရှာပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့ခဲ့ကြပါတယ်၊ အလုပ်ကတော့ မှောင်ခိုလုပ်ငန်းပါပဲ၊ အမှန်အတိုင်း ဝန်ခံရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ တစ်ခါတစ်ရံ ကျွန်တော်တို့ဟာ ခရီးသွားတွေကို ဓားပြတိုက်ကြပါတယ်၊ ဒါပေမဲ့ ဒီအလုပ်ကိုတော့ ဘာမှ လုပ်စရာမရှိတဲ့အဆုံးကျမှ ထထလုပ်ကြတာပါ၊ ဒီအလုပ်ကို လုပ်ပေမဲ့ ခရီးသွားတွေကို ဘယ်တော့မှ သတ်လား၊ ဖြတ်လား၊ နှိပ်စက်လား မလုပ်ပါဘူး၊ သူတို့မှာ ပါလာတဲ့ ငွေကိုသာယူကြပါတယ်။

'လအနည်းငယ်ကြာလောက်တော့ ကာမင်းနဲ့ ကျွန်တော် အဆင်ပြေပါတယ်၊ သူ့အနေအထိုင်အပေါ်မှာ ကျွန်တော် ကျေနပ်ပါတယ်၊ သူကလည်း ကျွန်တော်တို့ လုပ်ငန်းအတွက် လိုအပ်သလို ကူညီပါတယ်၊ အထူးသဖြင့်တော့ သတင်းပေးတဲ့ အလုပ်ပါ၊ သူဟာ မာလာဂါ၊ ကော်ဒိုဗား၊ ဂရင်နဒါဆိုတဲ့ မြို့တွေမှာ တစ်လှည့်စီ ပြောင်းပြောင်းပြီး နေပါတယ်၊ ဒါပေမဲ့ ကျွန်တော်က သူနဲ့ တွေ့ချင်တယ်လို့ မှာလိုက်ရင် ချက်ချင်းရောက်လာ တတ်ပါတယ်၊ တစ်ခါတစ်ရံ ကျွန်တော်တည်းနေတဲ့ ထမင်းဆိုင်မှာ ဆုံကြပါတယ်၊ တစ်ခါတလေကျတော့ တောထဲက စခန်းမှာ တွေ့ကြတာပါ။

'တစ်ကြိမ်မှာတော့ဖြင့် သူဟာ ကျွန်တော့်ကို အတော်ကလေး သောကရောက်အောင် လုပ်ခဲ့ပါတယ်၊ ဖြစ်တာက မာလာဂါမြို့မှာပါ၊ ကာမင်းဟာ အလွန်ချမ်းသာတဲ့ ကုန်သည်ကြီးတစ်ယောက်ကို မျက်စိကျနေတယ်လို့ ကျွန်တော် ကြားရပါတယ်၊ သူ့အကြံအစည်က ဂျီဘရော်တာမှာ နေတုန်းက ဟိုအင်္ဂလိပ်တစ်ယောက်ကို လုပ်သလို လုပ်ဖို့ပါ၊ ဒန်ကေရီက ဒီကိစ္စကို သဘောမတူပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အချိန်မီ ကာမင်းကိုတားဖို့ ကျွန်တော့်ကို ပြောပါတယ်။

'ကျွန်တော် စခန်းကထွက်ခဲ့ပြီး မာလာဂါမြို့ထဲကို နေ့ခင်းကြီး ကြောင်တောင်မှာပဲ ဝင်လာခဲ့ပါတယ်၊ ကျွန်တော် ကာမင်းကို လိုက်ရှာပြီး ချက်ချင်းပြန်ခေါ်လာခဲ့ပါတယ်၊ သူက မကျေနပ်ဘူး၊ ကျွန်တော်တို့ နှစ်ယောက် အကြီးအကျယ် ရန်ဖြစ်ကြပါတယ်။

'"ရှင်သိတဲ့အတိုင်းပဲ" လို့ ကာမင်းက ပြောတယ်၊ "ကျွန်မရဲ့လင်ဖြစ်လာတဲ့ အချိန်ကစပြီး ကျွန်မရှင့်ကို ရည်းစားဘဝတုန်းကလောက် မချစ်တော့ဘူး၊ ကျွန်မ ရှင်နှောင့်ယှက်တာကို မခံနိုင်ဘူး၊ ကိုယ်ကြိုက်တာပဲ ကိုယ်လုပ်ချင်တယ်၊ ကျွန်မလိုချင်တာက လွတ်လွတ်လပ်လပ် နေခွင့်ရဖို့နဲ့ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရဖို့ပဲ၊ ကျွန်မကို သိပ်ပြီး ထိန်းချုပ်ထားတာ ကျွန်မမကြိုက်ဘူး၊ ရှင်ကျွန်မကို အခုလိုပဲ နှောင့်ယှက်နေမယ်ဆိုရင် ရှင်က ဂရေစီယာကို လုပ်ခဲ့သလို ရှင့်ကို လုပ်ပစ်နိုင်မယ့် လူတစ်ယောက် ကျွန်မ ထပ်ရှာရလိမ့်မယ်"

'ဒန်ကေရီက ကျွန်တော်တို့နှစ်ဦးကို ငြိမ်းချမ်းရေး ရအောင်စေ့စပ်ပေးပါတယ်၊ ဒါပေမဲ့ နှစ်ဦးစလုံး ကိုယ့်နှလုံးသားတွေထဲမှာ ငြိတွယ်ကပ်ငြိနေတဲ့ ခံပြင်းချက်တွေနဲ့ နာကြည်းချက်တွေကို ထုတ်ဖော်ပြီး ပြောခဲ့မိကြပါပြီ၊ အရင်က အခြေအနေမျိုး ပြန်ဖြစ်လာဖို့ဆိုတာ မလွယ်တော့ပါဘူး။

'ဒီကိစ္စဖြစ်ပြီး မကြာခင်မှာပဲ ကံကြမ္မာဆိုးတစ်ခု ကျရောက်လာပြန်ပါတယ်၊ စစ်သားတချို့ရဲ့ အလစ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်မှုကို ကျွန်တော်တို့ခံကြရပါတယ်၊ ဒန်ကေရီနဲ့ အဖွဲ့ဝင်နှစ်ယောက် ကျသွားခဲ့ပါတယ်၊ နှစ်ယောက်ကိုတော့ ဖမ်းမိသွားပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဒဏ်ရာအပြင်းအထန် ရခဲ့ပါတယ်၊ တကယ်လို့ ကျွန်တော့်မြင်းသာ မကောင်းခဲ့ရင် စစ်သားတွေလက်ထဲ ကျွန်တော်ပါသွားမှာပါ။

'ကိုယ်ခန္ဓာထဲမှာ ကျည်ဆန်တစ်တောင့်ဝင်နေတဲ့ ကျွန်တော်ဟာ ပင်ပန်းကြီးစွာနဲ့ တောထဲကို ဝင်ခဲ့ရပါတယ်၊ ကျွန်တော့်မှာ အဖော်ဆိုလို့ တပည့်တစ်ယောက်ပဲ ကျန်ပါတော့တယ်၊ ကျွန်တော် မြင်းပေါ်ကဆင်းလိုက်တော့ သတိလစ်သွားတယ်၊ သေနတ်ဒဏ်ရာတွေ အများကြီးရလာတဲ့ ယုန်တစ်ကောင် ချုံတွေထဲဝင်ပြီး သေသလို သေရတော့မှာပဲလို့ ကိုယ့်ကိုယ်ကို ထင်မိပါတယ်။

'ကျွန်တော့် တပည့်ရဲဘော်က ကျွန်တော့်ကိုထမ်းပြီး ကျွန်တော်တို့ လူစုပုန်းအောင်းနေကျ ဂူကြီးတစ်ခုဆီ ပို့ပေးတယ်၊ ပြီးတော့ သူက ကာမင်းကိုခေါ်ဖို့ ထွက်သွားခဲ့ပါတယ်၊ ကာမင်းက ဂရင်နဒါမြို့မှာပါ၊ သူ ချက်ချင်းပဲ လိုက်လာတယ်၊ သူဟာ ဆယ့်လေးရက်လုံးလုံး ကျွန်တော့်အနားက တစ်စက္ကန့် တစ်မိနစ်တောင် မခွာဘဲ ပြုစုစောင့်ရှောက်ခဲ့ပါတယ်၊ တစ်မှေးကလေးမှ အိပ်တာတောင် မတွေ့ခဲ့ရပါဘူး၊ တော်ရုံတန်ရုံ မိန်းမတစ်ယောက် မထားနိုင်တဲ့ ချစ်ခင်ကြင်နာမှုမျိုးနဲ့ တယုတယ အစွမ်းကုန် ပြုစုသွားတာပါ။

'ကျွန်တော် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ထူထူထောင်ထောင် ဖြစ်တာနဲ့ တစ်ပြိုင်နက် ကာမင်းက ကျွန်တော့်ကို ဂရင်နဒါမြို့ပေါ် ခေါ်သွားပြီး အလုံခြုံဆုံး တစ်နေရာမှာ ထားပါတယ်၊ ဂျစ်ပစီမတွေဟာ ဘယ်နေရာရောက်ရောက် ရောက်လေရာရာမှာ လုံခြုံတဲ့ ပုန်းစရာနေရာ တစ်နေရာတော့ ရအောင်ရှာနိုင်ကြပါတယ်၊ အခုလည်း ကျွန်တော်ပုန်းနေတဲ့ နေရာဟာ ကျွန်တော့်ကို ဖမ်းဖို့ ဝရမ်းထုတ်ပေးခဲ့တဲ့ တရားသူကြီးအိမ်နဲ့ နှစ်အိမ်ပဲ ခြားပါတယ်၊ ကျွန်တော် အဲဒီအိမ်မှာ တနင်္ဂနွေ ခြောက်ပတ် ကျော်ကျော် ကြာခဲ့ပါတယ်။

'ကျွန်တော်ဟာ ကျွန်တော်ပုန်းနေတဲ့ အိမ်ရဲ့ တရုတ်ကတ်ကြားကနေပြီး တရားသူကြီးအိမ်က ထွက်ထွက် သွားတာကို တစ်ကြိမ်မက ချောင်းကြည့်ခဲ့ဖူးပါတယ်၊ နောက်ဆုံးမှာ ကျွန်တော်ဟာ ပြန်ပြီး ကျန်းမာပါတယ်၊ ဒါပေမဲ့ ဝေဒနာဖိစီးလို့ အိပ်ရာပေါ်မှာ နေခဲ့ရတဲ့ အချိန် ကာလတစ်လျှောက်လုံး လုပ်စရာ ဘာမှမရှိတော့ အတွေး နဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်၊ ကျန်းမာလာတဲ့အချိန်မှာ ကျွန်တော်ဟာ တွေးသင့်တွေးထိုက်တာမှန်သမျှ အများကြီး တွေးခဲ့ပြီးပါပြီ၊ ဘဝသစ်တစ်ခု တည်ဆောက်ဖို့ကျွန်တော် ရည်ရွယ်မိပါတယ်၊ ဒီအကြောင်း ကာမင်းကို ကျွန်တော် ဖွင့်ပြောပါတယ်၊ ကျွန်တော် စပိန်နိုင်ငံက အပြီးအပိုင် ထွက်သွားပြီး ကမ္ဘာသစ်မှာ သွားနေဖို့နဲ့ ဟိုရောက်ရင် ရိုးရိုးသားသား လုပ်ကိုင်စားသောက်သွားဖို့ စိတ်ကူးထား ကြောင်း ပြောပြပါတယ်၊ ကျွန်တော့်စကားကြားတော့ ကာမင်း ရယ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'"ကျွန်မတို့ဟာ ဂေါ်ဖီထုပ်စိုက်စားဖို့ မွေးလာကြတာ မဟုတ်ဘူး"လို့ သူက ပြောပါတယ်၊ "ရှင်နဲ့ ကျွန်မတို့ရဲ့ ကံကြမ္မာကိုက ဒုစရိုက်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုဖို့ ဖန်တီးလာတာပါ၊ အခုဆိုရင် ကျွန်မ ဂျီဘရော်တာက နသန်ဘင်ဂျိုးဆက်နဲ့ အပေးအယူတစ်ခု လုပ်ထားပြီးနေပြီ၊ သူ့ရဲ့ ဝါဂွမ်းထုပ်တွေကို မှောင်ခိုသယ်ပို့ပေးဖို့ ရှင့်ကို စောင့်နေတယ်၊ ရှင်မသေဘူးဆိုတာ သိနေတော့ ရှင့်ကို ဒီအလုပ်ပေးဖို့ ကြိုတင်ပြီး စီစဉ်ထားတာ၊ တကယ်လို့ ရှင်က ဒီအလုပ်ကို မလုပ်နိုင်ဘူးလို့ ပြောလိုက်ရင် ဂျီဘရော်တာမှာ ရှိနေကြတဲ့ ကျွန်မတို့ လုပ်ဖော်ကိုင်ဖက်တွေက ဘာပြောကြမလဲ"

'ကျွန်တော်ဟာ သူ့ရဲ့ သွေးဆောင်မှုကို လိုက်နာခဲ့ပြန်ပါတယ်၊ ဒီလိုနဲ့ပဲ လုပ်လက်စရှိနေပြီးဖြစ်တဲ့ ဆိုးယုတ်တဲ့အလုပ်ကို ပြန်ပြီးလုပ်ခဲ့ပါတယ်။

'ကျွန်တော် ဂရင်နဒါမြို့ထဲမှာ ပုန်းနေခဲ့စဉ်က ကာမင်းဟာ နွားဇော့ပွဲကို မကြာခဏ သွားကြည့်လေ့ရှိပါတယ်၊ နွားဇော့ပွဲက ပြန်လာပြီဆိုရင် သူဟာ နွားရိုင်းတိုက်သမား လူးကပ်စ်အကြောင်းကို သိပ်ပြောပါတယ်၊ လူးကပ်စ် အင်မတန်တော်တဲ့အကြောင်း၊ နွားရိုင်းနဲ့တိုက်တဲ့နေရာမှာ အလွန်ကျွမ်းကျင်ကြောင်း တခမ်းတနား ချီးမွမ်းလေ့ ရှိပါတယ်။

'ကာမင်းဟာ လူးကပ်စ် နွားရိုင်းနဲ့ တိုက်တဲ့အခါမှာ စီးလေ့ရှိတဲ့ မြင်းရဲ့ နာမည်ကိုလည်း သိတယ်၊ အဖိုးတန် ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့ လူး



www.burmeseclassic.com

www.burmeseclassic.com



ကပ်စ်ရဲ့ ဂျက်ကက်အင်္ကျီ ဘယ်လောက်တန်တယ်ဆိုတာက အစ သူသိနေပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ အမှုမဲ့ အမှတ်မဲ့ပဲ၊ သူပြောတာတွေကို သိပ်ပြီး ဂရုမစိုက်ခဲ့ဘူး။

'နောက် ရက်အနည်းငယ်လောက် ကြာတော့ စစ်သားတွေနဲ့ တိုက်ပွဲဖြစ်တုန်းက တစ်ဦးတည်းကျန်ခဲ့တဲ့ တပည့် ဂျူအန်နီတိုက ဇာစေတင်မြို့ထဲက ဆိုင်တစ်ဆိုင်မှာ ကာမင်းနဲ့ လူးကပ်စ်တို့ကို သူတွေ့ခဲ့တယ်လို့ ပြောပါတယ်၊ ဒီသတင်းရတော့ ကျွန်တော်ကာမင်းအတွက် သောကဝင်လာရပြန်တယ်၊ ကျွန်တော်က ကာမင်းကို မေးတယ်၊ နွားရိုင်းတိုက်သမား လူးကပ်စ်နဲ့ ဘယ်တုန်းကစပြီး ဘယ်နည်းဘယ်ပုံ မိတ်ဆွေဖြစ်သွားကြတာလဲလို့။

'"ဒီလူဟာ ကျွန်မတို့နဲ့ အလုပ်တွဲလုပ်နိုင်မယ့် လူတစ်ယောက်ပါ"လို့ ကာမင်းက ဆိုတယ်၊ "အသံသိပ်မြည်တဲ့ မြစ်တစ်ခုမှာ ရေရင်လည်း ရှိရမယ်၊ ဒါမှမဟုတ် ကျောက်စရစ်ခဲတွေရင်လည်း ပေါ်ရမယ်ဆိုတဲ့ ကျွန်မတို့ ဂျစ်ပစီစကားပုံရှိတယ် မဟုတ်လား၊ ဒီလူ့မှာ နွားရိုင်းတိုက်ပွဲက ရထားတဲ့ငွေနဲ့ အများကြီးကို ချမ်းသာနေတာ၊ သူနဲ့ပတ်သက်ပြီး ကျွန်မတို့ဘက်က အကျိုးအမြတ်နှစ်မျိုး ရနိုင်တယ်၊ ဒါမှမဟုတ်ရင် သူဟာ မြင်းစီးသိပ်တော်ပြီး သတ္တိလည်း ကောင်းတဲ့လူဆိုတော့ ကျွန်မတို့ အဖွဲ့သားတစ်ယောက် ဖြစ်လာအောင် သိမ်းသွင်းယူနိုင်တယ်၊ ကျွန်မတို့မှာ အဖွဲ့ဝင်ကောင်းတွေ မရှိတော့ဘူး မဟုတ်လား၊ ကျွန်မတို့ လူစားထိုးနိုင်တာပေါ့၊ သူ့ကို ရှင်နဲ့တွဲလုပ်နိုင်အောင် ရှင့်အဖွဲ့သားတစ်ယောက်အဖြစ် လက်ခံလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'"ငါ သူ့ငွေကိုလည်း မလိုချင်ဘူး၊ လူကိုလည်း မသုံးချင်ဘူး"လို့ ကျွန်တော်က ပြန်ပြောတယ်၊ "မင်းကိုလည်း သူနဲ့ နောက်ထပ် အဆက်အဆံမလုပ်ဖို့ ငါတားတယ်"

'"ရှင်လည်း သတိထား"လို့ သူကလည်း ပြန်ပြောတယ်၊ "ဒီဟာဒီဟာကို မလုပ်ရဘူးလို့ ကျွန်မကို တစ်စုံတစ်ယောက်က တားမြစ်ပိတ်ပင်ရင် ကျွန်မက မပျက်မကွက် လုပ်ပြီသာ မှတ်လိုက်"

'ကံအားလျော်စွာပဲ နွားရိုင်းတိုက်သမား လူးကပ်စ်ဟာ မာလာဂါက ထွက်သွားတယ်၊ ကျွန်တော်က ကာမင်း အဆက်အသွယ်လုပ်ထားတဲ့ ဂျူးရဲ့ ဝါးဂွမ်းထုပ်တွေကို ပို့ပေးဖို့ ခရီးထွက်ခဲ့ရတယ်၊ လမ်းခရီးမှာ ကျွန်တော့်အတွက် လုပ်စရာအလုပ်တွေက အများကြီးပဲ၊ ကာမင်းမှာလည်း လုပ်စရာတွေက အများကြီးပဲ၊ ကျွန်တော် လူးကပ်စ်ကို မေ့သွားတယ်၊ ကာမင်းကလည်း လူးကပ်စ်ကိုမေ့သွားဟန် တူပါရဲ့ အနည်းဆုံး အခိုက်အတန့်တော့ မေ့နေပုံပါပဲ။

'အဲဒီအချိန်လောက်မှာပဲ ကျွန်တော်ဟာ ဆီညော်နဲ့ ဆုံမိခဲ့တာပါ၊ ပထမ မွန်တီလာမြို့နားမှာ နောက်တစ်ကြိမ်ကတော့ ကော်ဒိုဗားမြို့နားမှာ၊ ကျွန်တော်တို့ချင်း နောက်ဆုံးအကြိမ် ဆုံမိခဲ့ကြတဲ့အကြောင်း ကျွန်တော် ဆီညော်ကို မပြောခဲ့ရသေးဘူး၊ အဲဒီကိစ္စကိုတော့ ဆီညော်က ကျွန်တော့်ထက် ပိုပြီးသိချင်သိပါလိမ့်မယ်။ ကာမင်းဟာ ဆီညော်ရဲ့ နာရီကို ခိုးလာခဲ့တယ်၊ သူက ဆီညော်ရဲ့ ငွေတွေကိုလည်း လုချင်တယ်၊ ဒါ့အပြင် ကျွန်တော်ကိုယ်တိုင် မြင်ဖူးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆီညော်ရဲ့ လက်က လက်စွပ်ကိုလည်း သူက အပိုင်စီးချင်တယ်၊ လက်စွပ်က ဆေးအတတ်နဲ့ စီရင်ထားတဲ့ လက်စွပ်မို့ သူ့အတွက် သိပ်အရေးကြီးတယ်တဲ့၊ မရရင် မဖြစ် သလောက်ပဲတဲ့။

'ကျွန်တော်တို့နှစ်ယောက် ပြင်းပြင်းထန်ထန် စကား များကြတယ်၊ ကျွန်တော် သူ့မျက်နှာကို တစ်ချက် ရိုက်လိုက်မိတယ်၊ သူ့မျက်နှာဟာ ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်၊ မျက်ရည်တွေ ကျလာတယ်၊ သူငိုတာကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ရခြင်းပါပဲ၊ ကျွန်တော် သိပ်ပြီး စိတ်ထိခိုက်သွားတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ သူ့ကို အနူးအညွတ် တောင်းပန်ပါတယ်၊ တစ်နေ့လုံး သူကျွန်တော့်ကို ခပ်ဖယ်ဖယ် လုပ်နေတယ်၊ ကျွန်တော် မွန်တီလာကို သွားဖို့ ထွက်လာတဲ့အခါမှာလည်း သူကျွန်တော့်ကို နှုတ်ဆက်နေကျ အနမ်းနဲ့ နှုတ်မဆက်ဘူး။

'ကျွန်တော် စိတ်ထိခိုက်ရပါတယ်၊ ဒါပေမဲ့ နောက် သုံးရက်အကြာမှာ သူ ကျွန်တော့်ဆီ ရောက်တယ်၊ ရှင်လို့ မြူးလို့ မိုးစွေငှက်မကလေးတစ်ကောင်လိုပဲ အားလုံးကို မေ့သွားပါပြီ၊ ကျွန်တော်နှစ်ယောက်စလုံး ချစ်စခင်စ သမီးရည်းစား စုံတွဲကျနေတာပဲ၊ ပြန်ခါနီးကျတော့ သူပြောတယ်။

''ကော်ဒိုဗားမှာ ပွဲတော်ရှိတယ်၊ ကျွန်မ သွားကြည့်မလို့၊ ငွေများများနဲ့ လာတဲ့လူတွေကိုရှာပြီး မှတ်ထားမယ်၊ ပြီးတော့ ရှင့်ဆီ လာပြောမယ်''

'ကျွန်တော် သူ့ကိုလွှတ်လိုက်ပါတယ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ကျန်ခဲ့တဲ့ အခါကျတော့ ဒီပွဲတော်အကြောင်းနဲ့ ကာမင်းရဲ့ စိတ်ထား ပြောင်းလွဲသွားပုံတွေကို ကျွန်တော် စဉ်းစားနေမိတယ်၊ သူကစပြီး ငြိမ်းချမ်းရေး လာလုပ်တာ ဆိုတော့ သူ့အနေနဲ့ ကျွန်တော့်ကို လက်စားချေတဲ့ အလုပ်မျိုးတစ်ခုကို သူလုပ်ခဲ့ပြီးပြီလို့ ထင်မိပါတယ်၊ အဲဒီတုန်းမှာပဲ လယ်သမားတစ်ဦးဆီက ကော်ဒိုဗားမှာ နွားရိုင်းတိုက်ပွဲ ကျင်းပနေတယ်ဆိုတဲ့ သတင်းကြားရပါ တယ်။

'ကျွန်တော်ဟာ အရူးတစ်ယောက်လို ချက်ချင်း ဖြစ်သွားပါတယ်၊ ချက်ချင်း ကော်ဒိုဗားကို တက်လာခဲ့ပါ တယ်၊ ဒေါသအရှိန်ကြောင့်တစ်ကိုယ်လုံးဟာ ပူထူနေတာပဲ၊ ကျွန်တော် နွားရိုင်းတိုက်ပွဲကွင်းကို ရောက်သွားပါတယ်၊ လူးကပ်စ်ကို ကျွန်တော် မြင်ရတယ်၊ ပွဲကြည့်စင်ရှေ့ဆုံးတန်း နဲ့ ကပ်လျက်က ခုံရှည်ပေါ်မှာ အစွင့်သားထိုင်နေတာ ကတော့ ကာမင်းပေါ့။

'ကျွန်တော်ထင်ထားတဲ့ အတိုင်းပါပဲ၊ ပထမဆုံး သူတိုက်ရမယ့် နွားရိုင်းတိုက်ပွဲအတွက် လူးကပ်စ်က ကာမင်းကိုပဲ ဂုဏ်ပြုပါတယ်၊ သူဟာ နွားရိုင်းမှာ ချည် ထားတဲ့ ပိုးကြိုးအထုံးကလေးကို ဖြုတ်ပြီး ကာမင်းကို သွားပေးတယ်၊ ကာမင်းကလည်း ချက်ချင်းပဲ သူ့ဆံပင်မှာ ထိုးထားလိုက်ပါတယ်၊ အဲဒီနောက်တော့ ကျွန်တော့် ကိုယ်စား နွားရိုင်းက လက်စားချေပေးတဲ့ အဖြစ်မျိုး ရောက်လာပါတယ်၊ နွားရိုင်းရဲ့ချိုဟာ လူးကပ်စ်ရဲ့ မြင်း ရင်ဘတ်ကို စူးဝင်သွားတယ်၊ လူးကပ်စ်ဟာ မြင်းပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းပြန်ပြီး ကျသွားတယ်၊ နွားရိုင်းက မြင်းကိုရောလူးကပ်စ်ကိုပါ တရကြမ်း ဝေ့တော့တာပဲ။

'ကျွန်တော်က ကာမင်းထိုင်နေတဲ့ဘက်ကို လှမ်းကြည့်လိုက်တော့ ကာမင်းဟာ သူ့နေရာမှာ မရှိတော့ဘူး၊ ဘယ်အချိန်က ထွက်သွားမှန်း မသိဘူး၊ ကျွန်တော်ဟာ ထလိုက်သွားချင်ပေမဲ့ ထွက်လို့က မလွယ်ဘူး၊ ဒါကြောင့် နွားရိုင်းတိုက်ပွဲတွေ ပြီးတဲ့အထိ စောင့်နေရပါတယ်၊ အဲဒီနောက်တော့ ကျွန်တော် အိမ်ကို ပြန်ခဲ့တယ်၊ တစ်ညနေခင်းလုံး တစ်ညလုံးလိုလိုပဲ စောင့်တယ်၊ သူပေါ်မလာဘူး၊ မနက် နှစ်နာရီထိုးလောက်ကျတော့ သူရောက်လာတယ်၊ ကျွန်တော် မအိပ်သေးဘဲ ထိုင်စောင့်နေတာ တွေ့တော့ သူအံ့အားသင့်နေတယ်။

'"မင်း... ငါနဲ့လိုက်ခဲ့စမ်း" လို့ ကျွန်တော်က ပြောတယ်။

'အဲဒီတော့ သူက "လာလေ သွားကြတာပေါ့" တဲ့။

'ကျွန်တော်က ကျွန်တော့်မြင်းကို သွားဆွဲပြီး သူ့ ကို နောက်က ထိုင်ခိုင်းတယ်၊ မြင်းပေါ်မှာ နှစ်ယောက်တည်း ရှေ့နောက် အတူတူတွဲထိုင်ပြီး ညဉ့်ဝက်နီးပါးလောက် ခရီးနှင်ခဲ့ကြရပေမဲ့ တစ်ယောက်ကိုတစ်ယောက် စကားတစ်လုံးမှ မပြောကြဘူး၊ မိုးလင်းတော့ ရသေ့ကျောင်းတစ်ကျောင်းနဲ့ မနီးမဝေးမှာရှိတဲ့ ထမင်းဆိုင်လေးတစ်ဆိုင်ကို ရောက်သွားတယ်၊ အင်မတန် အထီးကျန်နိုင်တဲ့ ဆိုင်ကလေးပါ၊ အဲဒီဆိုင်ရောက်တော့ ကျွန်တော်က ကာမင်းကို ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'"ကိုယ်ပြောတာ သေသေချာချာ နားထောင်ပါ ကာမင်း၊ ဖြစ်ပြီးခဲ့သမျှ အရာရာတိုင်းကို ကိုယ်မေ့ပစ်လိုက်ပါ့မယ်၊ ဒီအကြောင်းကို နောက်ထပ် ဘယ်တော့မှ မပြောတော့ပါဘူး၊ ဒါပေမဲ့ မင်းဘက်က တစ်ခုတော့ကိုယ့်ကို ကတိပေးစေချင်တယ်၊ တခြားကတိ မဟုတ်ပါဘူး၊ မင်းကိုယ်နဲ့ အတူတူ အမေရိကန်ကို လိုက်နေပြီး ဟိုကျရင် ကောင်းကောင်းမွန်မွန် နေပါတော့မယ်ဆိုတဲ့ ကတိပါ"

'"မပေးနိုင်ဘူး" လို့ ကာမင်း မျက်နှာထား သုန်သုန်မှုန်မှုန် လေသံက ခပ်မာမာနဲ့ပြောပါတယ်၊ "ကျွန်မ အမေရိကန်ကို မလိုက်ချင်ဘူး၊ ဒီမှာနေရတာပဲ ပျော်တယ်"

'"ဒါကတော့ အခုလောလောဆယ် မင်းက လူးကပ်စ်နဲ့ နီးနီးနေရလို့ ဖြစ်မှာပါ၊ ဒါပေမဲ့ မင်းသိထားရမှာက လူးကပ်စ်ပြန်ပြီး ကျန်းမာလာတဲ့အခါမှာ သူ့အရိုးတွေဟာ အရင်ကလို ကောင်းမှာမဟုတ်တော့ဘူး၊ အေးလေ ဒါကတော့ ထားလိုက်ပါတော့၊ အခုကိစ္စမှာ ငါက လူးကပ်စ်ကို ဘာကြောင့် အပြစ်တင်ရမလဲ၊ မင်းချစ်သူတွေကို သတ်ရတဲ့ အလုပ်အပေါ်မှာလည်း ငါ သိပ်ငြီးငွေ့သွားပြီ၊ နောက်တစ်ခါဆိုရင်တော့ ငါမင်းကိုပဲ သတ်ရတော့မှာပဲ"

'သူဟာ ကျွန်တော့်ကို အလွန်စက်ဆုပ်မုန်းတီးတဲ့ မျက်နှာထားနဲ့ စိုက်ကြည့်နေတယ်။

'"ရှင် ကျွန်မကို သတ်လိမ့်မယ်ဆိုတာကို ကျွန်မ အမြဲတမ်း တွေးမိတယ်၊ ကျွန်မ ရှင့်ကို စပြီးတွေ့တဲ့နေ့က ကျွန်မရဲ့ အိမ်တံခါးဝမှာ ဘုန်းကြီးတစ်ပါးနဲ့ တွေ့ခဲ့တယ်၊ ပြီးတော့မနေ့ညက ရှင်နဲ့ကျွန်မ ကော်ဒိုဗားက ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှင်ထူးခြားတာတစ်ခု သတိထားမိခဲ့သလား၊ ရှင့်မြင်းရဲ့ ခွာတွေကြားက ယုန်တစ်ကောင် ဖြတ်ပြေးခဲ့ တယ်လေ၊ ဒါဟာ ထင်ရှားတဲ့ နိမိတ်တွေပဲ”

“‘ကာမင်းဆီတာရယ် မင်းအစ်ကို့ကို မချစ်တော့ဘူးလား”လို့ ကျွန်တော်က မေးတယ်။

“‘သူက အဖြေမပေးဘူး၊ သူဟာ ဝ ဖျာတစ်ချပ်ပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး ကြမ်းပေါ်မှာ လက်ညှိုးနဲ့ မျဉ်းကြောင်းတွေ ဆွဲနေတယ်။

“‘ကိုယ်တို့နှစ်ယောက် ဘဝသစ်တစ်ခု တည်ဆောက်ကြရအောင်ပါ ကာမင်းရယ်”လို့ ကျွန်တော်က ခခယယ တောင်းပန်စကား ပြောမိပါတယ်၊ “ကိုယ်တို့နှစ်ယောက် ဒီနိုင်ငံက ဝေးရာကို ထွက်သွားပြီး ဘယ်တော့မှ လူချင်းမခွဲမခွာနေရမယ့် နေရာတစ်နေရာမှာ နေကြပါစို့ကွယ်၊ ဒီနေရာနဲ့ သိပ်မဝေးတဲ့နေရာက ဝက်သစ်ချပင်တစ်ပင်အောက်မှာ ရွှေအောင်စ တစ်ရာ့နှစ်ဆယ် မြှုပ်ထားတာမင်းလည်းသိသားပဲ မဟုတ်လား၊ ပြီးတော့ ဟိုဂျူးကုန်သည် ဘင်ဂျိုးဆက်ဆီမှာလည်း ကိုယ်တို့အတွက် ရစရာငွေ ရှိသေးတယ်လေ”

‘ကာမင်းက ပြုံးပါတယ်။

“‘ပထမဆုံး ကျွန်မ၊ နောက်ပြီးတော့ ရှင်ပေါ့၊ ဘယ်လိုဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်မ သိထားပါတယ်”

“‘ထပ်ပြီး စဉ်းစားပါဦး အချစ်ရယ်”လို့ ကျွန်တော် က ဆက်ပြောတယ်၊ “ကိုယ့်မှာ သည်းခံနိုင်တဲ့ စိတ်နဲ့ သတ္တိဟာ ကုန်သလောက် ဖြစ်နေပါပြီ၊ မင်းစိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား ဆုံးဖြတ်ပါတော့၊ မင်းက မဆုံးဖြတ်ရင် ကိုယ့်ဘက်က ဆုံးဖြတ်ရပါတော့မယ်”

‘ကျွန်တော် သူ့ကို ထမင်းဆိုင်မှာ ထားခဲ့ပြီး ရသေ့ကျောင်းဘက်ကို ထွက်ခဲ့ပါတယ်၊ ကျောင်းထိုင်ရသေ့ဟာ ဘုရားရှိခိုးနေပါတယ်၊ ကျွန်တော်ဟာ သူဘုရားရှိခိုးပြီးတဲ့အထိ စိတ်ရှည်ရှည်နဲ့ စောင့်နေပါတယ်၊ ကျွန်တော်ကိုယ်တိုင် ဘုရားဝတ်ပြုချင်စိတ် ပေါ်နေပါတယ်၊ ဒါပေမဲ့ ဝတ်မပြုနိုင်ပါဘူး၊ ရသေ့ဘုရားရှိခိုးပြီး ထရပ်လိုက်တဲ့အခါမှာ ကျွန်တော်သူ့ဆီကို လျှောက်သွားပါတယ်။

‘“အရှင်ဘုရား အင်မတန်ကြီးမားတဲ့ ဘေးအန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်နေရတဲ့ လူတစ်ဦးအတွက် ဆုတောင်းပေးနိုင်ပါသလား”လို့ ကျွန်တော်က လျှောက်ပါတယ်။

‘“ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ဖြစ်နေသူအားလုံးအတွက် ငါဆုတောင်းပေးနေပါတယ်”လို့ ရသေ့က ပြန်ပြောပါတယ်။

‘“ဖန်ဆင်းသူရဲ့ ရှေ့တော်မှောက်ကို ရောက်လုဆဲဆဲဖြစ်နေတဲ့ ဝိညာဉ်တစ်ခုအတွက်ကော ဆုတောင်းပေးနိုင်ပါ့မလား ဘုရား”

‘“ပေးနိုင်ပါတယ် ဒကာလေး”လို့ ရသေ့က ဖြေပါတယ်၊ သူဟာ ကျွန်တော့်ကို တည်ငြိမ်လေးနက်တဲ့ မျက်နှာထားနဲ့ စူးစူးစိုက်စိုက် ကြည့်နေပါတယ်၊ ကျွန်တော်ရဲ့ ထူးခြားတဲ့ အပြုအမူတွေကို သတိထားမိတဲ့အခါမှာ သူဟာ ကျွန်တော်ဆီက စကားနှိုက်ဖို့ အားထုတ်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'"ကျုပ် တကာလေးကို မြင်ဖူးတွေ့ဖူးသလိုပဲ"တဲ့။

'ကျွန်တော်က သူ့ရှေ့က ခုံကလေးပေါ်ကို ပီယက်စတာတစ်ပြား တင်ပေးလိုက်ပါတယ်။

'"ဘယ်အချိန်မှာ ဆုတောင်းပေးမှာလည်း ဘုရား" လို့ ကျွန်တော်က လျှောက်တယ်။

'"နောက်နာရီဝက်လောက် အကြာမှာ ဆုတောင်းပေးမယ်၊ ထမင်းဆိုင်ရှင်ရဲ့ သားလာပြီး ဆွမ်းကပ်လိမ့်ဦးမယ်၊ ကျုပ်ကို ပြောပြနိုင်ရင် ပြောစေချင်ပါတယ်၊ တကာလေးရဲ့ စိတ်ထဲမှာ ဆင်းရဲဒုက္ခကြီးစွာ ရောက်နေတဲ့ ပြဿနာ တစ်ခု ရှိတယ်မဟုတ်လား၊ တကာလေး ခရစ်ယာန်ဘာသာ အယူဝါဒရဲ့ ဆိုဆုံးမမှုကို နာယူချင်စိတ် ရှိပါသလား"

'ကျွန်တော်ရဲ့ မျက်လုံးတွေမှာ မျက်ရည်တွေ စို့ လာပါတယ်၊ "တပည့်တော် အခုပဲ ပြန်လာခဲ့ပါမယ် ဘုရား"လို့ လျှောက်ပြီး ကျွန်တော် ထွက်လာခဲ့ပါတယ်၊ ကျွန်တော် တစ်နေရာကိုသွားပြီး မြက်ခင်းပြင်ပေါ်မှာ လှဲနေပါတယ်၊ တောရကျောင်းဘက်က ခေါင်းလောင်းသံ ကြားမှပဲ လှဲနေရာကထပြီး ကျောင်းဘက်ကို လျှောက်လာခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ကျောင်းထဲကို မဝင်ဘူး၊ အပြင်မှာပဲ ရပ်နေတယ်။

'ဆုတောင်းပွဲ ပြီးသွားတဲ့အခါ ကျွန်တော် ထမင်းဆိုင်ဘက်ကို ပြန်လာခဲ့ပါတယ်၊ ကျွန်တော်မရှိခိုက်မှာ ကာမင်းတစ်ယောက်တော့ ထွက်ပြေးမှာပဲလို့ ကျွန်တော် မျှော်လင့်ထားပါတယ်၊ သူဟာ ကျွန်တော့်မြင်းကိုယူပြီး ပြေးလိမ့်မယ်လို့ တွက်ထားပါတယ်၊ ဒါပေမဲ့ သူမပြေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆီညော်၊ ကျွန်တော် ခြောက်လို့ကြောက်ပြီး ထွက်ပြေးတယ်လို့ အထင်မခံချင်လို့နဲ့ တူပါတယ်။

'ကျွန်တော် မရှိခိုက်မှာ သူဟာသူ့ဂါဝန်အနားတွေကို ချုပ်ရိုးဖြေပြီး အထဲက ခဲချောင်းတွေကို ထုတ်ယူနေပါတယ်၊ အခုတော့ သူဟာ စားပွဲတစ်ခုနားမှာ ရပ်နေပါတယ်၊ ရေအပြည့်ထည့်ထားတဲ့ အိုးထဲက သူကိုယ်တိုင် အရည်ကျိုပြီး ချထားတဲ့ ခဲတွေကို ငုံ့ကြည့်နေပါတယ်၊ သူလုပ်နေတဲ့ မှော်အတတ်ပညာ အစီအစဉ်ပေါ်မှာသိပ်စိတ်ဝင်စားနေတဲ့ ကာမင်းဟာ ပထမတော့ ကျွန်တော် ပြန်ရောက်လာတာကို မမြင်ပါဘူး၊ သူဟာ အိုးထဲက ခဲတစ်စကို ထုတ်ယူပြီး ဝမ်းနည်းစိတ်ထိခိုက်တဲ့ မျက်နှာထားနဲ့ သူ့လက်ချောင်းကလေးကြားမှာ ဟိုဘက်လှန်လိုက် သည်ဘက်လှန်လိုက်လုပ်ပြီး ကြည့်နေပါတယ်၊ နောက်ပြီးတော့ မှော်အတတ်ပညာနဲ့ ပတ်သက်တဲ့ ဂျစ်ပစီသီချင်းတစ်ပုဒ်ကို ဆိုနေပါတယ်၊ သူဆိုနေတဲ့သီချင်းက သူတို့ဂျစ်ပစီ မိန်းမတွေ အမြတ်တနိုးပြုရာ မာရီယာပက်ဒီလာ နတ်မိဖုရားကို တိုင်တည်တဲ့ သီချင်းပါ။

'"ကာမင်း"လို့ ကျွန်တော်က သူ့ကို ခေါ်လိုက်ပါတယ်၊ "မင်းအစ်ကိုနဲ့ လိုက်မယ် မဟုတ်လား"

'ကာမင်းက အဖြေမပေးဘူး၊ ထိုင်နေရာက မတ်တတ်ရပ်လိုက်ပြီး စားပွဲပေါ်က အိုးကို လွှင့်ပစ်လိုက်တယ်၊ သူ့ဇာပဝါလေးနဲ့ ခေါင်းမြီးခြုံလိုက်တယ်၊ သွားချင်ရာသွား လိုက်ဖို့အသင့်ဖြစ်ပြီဆိုတဲ့ ပုံစံမျိုးပါ၊ ကျွန်တော့်မြင်းကို သွားယူခဲ့ပါတယ်၊ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါတယ် ဆီညော်။

'ခရီး နည်းနည်းလောက် သွားမိတော့မှ ကျွန်တော်က "မင်း အစ်ကိုနဲ့ လိုက်ဖို့အသင့်ပဲ မဟုတ်လား"လို့ မေးပါတယ်။

'"ကျွန်မ ရှင်နဲ့လိုက်လာတာဟာ သေမင်းနိုင်ငံကို သွားဖို့ပါ၊ ကျွန်မ ရှင်နဲ့ဘယ်တော့မှ အတူတူပြန်ပြီး မနေတော့ဘူး"

'ကျွန်တော်တို့ဟာ အလွန်ကျဉ်းမြောင်းပြီး အထီးကျန်နိုင်လှတဲ့ တောင်ကြားကလေးတစ်ခုအတွင်းကို ရောက်သွားတယ်၊ ကျွန်တော်က မြင်းဇက်ကြိုးကို လျှော့ပေးလိုက်ပါတယ်။

'"ဒီနေရာပဲလား"လို့ ကာမင်းက မေးပြီး မြင်းပေါ် က ခုန်ဆင်းလိုက်တယ်၊ သူ့ခေါင်းက ဇာပဝါကို ဖယ်ချ လိုက်ပြီး သူ့ခြေရင်းကို ပစ်ပေါက်လိုက်ပါတယ်၊ သူဟာ လက်တစ်ဖက်နဲ့ ခါးထောက်ပြီး ရပ်နေတယ်၊ ပြီးတော့ ကျွန်တော့်ကို စူးစူးဝါးဝါး ကြည့်နေတယ်။

'"ရှင် ကျွန်မကို သတ်တော့မလို့ မဟုတ်လား၊ ကျွန်မ ကောင်းကောင်းသိနေပါတယ်"လို့ ပြောတယ်၊ "ရှင်သတ်မှာပါ၊ ဒါပေမဲ့ ရှင်ကျွန်မကို ဒူးထောက် အညံ့ခံအောင် လုပ်လို့မရပါဘူး"

'"အစ်ကို တောင်းပန်ပါရစေ ကာမင်းရယ်"လို့ ကျွန်တော်က ထပ်ပြောပါတယ်၊ "ထပ်ပြီး စဉ်းစားပါဦး အချစ်ရယ်၊ အစ်ကိုပြောတာကို နားထောင်စမ်းပါဦးကွယ်၊ အတိတ်က ဖြစ်ရပ်အားလုံးကို မေ့ပစ်ကြပါစို့၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း အသိပါ၊ ကိုယ့်ဘဝကို ဖျက်ဆီးပစ်ခဲ့တာ မင်းပါ၊ ငါ့သူခိုးဘဝနဲ့ လူသတ်သမားဘဝကို ရောက်ခဲ့ရတာလည်း မင်းကြောင့်ပါ ကာမင်းရယ်၊ အချစ်ရယ် ကိုယ်မင်းကို ကယ်ခွင့်ပြုပါ၊ မင်းနဲ့အတူတူတွဲပြီး အစ်ကို့ဘဝကိုလည်း ပြန်ပြီး အဖတ်ဆယ်ခွင့်ပြုပါ အချစ်ရယ်"

'"ဒီမယ် ဂျိုစီ"လို့ သူက ပြန်ပြောတယ်၊ "ရှင်ဟာ မဖြစ်နိုင်တာတွေကို တောင်းနေတာပဲ၊ ကျွန်မ ရှင့်ကို မချစ်တော့ဘူး၊ ဒါပေမဲ့ ရှင်က အခုထက်ထိ ကျွန်မကို ချစ်နေတုန်းပဲ၊ ဒါကြောင့်မို့လည်း ရှင်ဟာ ကျွန်မကို သတ်မှာပါ၊ ကျွန်မရှင့်ကို လိမ်ချင်ရင် လှည့်စားချင်ရင် လွယ်လွယ်ကလေးရယ်ပါ၊ ဒါပေမဲ့ ဒီဒုက္ခကို ကျွန်မ မလိုချင်တော့ဘူး၊ ကျွန်မတို့နှစ်ယောက်ကြားမှာ ရှိနေသမျှ အရာရာတိုင်းဟာ ပြီးဆုံးသွားပါပြီ၊ ကျွန်မရဲ့ လင်ယောက်ျားအနေနဲ့ ရှင့်ရဲ့ မယားကို ရှင်သတ်ပိုင်ခွင့် ရှိနေပါတယ်၊ ဒါပေမဲ့ ကာမင်းကတော့ လွတ်လပ်နေမှာပါပဲ၊ ကာမင်းဟာ ဂျစ်ပစီအဖြစ် မွေးဖွားလာတယ်၊ ဂျစ်ပစီအဖြစ်နဲ့ပဲ သေမယ်"

'"ဒီလိုဆိုတော့ မင်းက လူးကပ်စ်ကိုပဲ ချစ်တယ်ပေါ့"လို့ ကျွန်တော်က မေးလိုက်တယ်။

'"ဟုတ်တယ် ကျွန်မ သူ့ကို အခိုက်အတန့်တော့ ချစ်တယ်၊ ကျွန်မ ရှင့်ကို ချစ်ခဲ့သလိုပေါ့၊ ရှင့်လောက်တော့ ချစ်ချင်မှ ချစ်မှာပါလေ၊ အခုတော့ ဘာကိုမှ ကျွန်မ မချစ်တော့ဘူး၊ ရှင့်ကို ချစ်ခဲ့မိတဲ့အတွက် ကျွန်မကိုယ်ကျွန်မတောင် မုန်းတယ်"

'ကျွန်တော် သူ့ခြေရင်းမှာ ဒူးနှစ်ဖက်ထောက်ပြီး

www.burmeseclassic.com



ထိုင်ချလိုက်မိပါတယ်၊ ပြီးတော့ သူ့လက်နှစ်ဖက်ကို ဆွဲယူလိုက်ပါတယ်၊ သူ့လက်နှစ်ဖက်စလုံး ကျွန်တော့် မျက်ရည်တွေနဲ့ စိုရွှဲနေပါတယ်၊ သူနဲ့ ကျွန်တော် ချစ်ခဲ့ကြ စဉ်က ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသမျှ အဖြစ်တွေကို သူသတိ ရလာအောင် ပြောပြပါတယ်၊ အားလုံး ပြောပြတာပါ၊ တစ်ခုမှ မကျန်အောင် ပြောပြပါတယ် ဆီညော်၊ သူ ကျွန်တော့်ကိုသာ ပြန်ပြီးချစ်မယ်ဆိုရင် ဘာမဆို ပေးဖို့အထိ လက်ကမ်းခဲ့ပါတယ်။

'"ရှင့်ကို ပြန်ချစ်ရမယ် ဟုတ်လား"လို့ သူက ပြောပါတယ်၊ "ဒါကလုံးဝမဖြစ်နိုင်ဘူး၊ ပြီးတော့ ကျွန်မ ရှင်နဲ့လည်း အတူတူ မနေချင်ဘူး"

'ကျွန်တော့် တစ်ကိုယ်လုံး ပူထူသွားတယ်၊ ဒေါသ အရှိန်ဟာ သိပ်ပြင်းထန်တာပါကလား၊ ကျွန်တော် ဓားကို ဆွဲထုတ်လိုက်တယ်၊ ဓားကိုမြင်ရင် သူကြောက်သွားလိမ့်မယ် လို့ ထင်တယ်၊ ဒူးထောက်ပြီး အသနားခံလိမ့်မယ်လို့တောင် မျှော်လင့်မိတယ်၊ ဒါပေမဲ့ ဒီမိန်းမဟာ မကောင်းဆိုးဝါးမ တစ်ယောက်ပါ ဆီညော်။

'"ငါ မင်းကို နောက်ဆုံးအကြိမ် မေးမယ်"လို့ ကျွန်တော်က ဒေါသတကြီး အော်လိုက်ပါတယ်၊ "မင်း ငါနဲ့နေမှာလား"

'"မနေဘူး၊ မနေဘူး၊ ဘယ်တော့မှ မနေဘူး"လို့ သူက ခြေနှစ်ဖက်ကို ဆောင့်ပြီး ပြန်အော်တယ်၊ သူ့ကို ကျွန်တော် ပေးထားခဲ့တဲ့ လက်စွပ်ကိုချွတ်ပြီး ချုံပုတ်တွေ ဘက်ကို လွှင့်ပစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သူ့ကို ဓားနဲ့နှစ်ချက်ထိုးတယ်၊ ဓားက တစ်ဖက်ကန်း ဂရေစီယာရဲ့ဓား၊ ကျွန်တော် ဂရေစီယာနဲ့ တိုက်ကြတုန်းက ကျွန်တော့်ဓား ကျိုးသွားလို့ ယူထားခဲ့တဲ့ ဓားပါ၊ ဒုတိယအချက်မှာ သူဟာ မြေကြီးပေါ်ကို လဲကျသွားတယ်၊ တစ်ချက်ကလေးမှ မအော်ဘူး၊ ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်နေတဲ့ သူ့မျက်လုံးအနက်ရောင် လှလှတွေကို ကျွန်တော် အခုထက်ထိ မြင်ယောင်နေတုန်းပါပဲ၊ နောက်တော့ ကျွန်တော့်ကို ကြည့်နေတဲ့ သူ့မျက်လုံးတွေဟာ မှုန်မှိုင်းပြီး ပိတ်သွားတယ်။

'ကျွန်တော်ဟာ သူ့အလောင်းဘေးမှာ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိတာ နာရီပေါင်းများစွာ ကြာပါတယ်၊ ဒီနောက်တော့ ဟိုတုန်းက ကာမင်း မကြာမကြာ ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကို သတိရမိပါတယ်၊ သူသေရင် တောအုပ်ထဲမှာပဲ မြေအမြှုပ်ခံချင်တယ်တဲ့၊ ကျွန်တော်ဟာ သူကြိုက်တဲ့ နေရာမှာပဲ သူ့ကို ထိုးခဲ့တဲ့ဓားနဲ့ တွင်းတူးပြီး သူ့အလောင်းကို မြေမြှုပ်ခဲ့ပါတယ်၊ သူလွှင့်ပစ်ခဲ့တဲ့ လက်စွပ်ကို ကျွန်တော် လိုက်ရှာပါတယ်၊ အကြာကြီးရှာတော့မှ ပြန်တွေ့ပါတယ်၊ လက်စွပ်ကို လက်ဝါးကပ်တိုင်လေး တစ်ခုနဲ့အတူ သူ့အလောင်းကို မြေမြှုပ်တဲ့အခါ အလောင်းဘေးမှာ ချထားခဲ့ပါတယ်၊ ကျွန်တော် သူ့ကို အခုလို လုပ်လိုက်တာဟာ မှားချင်လည်း မှားပါလိမ့်မယ်၊ အဲဒီနောက်တော့ ကျွန်တော်ဟာ မြင်းပေါ်တက် ဒုန်းစိုင်းပြီး ကော်ဒိုဗားကို လာခဲ့တယ်၊ ပထမဆုံးတွေ့တဲ့ ကင်းစခန်းမှာ ကျွန်တော့်ကိုယ် ကျွန်တော် အပ်ခဲ့တယ်၊ ကျွန်တော် ကာမင်းကို သတ်ခဲ့တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်၊ ဒါပေမဲ့ သူ့အလောင်းကို ဘယ်နေရာမှာ မြှုပ်ခဲ့တယ်ဆိုတာကိုတော့ မပြောခဲ့ဘူး၊ ကျွန်တော်တွေ့ခဲ့တဲ့ ရသေ့ဟာ သူတော်စင်တစ်ယောက်ပါ၊ သူဟာ ကာမင်း အတွက် ဆုတောင်းပေးမှာပါ၊ သူ့ဝိညာဉ် ကောင်းရာသုဂတိ ရောက်ဖို့လည်း ဆုတောင်းပေးမှာပါပဲ။

'ကာမင်းဟာ သနားစရာပါ ဆီညော်၊ အပြစ်တင်ရမှာက ကာမင်း မဟုတ်ပါဘူး၊ ကာမင်း မွေးဖွားကြီးပြင်းလာခဲ့ရတဲ့ ဂျစ်ပစီ ပတ်ဝန်းကျင်ပါ ဆီညော်'

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတည်းတွင် အခြေတကျမနေဘဲ အမြဲတစေ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်ကျက်စား၊ သွားလာနေထိုင်တတ်သော လူမျိုးများသည် ဥရောပတိုက်တစ်လွှား နေရာအနှံ့အပြား၌ ရှိသည်။ ယင်းတို့မှာ ဘိုဟီးမီးယား၊ ဂျီးတားနော့စ်၊ ဂျစ်ပစီ၊ ဇီဂျီယူးနား စသည်စသည် လူမျိုးများ ဖြစ်၏။ ယင်းတို့ကို အရေအတွက်အများဆုံးတွေ့ရသည့် နိုင်ငံများထဲတွင် စပိန်နိုင်ငံသည်လည်း တစ်နိုင်ငံ အပါအဝင် ဖြစ်သည်။ ထိုလူမျိုးများထဲမှ အများစုသည် စပိန်နိုင်ငံ၏ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ အင်ဒါလူဆီယာ၊ အက်စတီမာဒူရားနှင့် မာစီယာ စသော ပြည်နယ်များတွင် ခြေသလုံးအိမ်တိုင် ဘဝမျိုးဖြင့် နေထိုင်လျက် ရှိကြသည်။ ထိုပြည်နယ်ထဲမှာ လူများသည် ပြင်သစ်နိုင်ငံအတွင်းသို့ နယ်စပ်မှဖြတ်ပြီး ဝင်လာလေ့ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



ရာ သူတို့အား ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ ဈေးများတွင် အများအပြား မြင်ရတတ်၏။

ယောက်ျားများသည် မြင်းကုန်သည်များ၊ တိရစ္ဆာန် ဆေးကုဆရာဝန်များနှင့် လားမွေးညှပ်သူများ ဖြစ်ကြသည်။ ထို့ပြင် ဒန်အိုးဒယ်အိုး ဖာသူများနှင့် ကြေးထည်ပစ္စည်း ပြုပြင်သူများကိုလည်း တွေ့ရ၏။ မှောင်ခိုသမားများနှင့် ဥပဒေအပြင်ဘက်မှ လုပ်ငန်းပေါင်းစုံ လုပ်ကိုင်သူများလည်း ရှိသည်။ မိန်းမများကတော့ ဗေဒင်ဟောကြသည်။ တောင်း ရမ်း စားသောက်ကြသည်။ ဆေးမျိုးစုံ ရောင်းကြသည်။ ဘေးကင်းသော ဆေး၊ ဘေးမကင်းသော ဆေး နှစ်မျိုးစလုံး ကို ရောင်းချကြခြင်း ဖြစ်ပေသည်။

ဤလူမျိုးများထဲတွင် ဂျစ်ပစီများ၏ အသွင်အပြင် လက္ခဏာများသည် အလွန်သိသာ ထင်ရှား၏။ အခြား လူမျိုးပေါင်းစုံ တစ်ထောင်ခန့်အကြားတွင် ဂျစ်ပစီ တစ် ယောက်ရှိနေပါက မြင်ရုံမျှဖြင့် ချက်ချင်း ဂျစ်ပစီမှန်း သိနိုင်၏။ သူတို့၏ မျက်နှာပုံစံနှင့် မျက်နှာထားများက တစ်နိုင်ငံတည်း အတူနေ အခြားလူမျိုးများနှင့် အလွန် ခြားနားကြောင်းကို ဖော်ပြလျက် ရှိသည်။ သူတို့ အသား အရေမှာ မည်းသည်။ အတူနေ အခြားလူမျိုးများထက် ပို၍ မည်းကြ၏။ ထို့ကြောင့်လည်း သူတို့ကိုယ်သူတို့ ကာလီ သို့မဟုတ် အမည်းများဟု ခေါ်ကြခြင်း ဖြစ်လေ သည်။

သူတို့မျက်လုံးများသည် စွေစောင်းစောင်း မျက်ကွင်း ချိုင့်ချိုင့်။ အရောင်က အနက်ရောင် အလွန်နက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမျက်လုံးများကို ရှည်လျားထူထဲသော မျက်တောင်များ က အုပ်မိုးထား၏။ သူတို့ကြည့်ပုံမှာ တိရစ္ဆာန် အရိုင်း တစ်ကောင်၏ ကြည့်ပုံနှင့်တူသည်။ အကြည့်တွင် ရဲဝံ့ခြင်း နှင့် ကြောက်သလိုလို တွန့်ဆုတ်ဆုတ်ရှိခြင်း စသော လက္ခဏာနှစ်ရပ်ကို တစ်ပြိုင်နက်တည်း ဖော်ပြကြသည်။ သူတို့ မျက်လုံးများသည် သူတို့လူမျိုး၏ အကျင့်စရိုက် လက္ခဏာတစ်ရပ်ဖြစ်သော ရဲရင့်ခြင်းနှင့် ကောက်ကျစ် စဉ်းလဲခြင်း ရှိသော်လည်း ပင်ကို စိတ်ဓာတ်အားဖြင့် အကြမ်းဖက်မှုကို ကြောက်လန့်ခြင်း စသည်များကို အထင် အရှား ဖော်ပြနိုင်စွမ်း ရှိကြ၏။

အများအားဖြင့် ယောက်ျား၏ ကိုယ်ခန္ဓာ တည် ဆောက်ပုံသည် ပြေပြစ်သည်။ ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်နှင့် လျင်မြန်ဖျတ်လတ်၏။ ဗိုက်စူ ထွက်နေသော ဂျစ်ပစီယောက်ျားတစ်ယောက်ကို ကျွန်တော် တွေ့ဖူးခဲ့သည် မထင်ပါ။ ဂျာမနီမှာဆိုလျှင် ဂျစ်ပစီများသည် အလွန်ချောကြသည်။ စပိန်နိုင်ငံရှိ ဂျစ်ပစီမများထဲတွင်မူ အချောအလှကို တွေ့ရခဲသည်။ အသက်ငယ်ငယ်အရွယ် တွင် မည်မျှပင် အရုပ်ဆိုးစေကာမူ ဆွဲဆောင်မှုဟူ၍ လုံးဝမရှိသလောက် အကျည်းတန်သည်ဟု မပြောနိုင်ပေ။ သို့သော်လည်း သားသည်အမေဘဝသို့ ရောက်သွားသည့် အခါတွင်မူ သူတို့အားလုံး အနားကပ်ချင်စိတ် မရှိလောက် အောင် မသတီစရာ ဖြစ်လာလေတော့သည်။

ဂျစ်ပစီယောက်ျားရော မိန်းမပါ အလွန်ညစ်ပတ် ကြသည်။ သူတို့အားလုံး ယုံကြည်နိုင်ဖွယ်ရာ မရှိလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ညစ်ပတ်ကြသည်ဟု ဆိုရမည်။ အိမ်ထောင်သည် ဂျစ်ပစီမတစ်ယောက်၏ ဆံပင်ကို မမြင်ဖူးသူ တစ်ဦးသည် ပင်လျှင် သူတို့၏ဆံပင် မည်မျှလောက် ကြည့်ရဆိုးသည်ကို စိတ်ကူးဖြင့် မှန်းဆနိုင်လိမ့်မည် ထင်ပါသည်။ သူတို့ဆံပင်များသည် အလွန်မာကျော ကြမ်းတမ်းသည်။ ဆီရွှဲရွှဲနေသဖြင့် အရောင်တလက်လက် ဖြစ်နေသည်။ တွန့်လိမ်ခွေလိပ်ကာ ထိုးထိုးထောင်ထောင် နိုင်လွန်းသည်။

အင်ဒါလူဆီယန် ပြည်နယ်အတွင်းရှိ အချို့မြို့ကြီးများ၌ တွေ့ရသောဂျစ်ပစီ မကလေးတချို့သည် အခြားမြို့များမှ ဂျစ်ပစီမလေးများထက် ပို၍ ဆွဲဆောင်မှု ရှိကြသည်။ သူတို့ကိုယ်သူတို့လည်း ဂရုတစိုက် အလှပြင်ကြသည်။ ထိုမိန်းကလေးများသည် အခကြေးငွေယူသော ကချေသည်မများ ဖြစ်ကြ၏။ သူတို့အကများသည် ကျွန်တော်တို့နိုင်ငံ၌ အများပြည်သူတို့ ပါဝင်သော ကပွဲများနှင့် အထူးပွဲတော်များ၌ ပိတ်ပင်တားမြစ်ထားသည့် အကမျိုး ဖြစ်လေ၏။

သမ္မာကျမ်းစာအသင်းကြီး၏ ကိုယ်စားလှယ်အဖြစ် ခရစ်ယာန်ဘာသာဝင်များ တိုးတက်များပြားလာအောင် သိမ်းသွင်းခဲ့ရသော အင်္ဂလိပ်လူမျိုး သာသနာပြုပုဂ္ဂိုလ် မစ္စတာဘောရိုးသည် စပိန်ဂျစ်ပစီများနှင့် ပတ်သက်၍ အလွန် စိတ်ဝင်စားဖွယ်ကောင်းသည့် စာအုပ်နှစ်အုပ် ရေးခဲ့သည်။ သူက ဂျစ်ပစီမများ၏ ရိုးသားစင်ကြယ်မှုကို များစွာ အလေးအနက်ပြု၍ ရေးသားခဲ့၏။

ကျွန်တော့်အမြင်ကို ပြောရမည်ဆိုပါမူ ဂျစ်ပစီမများ



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစင်ကြယ်မှုနှင့် ပတ်သက်၍ သူ၏ ချီးကျူးချက်များ သည် တစ်ဆိတ်လွန်လွန်းသည်ဟု ထင်သည်။ ဂျစ်ပစီမ အများစု၏ စင်ကြယ်မှုမှာ အကျည်းတန် အရုပ်ဆိုးမှုပေါ် တွင် အခြေခံသည်ဟု ယူဆပါသည်။ 'ဘယ်သူကမှ မပိုး မပန်းသော မိန်းမတစ်ယောက်သည် ဖြူစင်သန့်ရှင်းသည်' ဟူသော ဂျစ်ပစီစကားပုံအတိုင်း ဖြစ်လိမ့်မည်ဟု ထင်ပါ သည်။

ဂျစ်ပစီမိန်းမချော မိန်းမလှများကျတော့ စပိန်မများ နှင့် သဘောသဘာဝ အတူတူပင် ဖြစ်သည်ကို တွေ့ရပါ သည်။ ချစ်သူအမျိုးသားကို ရွေးချယ်ရာ၌လည်း အလွန်ဇီဇာ ကြောင်သည်။ ယောကျာ်းတစ်ယောက်သည် သူတို့အတွက် ဆွဲဆောင်မှု ရှိရမည်။ သူတို့အချစ်နှင့် ထိုက်တန်သော အရည်အချင်း ရှိရမည်။

ဂျစ်ပစီမတို့၏ ရိုးသားဖြူစင်မှုနှင့် ပတ်သက်၍ မစ္စတာ ဘောရိုးက ဖြစ်ရပ်တစ်ခုကို လက်တွေ့သာဓက တစ်ခုအဖြစ် တင်ပြခဲ့ရာ ယင်းတင်ပြချက်သည် ဂျစ်ပစီမ များ၏ ရိုးသားဖြူစင်မှုထက် မစ္စတာဘောရိုး၏ ရိုးသား ဖြူစင်မှုကို ပို၍ ထင်ရှားအောင် ဖော်ပြသလို ဖြစ်နေသည်။ မစ္စတာဘောရိုး၏ အဆိုအရ ကိုယ်ကျင့်တရား မကောင်း သော သူ့မိတ်ဆွေ တစ်ဦးသည် အလွန်ချောသည့် ဂျီတာနာ (ဂျစ်ပစီမ)တစ်ယောက်အား ရွှေအောင်စ အတော်များများ ပေး၍ သူ့အလိုလိုက်ရန် သွေးဆောင်ခဲ့ဖူးသည်။ သို့သော် လည်း မိန်းကလေးက လက်မခံခဲ့ဟု ဆိုသည်။ ဤ အကြောင်းကို ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော အင်ဒါလူ



www.burmeseclassic.com

www.burmeseclassic.com



ဆီယန် မိတ်ဆွေတစ်ဦးအား ပြောပြခဲ့ရာ သူက ထိုဖြစ်ရပ်ထဲမှ ဇာတ်လိုက်ဖြစ်သော ကိုယ်ကျင့်တရား မကောင်းသူသည် ဂျစ်ပစီမကလေးအား ရွှေအစား ပီယက်စတာနှစ်ပြားသုံးပြားပြလျှင် ပို၍ ကံကောင်းနိုင်သည်ဟု ပြောပါသည်။ ဂျစ်ပစီမတစ်ယောက်အား ရွှေပြပြီး ကိုယ့်အလိုလိုက်ဖို့ ကြိုးစားခြင်းသည် အလွန်ညံ့ဖျင်းသော နည်းတစ်နည်းဖြစ်သည်ဟု သူထင်ကြောင်း၊ ထိုနည်းလမ်းသည် ထမင်းဆိုင်တစ်ဆိုင်မှ အစေခံမတစ်ဦးအား ငွေတစ်သန်းနှစ်သန်း ပေးမည်ဟု ကတိပေးသောနည်းနှင့် တူကြောင်း အခိုင်အမာပြောသည်။

ဂျစ်ပစီမများအနေဖြင့် သူတို့၏ လင်သားများအပေါ်၌ အလွန်ချစ်ခင် တွယ်တာသည်မှာကား အမှန်ပင်ဖြစ်ပါသည်။ သူတို့၏ လင်သားများ၏ အလိုဆန္ဒများကို ဖြည့်ဆည်းရာ၌ကား အလွန်ထူးခြားသည်။ အမျိုးမျိုးသည်းခံ၍ ဖြည့်စွမ်းပေးတတ်ကြသည်။ ဂျစ်ပစီစကား 'ရိုမီ'သည် 'အိမ်ထောင်သည်'ကို ဆိုခြင်း ဖြစ်၏။ သူတို့လူမျိုးအနေဖြင့် 'အိမ်ထောင်သည်ဘဝ'ကို အလေးအနက်ထားကြ၏။

ထို့ပြင် သူတို့သည် 'မျိုးချစ်စိတ်'ကို အလွန်မွန်မြတ်သည့် စိတ်အဖြစ် သဘောထားကြ၏။ ဤသဘောထားကို သူတို့လူမျိုးချင်း ဆက်ဆံရာ၌ အထင်အရှား မြင်တွေ့ကြရသည်။ သူတို့လူမျိုးဆိုလျှင် ရက်ရက်ရောရော ကူညီတတ်ကြသည်။ သူတို့လူမျိုးများအကြား၌ ထားရှိသော လျှို့ဝှက်ချက်ကို မည်သည့်နည်းနှင့်မှ မပေါက်ကြားအောင် ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြ၏။ ဤအချက်နှင့် ပတ်သက်၍ တရားဥပဒေ အပြင်ဘက်၌ ဖွဲ့စည်းထားသော လျှို့ဝှက်အသင်းအဖွဲ့များ၏ ဆောင်ရွက်မှုများကိုကြည့်လျှင် သိသာနိုင်လေသည်။

ကျွန်တော် ဖော့စ်ဂက်စ်မြို့ရှိ ဂျစ်ပစီများအကြားသို့ အလည်တစ်ခေါက် ရောက်ခဲ့ဖူးပါသည်။ ကျွန်တော် အလည်သွားခဲ့သည့် အဘွားကြီးမှာ အိုမင်းလှပြီ။ အတူနေ ဂျစ်ပစီလူမျိုးထဲတွင် အသက်အကြီးဆုံး ဖြစ်သည်။ ထိုစဉ်က သူ့တဲအတွင်း၌ သေလောက်သည့် ရောဂါတစ်ခု စွဲကပ်နေသော ဂျစ်ပစီတစ်ဦး ရှိနေသည်။ ယင်းနာတာရှည် ရောဂါသည် ဂျစ်ပစီမှာ အဘွားကြီးမိသားစုနှင့် လုံးဝ သွေးသွားတော်စပ်သူတစ်ဦး မဟုတ်ပါ။ ထိုလူသည် ဆေးရုံ၌ ကောင်းစွာပြုစုကုသမှုကို ခံယူနေရာမှ သူသေလျှင် သူ့လူမျိုးများအကြား၌ သေချင်သည်ဟုဆိုကာ ဆေးရုံမှ ဆင်းလာခြင်း ဖြစ်၏။

အဘွားကြီး၏ တဲအတွင်းသို့ သူရောက်နေသည်မှာ ရက်သတ္တပတ် ဆယ့်သုံးပတ်ပင် ရှိခဲ့ပြီ။ အဘွားကြီးမိသားစုက ကောင်းစွာ ပြုစုစောင့်ရှောက်ပေးထားကြသည်။ အဘွားကြီးမိသားစု၏ ပြုစုစောင့်ရှောက်ပေးမှုသည် ထိုလူ၏ သားများနှင့် သမက်များက ပြုစုစောင့်ရှောက်သည်ထက်ပင် အဆများစွာ သာနေသည်။

သူ့ကို ကောက်ရိုးအိပ်ရာထက်၌ သန့်ရှင်းစင်ကြယ်သော အိပ်ရာခင်းများခင်းကာ သက်သောင့်သက်သာဖြစ်အောင် ထားကြသည်။ လူဆယ့်တစ်ယောက်ရှိသော အဘွားကြီး မိသားစုကတော့ သုံးပေမျှရှိသည့် ပျဉ်ပြားများကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခင်းပြီး အိပ်ကြသည်။ အပြစ်ရှာမရနိုင်လောက်အောင် ပြည့်စုံသည့် ဧည့်ဝတ်ကျေပွန်မှုတစ်ရပ် ဖြစ်၏။ သူ၏ ဧည့်သည်အပေါ်၌ လူ့ဝတ္တရားကျေပွန်လှသည့် အိမ်ရှင် အဘွားကြီးက ထိုလူ၏ရှေ့မှာပင် 'သူက မကြာခင် သေတော့မှာပါ'ဟု ပြောသည်။ ဖြစ်သလိုနေ ဖြစ်သလိုစား၍ ဘဝကို ထူထောင်နေကြသော ဤလူစုသည် သေခြင်းတရားကို လုံးဝအကြောက်အလန့် မရှိကြပေ။

ဂျစ်ပစီတို့၏ အကျင့်စရိုက်နှင့် ပတ်သက်၍ ထူးခြားချက်တစ်ခုမှာ ဘာသာရေးကို များစွာအလေးအနက် မထားကြခြင်းပင် ဖြစ်သည်။ အလေးအနက်မထားဟု ဆိုလိုက်သဖြင့် သူတို့အား ဓလေ့ထုံးစံများကို မနာယူဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာ တွေးခေါ်နေသူများဟု ပြော၍မရပေ။ ဘုရားမဲ့ ဝါဒီများဟု သတ်မှတ်၍ မရပေ။ ဘုရားမဲ့ဝါဒီများဟု စွပ်စွဲနိုင်သည့် လုပ်ရပ်များကို သူတို့ ဘယ်တော့မှ မလုပ်ကြပေ။ အမှန်တော့ သူတို့ မှီတင်းနေထိုင်ရာ နိုင်ငံ၏ ဘာသာတရားသည် သူတို့၏ ဘာသာပင် ဖြစ်သည်။ သူတို့နိုင်ငံပြောင်းလျှင်ဘာသာတရားလည်း ပြောင်းသွားတတ်၏။

ထိုနည်းတူစွာပင် ဂျစ်ပစီတို့သည် ခေတ်နောက်ကျသော လူမျိုးစုများအကြား၌ တွေ့ရတတ်သည့် အယူသီးမှုများ အစွဲအလမ်းကြီးမှုများကို လက်မခံကြပေ။ အခြားလူများ၏ ယုံကြည်စိတ်ချမှုအပေါ် အမှီပြု၍ နေရသော လူမျိုးများကြားတွင် အယူသီးမှုသည် ဘယ်လို လုပ်ပြီး တည်ရှိနိုင်ပါမည်နည်း။ မည်သို့ပင်ဖြစ်စေ စပိန်



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီများအကြားတွင် လူသေကောင်ကို မထိရဲမကိုင်ရဲသော ထူးဆန်းသည့် ကြောက်လန့်မှုတစ်ခုကို ကျွန်တော် တွေ့ခဲ့ဖူးပါသည်။ လူသေကို သုသာန်သို့ သယ်ပို့ပေးရန် သဘောတူသည့် ဂျစ်ပစီဆို၍ အနည်းငယ်မျှသာ ရှိလေသည်။

ကျွန်တော် တွေ့ဖူးခဲ့သမျှ ဂျစ်ပစီမိန်းမအများစုသည် ဗေဒင်ဟောကြသည်။ ထူးခြားပြောင်မြောက်စွာ ဟောနိုင်ကြသည်ကို တွေ့ရပါသည်။ သို့သော် သူတို့၏ အဓိက ဝင်ငွေရရာလမ်းကြောင်းမှာ ပီယဆေးများ ရောင်းချသည့် လုပ်ငန်းဖြစ်၏။ စိတ်မတည်တံ့သူများအား တည်ငြိမ်စွဲလမ်းလာအောင် လုပ်ပေးနိုင်သည့် ဆေးစီရင်ထားသော ဖားပြုပ်ခြေထောက်များနှင့်၊ မချစ်သူက ချစ်လာအောင် စွမ်းဆောင်ပေးနိုင်သည့် အဆောင်ကျောက်များ ရောင်းချခြင်း စသည်များ ဖြစ်သည်။ လိုအပ်လာသည့်အခါ သရဲတစ္ဆေစသော မကောင်းဆိုးရွား နာနာဘာဝများ၏ အကူအညီကိုရစေရန် ဂါထာမန္တန်များ ရွတ်ဖတ်မန်းမှုတ်ပေးလေ့ရှိ၏။

စပိန်အမျိုးသမီးတစ်ဦးက ကျွန်တော့်အား သူ့ကိုယ်တွေ့အဖြစ်ကို ပြောပြဖူး၏။ တစ်နေ့တွင် သူသည် အယ်လ်ကာလာလမ်းအတိုင်း အလွန်ကြေကွဲ ဝမ်းနည်းစွာဖြင့် လျှောက်သွားလျက် ရှိသည်။ သူ့အတွေးနှင့်သူဖြစ်၍ ပတ်ဝန်းကျင်ကို သတိမထားမိ။ ထိုအခိုက်တွင် လမ်းဘေး ပလက်ဖောင်းပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်နေသော ဂျစ်ပစီမိန်းမကြီးတစ်ယောက်က သူ့ကို လှမ်းပြောသည်။ 'ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူက ရှင့်ကို လှည့်စားသွားပြီ မဟုတ်လား' (ထိုစကားသည် မှန်နေသည်) 'သူ့ကို ရှင့်ဆီ ပြန်လာအောင် လုပ်ပေးစေချင်သလား'လူတို့၏ သဘောသဘာဝအတိုင်းပင် ဖြစ်သည်။ ဂျစ်ပစီမ၏အဆိုကို စပိန်အမျိုးသမီးက ဝမ်းသာအားရ လက်ခံသည်။ တစ်ချက်ကလေး မြင်ရုံမျှဖြင့် သိနိုင်ရန် ခက်ခဲလှသော နှလုံးသား လျှို့ဝှက်ချက်များကို ဖော်ပြနိုင်စွမ်းရှိခြင်းသည် ယုံကြည်အားကိုးချင်စိတ်ကို ဖြစ်ပေါ်စေနိုင်သည် မဟုတ်ပါလော။ သို့သော် လူသူအလွန်စည်ကားသည့် မက်ဒရစ်မြို့တွင်း လမ်းမကြီး၏ဘေး၌ ဤကိစ္စမျိုး လုပ်ရသည်မှာ လွယ်သည်မဟုတ်။ ထို့ကြောင့် နောက်တစ်ရက်တွင် စီမံဆောင်ရွက်ရန် ချိန်းလိုက်သည်။

'သစ္စာမဲ့တဲ့ လူတစ်ယောက်ကိုရှင့်ခြေရင်းမှာ ဝပ်စင်းလာအောင် လုပ်တဲ့အလုပ်ဟာ အလွယ်ဆုံးအလုပ်တစ်ခုပါ' ဟု ဂျီတာနာ (ဂျစ်ပစီမ)က ပြောသည်။ 'သူက ရှင့်ကို ပေးခဲ့တဲ့ လက်ကိုင်ပဝါ ဒါမှမဟုတ် ပိုးလည်စည်း ဒါမှမဟုတ် ခြုံပဝါတစ်ထည်လောက်ရမလား'ဟု မေးသည်။ ပိုးလည်စည်းတစ်ထည်ကို စပိန်အမျိုးသမီးက ထုတ်ပေးလိုက်၏။ 'ကဲ... ကြက်သွေးရောင် ပိုးစတစ်စ သွားယူ၊ ဟောဒီထောင့်မှာ ပီယက်စတာတစ်ပြားထည့်ပြီး ချုပ်လိုက်၊ ဟောဟိုထောင့်မှာ ပီယက်စတာ ပြားဝက်ကို ထည့်ချုပ်၊ ပြီးရင်ရွှေဒင်္ဂါးတစ်ပြားကို အလယ်မှာ ထည့်ချုပ်လိုက်၊ မသုံးတော့တဲ့ စပိန်ရှေးဟောင်း ရွှေဒင်္ဂါးပြားရရင် အကောင်းဆုံးပဲ'



www.burmeseclassic.com

www.burmeseclassic.com



မသုံးတော့သည့် ရွှေဒင်္ဂါးပြားနှင့် ပီယက်စတာပြား အားလုံးကို သူခိုင်းသည့်အတိုင်း ချုပ်လိုက်သည်။ ပြီးသွားသောအခါ 'ကဲ... လည်စည်းကိုပေး၊ ကျွန်မ ကနေ့ည သန်းခေါင်မှာ ကင်ပိုဆန်ကို ယူသွားမယ်၊ စုန်းအတတ်ပညာနဲ့ လုပ်ပုံကိုင်ပုံကို ကြည့်ချင်ရင်တော့ ရှင်ပါလိုက်ခဲ့၊ ရှင်ချစ်တဲ့လူနဲ့ ရှင်နဲ့ ပြန်ပေါင်းထုပ်စေရမယ်၊ မနက်ဖြန်ထက် နောက်မကျစေရဘူးဆိုတာ ကျွန်မ ကတိပြုတယ်'

စပိန်အမျိုးသမီးက မကောင်းဆိုးဝါးများကို မကြည့်ရဲ၍ လိုက်မသွား။ ဂျစ်ပစီမတစ်ယောက်တည်းပင် ဆန်တိုလမ်းသို့ သွားသည်။ ချစ်သူ၏ အစွန့်ပစ်ကို ခံနေရရှာသော စပိန်အမျိုးသမီး သူ့ချစ်သူနှင့်ပဲ ပြန်တွေ့ရသလား၊ သို့မဟုတ် သူ့လည်စည်းပဝါနှင့်ပင် ပြန်ဆုံသလားဟူသော အချက်ကိုမူ စာဖတ်သူများနေဖြင့် မိမိတို့ဘာသာ မိမိတို့ ဆင်ခြင်စဉ်းစားကြည့်စေလိုပါသည်။

ဆင်းရဲပင် ဆင်းရဲငြားသော်လည်း ဂျစ်ပစီပညာမဲ့များသည် အစဉ်းစားအဆင်ခြင် ရှိကြသည်။ ထိုဆင်ခြင်စဉ်းစားတတ်သော အလေ့အထအတွက် ဂုဏ်ယူကြသည်။ သူတို့၏ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုအတွက် သူတို့ကိုယ်သူတို့ အဆင့်အတန်းမြင့်သော လူမျိုးတစ်မျိုးဟု သိကြသည်။ 'ဂျင်တင်းလူမျိုးတွေဟာ အသိဉာဏ် မရှိကြဘူး'ဟု ဖော့စ်ဂက်စ်မြို့မှ ဂျစ်ပစီမတစ်ဦးက ကျွန်တော့်ကို ပြောဖူး၏။ 'သူတို့ကို အရူးလုပ်ရတာ ဂုဏ်မရှိဘူး၊ ဟိုတစ်လောက လယ်သူမတစ်ယောက်က ကျွန်မကို လှမ်းခေါ်လို့ သူ့အိမ်ထဲ လိုက်သွားတယ်၊ သူ့မီးဖိုက မီးခိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေတယ်၊ မီးခိုးတွေ မထွက်အောင် မန်းမှုတ်ပေးပါလို့ ကျွန်မကို ပြောတယ်၊ ကျွန်မက ဝက်ပေါင်ခြောက်တစ်ခု တောင်းပြီး ရိုမင်နီစကားနဲ့ နည်းနည်းပါးပါး ရွတ်လိုက် ဖတ်လိုက်တယ်၊ "ရှင်ဟာ အရူးတစ်ယောက်ပါလား"လို့ ကျွန်မက ပြောတယ်၊ "အရူးတစ်ယောက်အဖြစ် မွေးလာ တဲ့ ရှင်ဟာ အရူးတစ်ယောက်အဖြစ်နဲ့ပဲ သေမှာ"၊ ကျွန်မ ပြန်ထွက်လာလို့ တံခါးဝလည်း ရောက်ရော ကျွန်မက သူ့ကို ဂျာမန်စကားနဲ့ ပြောလိုက်တယ်၊ "ရှင့်မီးဖိုက မီးခိုးမထွက်နိုင်အောင်လုပ်ဖို့ အကောင်းဆုံးနည်းကတော့ မီးမမွေးဖို့ပဲ"ပြောလည်းပြီးရော ကျွန်မ ထွက်ပြေးလာခဲ့ တယ်'

ဂျစ်ပစီတို့၏ သမိုင်းမှာ ယခုအချိန်ထိ မသေမချာ မရေမရာပင် ဖြစ်သည်။ ပထမဦးစွာ ဂျစ်ပစီအုပ်စု တစ်စု သည် ဆယ့်ငါးရာစုအစခန့်၌ အရှေ့ပိုင်းဥရောပနိုင်ငံများသို့ ရောက်လာကြသည်၊ သို့သော် သူတို့ ဘယ်ဒေသက လာကြသည်။ ဘာကြောင့် ဥရောပတိုက်ထဲ ရောက်လာကြ သည်ကိုမူ မည်သူမှ အတိအကျမသိ မပြောနိုင်ကြ။ ထို့ထက်ပို၍ ထူးဆန်းသည်မှာ အခြားမဟုတ်။ အချိန် ကာလ မကြာလိုက်သေးခင် ထိုဘက်ပိုင်းရှိ နိုင်ငံအများ အပြား၌ ဂျစ်ပစီလူမျိုး အရေအတွက် လျှင်မြန်စွာ တိုးတက် များပြားလာခြင်း ဖြစ်သည်။ ဂျစ်ပစီများ ကိုယ်တိုင်ကလည်း သူတို့၏ မူလအစနှင့် ပတ်သက်၍ ရှေးဟောင်းဓလေ့ထုံးစံ များကို ထိန်းသိမ်းထားခြင်း မရှိကြ။

ဂျစ်ပစီအများစုက သူတို့၏ မူလဇာတိနိုင်ငံသည်



www.burmeseclassic.com

www.burmeseclassic.com



အီဂျစ်နိုင်ငံ ဖြစ်ပါသည်ဟု ဆိုကြ၏။ ထိုသို့ ပြောကြခြင်းမှာ သူတို့လူမျိုးနှင့် ပတ်သက်၍ အီဂျစ်ရှေးဟောင်းပုံပြင်တစ်ခုကို ယူထားခြင်းကြောင့် ဖြစ်လေသည်။

ဂျစ်ပစီဘာသာစကားကို လေ့လာခဲ့ကြသော အရှေ့တိုင်း ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များကမူ ဂျစ်ပစီတို့သည် အိန္ဒိယမှလာခြင်း ဖြစ်သည်ဟု ယုံကြည်နေကြသည်။ ယင်းကဲ့သို့ ယုံကြည်ကြခြင်းမှာ ဂျစ်ပစီတို့သုံးနေသော ရိုမေနီဘာသာစကား၏ သဒ္ဒါဖွဲ့စည်းပုံများနှင့် စကားအသုံးအနှုန်းများထဲမှ အများစုသည် သက္ကတ ဘာသာစကားမှ ဆင်းသက်လာသည့် စကားများဖြစ်နေသည်ကို တွေ့ရသောကြောင့်ပေတည်း။

စဉ်းစားမည်ဆိုပါက ဂျစ်ပစီများသည် သူတို့လှည့်လည်ကျက်စားခဲ့ရာ နိုင်ငံများစွာမှ နိုင်ငံခြားဘာသာစကားလုံးများကို သူတို့ ဘာသာစကားအဖြစ် ထည့်သွင်းသုံးစွဲနေကြသည်ကို စဉ်းစားဖွယ်ရာ ရှိသည်။ အုပ်စုအလိုက် ပြောဆိုသုံးစွဲနေကြသော ရိုမေနီစကားများတွင် ဂရိစကားလုံးအများအပြားကို တွေ့ရနိုင်ပေသည်။

ယခုအခါတွင် ဂျစ်ပစီတို့သည် လူမျိုးအုပ်စုလိုက် ကွဲပြားခြားနားနေသည်နှင့်အမျှ ပြောဆိုနေကြသော ဘာသာစကားများလည်း ကွဲပြားခြားနားလာကြသည်။ အများအားဖြင့်မူ သူတို့သည် သူတို့နေထိုင်ရာ နိုင်ငံ၏ ဘာသာစကားကိုပင် ပြောဆိုနေကြသည်။ ကိုယ်နေထိုင်ရာနိုင်ငံ၏ ဘာသာစကားကို ပြောဆိုဆက်သွယ်ရခြင်းသည် ကိုယ့်ဘာသာစကား ပြောရခြင်းထက် ဂျစ်ပစီများအဖို့ လွယ်ကူနေ



www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်ပါလော။

ဤမျှဆိုလျှင် 'ကာမင်း' စာဖတ်ပရိသတ်အတွက် ကျွန်တော် လေ့လာတင်ပြသည့် ဂျစ်ပစီတို့အကြောင်းသည် အထိုက်အလျောက် အထောက်အကူ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။


**မောင်ထွန်းသူ**

**၁၉၈၈ ခုနှစ်၊ မေလ ၉ ရက်။**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com